အဒ္ဓါနမဂ္ဂပ္ပဋိပန္နဿ....ဟူသောပုဒ်ကို။ ၊ပဋိပဇ္ဇတိ ဂစ္ဆတိတိ ပဋိပန္နော။ ။ရဟာန်းရေ၏။ ။အာဒ္ဓါနမေဝ မဂ္ဂေါ-အာဒ္ဓါနမဂ္ဂေါ။ ။အာဒ္ဓါနမဂ္ဂံ ပဋိပန္နော အာဒ္ဓါနမဂ္ဂပ္ပဋိပန္နော၊ဝေဿသ။ ။ဟူပြု။ ။အဓိပ္ပါယ်ကား။ ။ယူဇနာခွဲခရီးသည် အာဒ္ဓါနမဂ္ဂမည်၏။ ယူရာအရပ်မှ သုံးယူဇနာ-အတိုင်း အရှည်ရှိသောအရင်သို့ မိမိလက်ဖြင့် သိုးမွေးထုပ်ကို ဆောင်အပ်၏။ သူ

တပါးကို ဆောင်စေပါမူကား၊သုံးယူဖနာထက်လွန်သော်လည်း အာပြစ်မရှိ။ ပိမိကိုယ်ဘိုင်မူကား၊ ယုတ်သောအားဖြင့် လေနာကိုကုခြင်းငှါ ချည်ကြိုးငယ်ဖြင့်ဘွဲ့၍၊နားပေါက်၌ထည့်အပ်သောသိုးမွေးတို့ကိုမူလည်းယူ၍၊သုံးယူဖနာကို ဘဝါးတလှမ်းမျှ လွန်စေသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ နှစ်ခုမြောက်သော ဘဝါးလှမ်းကို လွန်သည်ရှိသော်၊နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။ သုံးယူဖနာအတွင်းမှနေ၍၊ အပသို့ပစ်အံ့။ နိဿဂ္ဂိယပါစိတ် အာပတ်သင့်၏။ ။(အာကျယ်ကိုမူ အဋ္ဌကထာ၌ ရှုလင့်ကုန်။)

ပညပ်ဘော်မူစခြင်း အကြောင်းခင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည်မှန်၊ဇေတဝန ဂ္ဂရကျောင်း၌၊ ကိန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊ မထင်ရှားသော ရဟန်းတပါးသည်၊ ကောသလတိုင်း သာဝတ္ထိပြည်လို့သွားလေသော်၊ ခရီးအကြား၌ သိုးမွေးတို့ကိုရ၍၊ ကိုယ်ဝတ်သက်နှံးဖြင့် ထုပ်ယူခဲ့သည်ကို၊လူတို့ဖြင့်၍ မျှားစွာလျှောင်ပြောင်ကဲ့ရဲ့ကြခြင်း တည်းဟူသော အကြောင်းကြောင့် ပညပ်တော်မူသည်။

အဓိ၏....၁-ချည်ကြိုးစသည်တို့ဖြင့်ဘွဲ့၍မယူအပ်သော သိုးမွေးထုပ်၏ အဖြစ်၊၂-ရှေးဦးစွာရခြင်း၊၃-မိမိယူ၍ဖြင့်,သူတပါးမသိစဉ်၊ယာဉ်၌ ထည့်၍ဖြင့်, သုံးယူဖနာကို လွန်စေခြင်း၊၄-အသွားအပြန် ဆောင်ခြင်းမရှိခြင်း၊၅-ရောက်ရာကျောင်း၌မနေလိုခြင်း။ဤအင်္ဂါငါးပါးပြည့်စုံမှအာပတ်သင့်၏။

ဇွန်ကလောမသိက္ခာပုဒ်အဘွင့် ပြီးပြီ။

၁၇-ဇွန်ကလောမဒေဝါပနသိက္ခာပုဒ် အဘွင့်။

၃၆-၁၇။ ။ယော ပန ဘိက္ခု အညာတိကာယ ဘိက္ခုနိယာ ဇွန်ကလောမာနိဒေဝါပေယျဝါ။ပ။နိဿဂ္ဂိယံ ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည် ဆွေမျိုးမတော်သော ဘိက္ခုနီမအား သိုးမွေးတို့ကို ဖွပ်မူလည်းဖွပ်စေငြားအံ့။ ဆိုးမူလည်းဆိုးစေငြားအံ့။ ရှုပ်သွေးသည်ကိုဖြေမူသည်းဖြေစေငြားအံ့။ထိုရဟန်းအား နိဿဂ္ဂိယပါစိတ်အာပတ် သင့်၏ ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

ပညဝိဇဇာမူခရခြင်း အစကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွဋ်တင်၊ ဘုရားရှင်သည်၊ သက္ကတိုင်းကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်း၌၊ သိတင်းသုံးတော်မူစဉ်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည်၊ဘိက္ခုနီမများအား ပါဠိအဋ္ဌကထာသင်ကြားခြင်းခွင့်မရှိအောင်၊သိုးမွေးတို့ကို ဖွင်လျှော်စေခြင်းစသော အကြောင်းကြောင့် ပညတ်တော်မူသည်။ ။စိဝရဓောဝါပနသိက္ခာပုဒ်ကဲ့သို့ အာဂါသုံးပါးတည်း။

ဇဋ္ဌကလောမဓောဝါပနသိက္ခာပုဒ်အာဒွင့် ပြီးပြီ။

၁၈-ရူပိယသိက္ခာပုဒ် အာဒွင့်။

၃၇-၁၈။ ။ယောပန ဘိက္ခု၊ ဇာတရူပရဇတံ ဥဋ္ဌဏ္ဍေယျဝါ ဥဋ္ဌဏ္ဍာပေယျဝါ။ပ။နိဿဋ္ဌိယံ ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည်၊ ငွေ,ငွေကို ငါမိမိလည်းခံငြားအံ့။ သူတပါးကိုမူလည်း ခံစေငြားအံ့။ အနီးသို့ဆောင်၍ လှူဒါန်းသည်ကိုမူလည်း သာယာငြားအံ့။ထိုရဟန်းဒါန း နိဿဋ္ဌပါစိတ် အာပတ်သင့်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

အဝယဝဏ္ဏ-အဓိပ္ပါယ်။

ဇာတရူပရဇတံ....ဟူသောပုဒ်၌၊ ဇာတရူပ-အရကား၊ ငွေကိုယူ။ရဇတ-အရ၊ငွေကိုယူ။ ။တနည်း၊ရဇတ၏အရ၊အသပြာ,သံဖြင့် ပြုအပ်သော ပဲ,သစ်သားဖြင့်, ပြုအပ်သောပဲ, ချိပ်ဖြင့် ပြုအပ်သောပဲ,စသည်တို့ကိုဂင်း၊ ရောင်းဝယ်၍ ရသမျှသော ငွေစက္ကူ။,ပဲစေ့စသော အလုံးစုံတို့ကိုဂင်း;ယူအပ်ကုန်၏။ ။ကဟာပဏ,၏အရလည်း၊ ငွေစင်ဒင်္ဂါး,ငွေစင်ဒင်္ဂါး ယခုကာလသုံး ငွေဒင်္ဂါးဟု ဆိုအပ်သောပကတိဒင်္ဂါးကိုယူ။ ထိုအလုံးစုံသည် ရဇတမည်၏။

ဥဋ္ဌဏ္ဍေယျဝါ ဥဋ္ဌဏ္ဍာပေယျဝါ....ဟူသည်ကား၊ မိမိအကျိုးငှါ လူအင်သော ဇာတရူပ,ရဇတကိုဖြစ်စေ,တစုံတရာသောအရပ်၌ တည်သော

သူတပါး သိမ်းဆည်းထားအပ်သော ဇာတရူပ,ရွှေတကို ဖြစ်စေ,ကိုယ် တိုင်မူလည်းခံငြားအံ့။သူတပါးကိုမူသည်း အလှူခံစေငြားအံ့။ ။ဟူလို။

ဥပနိက္ခိတ္တံဝါသာဒိယေယျ....ဟူသည်ကား၊အာရုဂ်ဘုရားအား လှူပါ ဖို့ဟုဆို၍ မျက်မှောက်၌ လှူထားအပ်သော ဇာတရူပ,ရွှေဘကို ဖြစ်စေ၊ ဤမည်သောအရပ်၌၊တပည့်တော်ဖို့ရွှေငွေသည် ရှိပါ၏။ထိုရွှေငွေကို အာရုဂ် ဘုရားအား လှူပါဖို့ဟုဆို၍ လှူအပ်သောမျက်ကွယ်၌ တည့်ရှိသော ဇာတ ရူပ,ရွှေတကို ဖြစ်စေ၊ကိုယ်နှုတ် နှစ်ပါးတို့ဖြင့် မပယ်ပါဘဲ၊ စိတ်ဖြင့် သာယာမှုသည်လည်း ခံသည်ပင်မည်၏။ ။ဟူလို။

အဓိပ္ပါယ်ကား....:အကြင်ရဟန်းသည်၊ ဇာတရူပ,ရွှေတ မည်သော ရွှေငွေကိုဂင်း,အဆပြာပဲကိုဂင်း လာ၍ လှူသော်လည်းမခံအပ်။ ကိုယ်ဖြင့် ဂင်း,နှုတ်ဖြင့်ဂင်း ပယ်အပ်၏။စိတ်ဖြင့်သော်လည်း၊ဤဝတ္ထုကားငါတို့အား မအာပ်,ငါအလှူမခံဟု ပယ်အပ်၏။ဤသို့သုံးခွါရတို့တွင် အမှတ်မရှိ တရုတ် သောခွါရဖြင့်ပယ်အပ်၏။ မပယ်မူ၍ သာယာငြားအံ့။ အလှူခံသည်မည်၍ နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။ ။အကယ်၍၊စိတ်ကပင် အလိုရှိသော်လည်း သုံးခွါရတွင် ဝပါးပါးဖြင့် ပယ်ငြားအံ့၊ ဂင်းပစ္စည်းကို အာရုဂ်ဖြတ်အား လှူပါ၏ဟုဆို၍ထားခဲ့သော်လည်းခံသည်မမည် အာပတ်မသင့်။ဤ၌''မနော ခွါရေအနာပတ္တိ''ဟု ဟောတော်မူပါသျက်၊ ဥပနိက္ခိတ္တဘဏ္ဍာဂကို စိတ်ဖြင့် သာယာမှုကြောင့် အာပတ်အဘယ်ကြောင့် သင့်ပါသနည်း ဟူငြားအံ့။ ကိုယ်စိတ်နှစ်ပါးဖြင့် ပယ်ခြင်းကို မပြုခြင်းကြောင့် ကာယခွါရ,စစ်ခွါရ အတွက်သာ အာပတ်သင့်၏။မနောခွါရ အတွက်ကား အာပတ်မသင့်ပေ။ ဟူလို။ ။(အကျယ်ကို အလိုရှိပါမူ အဋ္ဌကထာ၌ ရှုလင့်ကုန်။)

ပဉ္စဝဋ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊သုံးလှု.ထွဋ်တင်၊ဘုရားရှင်သည်၊ ရာဇဂြိုဟ်ပြည် မှန်၊ဝေဠုဝနံရွှေကျောင်း၌၊သီတင်းသုံးတော်မူစဉ်၊ သာကီဝင်မင်းသားဖြစ် သောရှင်ဥပနန်အား၊ဘကာတဋ္ဌိးသည် နွေစဉ်ဆွမ်းလုပ်ကျွေး၏။တနွေသ၌ ထိုတကာသည် ညဉ့်အခါအမဲသားကိုရ၍ အရှင်ဥပနန်အတို့ ထား၏၊သား သူငယ်သည် ဖိုးသောက်သောအခါ အိပ်ရာမှနိုး၍၊အမဲပေးပါဟု ငိုယိုကာ တောင်းလေ၏။ထိုအခါ တကာသည် မိမိမယားအား အရှင်ဥပနန်၏အတို့

ထားသောအမဲသားကို ပေးလိုက်လေ၊။တပါးသော အမဲကိုဝယ်၍ အရှင်အားလှူအံ့ဟု ဆို၏။နံက်အခါ ဒူရင်ဥပနန် ဆွမ်းခံကြွလာသော်၊ ထိုအကြောင်းကိုလျှောက်ထား၍၊အမဲကိုမရသဖြင့် အဘိုးငွေကို အံ့လိုရှိပါသလောဟု မေးလေ၏။ရှင်ဥပနန်လည်း တားဘ အသပြာကို ငါ့အားလှူလော့ ဟုဆို၍၊အသပြာငွေကို အလှူခံလေသောအကြောင်းကြောင့် ပညပ်ဘော်မှုသည်။

အဋ္ဌ၀ါ....၁-ရွှေငွေ၏အဖြစ်၊ ၂-မိမိကိုညွှန်းအပ်သည့်အဖြစ်၊ ၃-ခံခြင်း, ခံစေခြင်း၊ ၄-သဘယာခြင်းတို့တွင် တပါးပါး၏အဖြစ်။ ဤအဂ်ါသုံးပါး ပြည့်စုံမှ အာပတ်သင့်၏။

ရူပိယသိက္ခာပုဒ်အဘွင့် ပြီး၏။

၁၉-ရူပိယသံဝေါဟာရသိက္ခာပုဒ် အဘွင့်။

၃၈-၁၉။ ။ယော ပန ဘိက္ခု နာနုဗ္ဘကာရကံ ရူပိယသံဝေါဟာရံ သမာပဇ္ဇေယျ၊နိဿဂ္ဂိယံ ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည် ´ ချတ်လုပ်ပြီး,မရတ် ဟုပ်သေး စသည်အစွမ်းဖြင့် အထူးထူးအပြားပြားများစွာသော ဣရှ,ငွေကို ဖလယ်ခြင်းသို့ ရောက်ငြားအံ့။ထိုရဟန်းအား နိဿဂ်ပါစိတ်အာပတ် သ့ဲ၏။ ။ဟူလို။

ဤကား-ပိဆ္ဆာတ္ထ။

အဝယဝတ္ထု-အစ်ပ္ပါယ်။

နာနုဗ္ဘကာရံ....ဟူသည်ကား,ဟုတ်း,နားဒေါင်း,လက်ကောက်စသော တန်းဆာလုပ်ပြီးသားဖြစ်သော ဣရှ,ငွေ၊မလုပ်သေးသော ဣရှတုံး, ငွေတုံး, ဒင်္ဂါး,အသပြာ,ပဲ-စသော မာသကအလုံးရုံကိုယူ။

ရူပိယသံဝေါဟာရံ....ဟူသည်ကား၊ တန်းဆာလုပ်ပြီး, မလုပ်သေးသောအားဖြင့် များသောအပြားရှိသော ဣရှငွေကို အချင်းချင်း လဲလှယ်ဖလယ်ခြင်းပင်တည်း။ ။အဓိပ္ပါယ်ကား။ ။တန်းဆာပြုလုပ်ပြီးဖြစ်သော လက်ကောက်, နားဒေါင်းစသော ဣရှငွေ၊တန်းဆာ မပြုလုပ်သော

ရွှေတုံး,ငွေတုံးဖြစ်သော ရွှေငွေ၊ ကျပ်သုံးဒဂိါးမျိုးဖြစ်သော ကဟာပဏာ၊ ဒနှိပဲစေ့,သစ်သားပဲစေ့,ချိတ်ပဲစေ့,သားရေပဲစေ့,ငွေစက္ကူ။ စသော ရဖတာ၊ ဤအလုံးစုံသည် ရွှေဝိယမည်၏။နိဿဂ္ဂိယဝတ္ထုလည်း မည်၏။ ပတ္တမြား, ပုလဲ,ပတ္တမြားပြောက် စသော ရတနာမျိုးသည်ဖင်း၊ စပါးမျိုး ၇-မျိုးသည်ဖင်း၊ကျွန်ယောကျ်ား, ကျွန်မိန်းမ,လယ်, ယာ,ပန်းအာရာမ်, သစ်သီးအာရာမ် အာစရိ,သည်တို့သည်ဖင်း ဒုက္ကဋ်ဝတ္ထုမည်၏။အာရွှဝိယဝတ္ထုမည်၏။ ။ဆီ, ထောပတ်,ပဲမျိုး,သကာ်နှံး စသော ဝတ္ထုများကား ကပ္ပိယဝတ္ထုမည်၏။ အာရွှဝိယလည်း မည်၏။

အာရွှဝိယံနာမဒုက္ကဋ်ဝတ္ထုကပ္ပိယဝတ္ထု။နိ။ ။
တေရသကဏ်ဍိကာ။

ငင်းသုံးပါးသောဝတ္ထုတို့တွင်၊ နိဿဂ်ိယဝတ္ထု,ရွှဝိယကို အာလွှဆံခြင်း ဌါလည်း မအပ်။အာချင်းချင်း ဖလယ်ခြင်းဌါလည်း မအပ်။နိဿဂ်ို ပါစိတ် အာပတ် သင့်သည်သာဘည်း။ဒုက္ကဋ် ဝတ္ထုကို အာလွှဆံခြင်း, အာချင်းချင်း ဖလယ်ခြင်းတို့၌မူ ဒုက္ကဋ်အာပတ်သင့်၏၊ ။ရွှဝိယနိဿဂ်ိဝတ္ထုနှင့် ဒုက္ကဋ် ဝတ္ထု,ကပ္ပိယဝတ္ထု တရုကို ဖလယ်သော်သံည်း နိဿဂ်ိပါစိတ်အာပတ် သင့်၏။ဒုက္ကဋ်ဝတ္ထုနှင့် နိဿဂ်ိဝတ္ထု ဖလယ်သော်၊နိဿဂ်ိပါစိတ်အာပတ် သင့်၏။ ။ဒုက္ကဋ်ဝတ္ထုနှင့်, ဒုက္ကဋ်ဝတ္ထု,ကပ္ပိယဝတ္ထု တရုကို ဖလယ် သော်ကား ဒုက္ကဋ်အာပတ်သင့်၏။ ။ဟူသို့။

ပဉ္စဘောဇနီယ အဆုံးအဖြတ်။

ဖြတ်စွာဘုရား၏ သာသနာတော်ဖြတ်ကြီးသည် ဒုလွန်တရာ အာဘိုး မပြတ်နိုင်အောင်တန်သော်လည်း၊အာနည်းငယ်မျှ ဘာမဟုတ်သော နိဿဂ်ို ယဝတ္ထုကြောင့် များစွာညစ်ပေသည့် ဆီသည်မ, လက်သုတ်အဝတ် သဘံ့ယ်ဖြစ်လျက်၊အာပတ်အလိမ်းလိမ်း နေ့စဉ်မပြတ်ကပ်ငြိလျက်၊ရဟန်း ရောင်မထွက်၊အာပ္ပဏ္ဍဖြစ်မည်ကို သတိပြုအပ်လှပေသည်။ ။ထိုကြောင့်၊ သံသာရဘိရုက,လင်္ဂိပေသလ,အာရှင်ဖြတ်များ သတ်ပြုတော်မူကြရန် အာဠာ ကထာလာ၊ပတ္တစတုက္ကဝိနိစ္ဆယကိုထည့်စွက်၍ ဘော်ပြလိုက်ပါသတည်း။

အကြင်ရဟန်းသည် ရွှေငွေကိုအာလွှဆံလျက်၊ထိုရွှေငွေဖြင့် သံခဲ,သံကုံးကို ဝယ်၍၊ထိုသံတုံးသံခဲဖြင့် သပိတ်ပြုလုပ်စေ၏။၌သပိတ်ကား မဟာအကပ္ပိ

ယသပိတ်တော်ကြီးမည်၏။ ။မည်ပုံကား၊ အာကယ်၍၊ သပိတ်ကို ဗျက်၍ ခွက်ပြုအံ့၊ ထိုခွက်လည်းမအာပ်။ ပဲခွပ်ပြုအံ့။ ထိုပဲခွပ်ဖြင့်ဖြတ်သော ဒန်ပူသည် ပင်မအာပ်ချေ။ သံငါးမျှားချိတ်ကိုပြုစေအံ့၊ ထိုသံငါးမျှားချိတ်ဖြင့် သတ်အာပ် ကုန်သောငါးတို့ကိုလည်း မစားအပ်ကုန်။ ၎င်းပဲခွပ်ကို မီးဖုတ်၍၊ ခေကိုရင်း, နွေခေကိုရင်း ပူစေအံ့၊ ထိုခေ, နွေခေတို့သည်လည်း မအာပ်ကုန်သည်သာတည်း။ ။၎င်းအာကပ္ပိယသပိတ်ကြီးကို မည်သည့်နည်းနှင့် မျှအာပ်အံ့ခဲ့ပြုခြင်းငှါ မတတ်နိုင်ပေ။ ။ထိုကြောင့် နိဿဂ္ဂိယဝတ္ထုကို များများကြီး သတ်ပြုသင့်ပေသည်။ ။ဟူလို။

ပညပ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွန်တင်၊ ဘုရားရှင်သည်၊ သာဝတ္ထိပြည် မှန်၊ ဇေတဝန ဣသျကျောင်း၌၊ ကိန်းအောင်း မွေ့လျော်၊ စံပျော်ဘော်မူစဉ်၊ ဆင်ဖွဂိုဂရဟန်းတို့သည် အထူးထူးသော ဣသျဋ္ဌေတို့ဖြင့် ရောင်းဝယ် ဖလယ်ခြင်းတည်းဟူသော အကြောင်းကြောင့် ပညပ်တော်မူသည်။

အဂ်ါ....၁-ဖလယ်သော် ဝတ္ထု၏ ဣသျဋ္ဌေဖြစ်ခြင်း၊ ၂-ဖလယ်ခြင်း, ဖလယ်စေခြင်း။ ဤအဂ်ါနှစ်ပါး ပြည့်စုံမှ အာပတ်သင့်၏။။

ရူပိယသံဝေါဟာရဆိုက္ခာပုဒ်အာဒွင့် ပြီး၏။

၂၀-ကယဝိက္ကယသိက္ခာပုဒ်အစွင့်။

၃၉-၂၀။ ။ယော ပန ဘိက္ခု နာနပ္ပကာရံ ကယဝိက္ကယံ သမာပဇ္ဇေယျ။ နိဿဂ္ဂိယံ ပါစိတ္တိယံ။ ။

ဒွေကးလောမဝတ္ထိုဒုတိယော။

အကြင်ရဟန်းသည် သင်္ဃန်းစသော ကပ္ပိယဘဏ္ဍာအားဖြင့် များစွာသော ဝယ်ခြင်း, ရောင်းခြင်းသို့ရောက်ငြားအံ့။ ထိုရဟန်းအားနိဿဂ္ဂိယပါဒိတ် အာပတ်သင့်၏။။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

အဝယဝတ္ထု-အစီပွါယ်။

နာနာပွကာရံ....ဟူသော ပုဒ်အရကား၊ ဤဌာသက်နိုးစသော ကပ္ပိယဘဏ္ဍာဘို့၏အစွမ်းဖြင့် များစွာသော ဝတ္ထုကိုယူ။ ။**ကာယဝိက္ကယံ**.... ဟူသောပုဒ်ကို။ ။ကယဒ္ဓ ဝိက္ကယဒ္ဓ ကာယဝိက္ကယံ။ ။ဟုပြု။ ဤကပ္ပိယဝတ္ထုဖြင့်၊ ဤကပ္ပိယဝတ္ထုကိုပေးလော့, လဲလှယ်လော့, ဆိုကာ၊ သူတပါး၏ကပ္ပိယဘဏ္ဍာကို ယူသော ရဟန်းအား၊ ဝယ်ခြင်း-ကယမည်၏။ ။ ဒိဒိကပ္ပိယဘဏ္ဍာကို ထိုသို့ဆိုသဖြင့် ပေးသောရဟန်းအား ရောင်းခြင်း ဝိက္ကယမည်၏။ ။ဟူလို၊

ထိုကြောင့် သီဘင်းသုံးဘေဝါဠိပေါ်ယောက်တို့ကိုထား၍၊ ဒိဒိ၏ ကပ္ပိယဘဏ္ဍာကိုပေး၍၊ ဒေဒိ၏ ဘဏ္ဍာကိုမူလည်းယူအံ့၊ ကယဝိက္ကယမည်၍ နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။

ယုတ်စွအာဆုံးဤထမင်းကိုစား၍ယူ၍၊ဤမည်သောဝတ္ထုကို ယူခဲ့လော့၊ ဆိုးရည်ခေါက်ကို ဆောင်လော့, မျက်ကိုသုတ်သင့်ထော့, စသောအမှုကိုပြု စေအံ့။ ၎င်းသူယူဆောင်ခဲ့သော ဆိုးရေခေါက်စသည်ကို စွန့်ပစ်အပ်၏။ နိဿဂ္ဂိယပါစိတ်အာပတ်လည်းသင့်၏။

ရဟန်း၏လက်၌ဆန်ရှိ၏။ ခရိုးအကြား၌၊ထမင်းထုပ်ဆွဲလာသော ဒါယကာကိုတွေ့ရှိ၍၊ငါ့အားဆန်ရှိ၏။ ဆန်ကိုအလိုမရှိ၊ ထမင်းကိုသာအလိုရှိ၏။ ဤသို့ဆိုအံ့။ထိုဒါယကာသည်၊ဆန်ကိုယူ၍ထမင်းကိုပေးအံ့၊ အပ်၏ကယဝိက္ကယမမည်။ ။(ကြွင်းနည်းတူသိ)။

ပညပ်တော်မူရခြင်းအကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည်မှန်၊ ဇေတဝန်ဆွေကျောင်း၌၊ ကိန်းအောင်းမွေ့လျော်၊ စမ္ပါယ်တော်မူစဉ်၊ သံဃာဝင်မင်းသားဖြစ်သော၊ရှင်ဥပနန်သည်၊ ပုဆိုးကြမ်းတို့ကို ကောင်းစွာပွပ်လျော်ပြီးလျှင်၊ကောင်းမွန်ပြေပြစ်စွာဆိုး၍၊ဝတ်ရုံလျက်သွား၏။ ထိုအခါ တဋ္ဋိးသောပရိဗ္ဗာဇကရဟန်းသည်၊ ရှင်ဥပနန်အား ငါ့ရှင်-ငါ့ရှင်၏ ဒုကုဋ်သင်္ကန်းသည်၊အလွန်ကောင်း၏၊ ထိုသင်္ကန်းကို ကွန်ပဲပုဆိုးနှင့် လဲပါဆိုရာ၊ သင်သည် ငါ၏သင်္ကန်းကိုသိ၏လောဟု ဆို၍ လဲလှယ်လေ၏။ ထိုပရိဗ္ဗာဇကရဟန်းသည် ထိုသင်္ကန်းကိုဝတ်ရုံ၍မိမိကျောင်းသို့ သွား၏။

အပေါင်းအဘော်ဖြစ်သော ပရဒိဇ်တို့မြင်၍ ချီးမွမ်းကြလျက်၊ ဤသက်နိုး ကိုတယ်မှာရခဲ့သနည်းဟု မေးကြသော်၊ ရှင်ဥပနန်ထံမှရခဲ့သည်ဟုဆိုလေ ၏။အပေါင်းအဘော်တို့ကဤသက်နိုးသည်၊ အရိအာနွမ်းသာဖြစ်သည်၊ တာ ရှည်မဝတ်နိုင်၊သင်၏ပုဆိုးကသာကောင်း၏။ အဘယ်ကြောင့် လဲလှယ်ခဲ့ သနည်းဆိုကြသဖြင့် ထိုပရိဗ္ဗာဇကရဟန်းသည်၊ရှင်ဥပနန်ထံသို့သွား၍၊ ငါ့ ပုဆိုးကို ပြန်ပေးပါဟု တောင်းလေသော်၊ ငါသည် သင့်ကို ဤသက်နိုးကို သိ၏လောဟု မေးမြန်းလျက် လဲလှယ်သည်ဟုဆို၍ပြန်မပေးဘဲနေလေ၏။ ဤသို့လျှင်၊သက်နိုးလဲလှယ်သောအကြောင်းကြောင့်ပညတ်တော်မူသည်။

အာဒိ.....၁-ရောင်းဝယ်သောဝတ္ထု၏ ကပ္ပိယဝတ္ထုအဖြစ်၊ ၂-သဘင်း သုံးဘော်မဟုတ်သည်အဖြစ်၊ ၃-ရောင်းဝယ်ခြင်းသို့ ရောက်ခြင်း၊ဤအာဂံ ၃ သုံးပါးပြည့်စုံမှ အာပတ်သင့်၏၊ ။(ဤဝဂ်ကား-ဝိနည်းငယ်ပါဠိတော်၌၊ ဇဋ္ဌကလောမဝဂ်ဟု လာ၌၏။ပါဠိတော်ကြီး၌ကား၊ ကောသိယဝဂ်ဟုလာ၌ သဖြင့် ပါဠိတော်ကြီးအတိုင်း၊ကောသိယဝဂ်ဟု ခေးသားအပ်ပါသဘည်း)။

ကယဝိက္ကယသိက္ခာပုဒ်-အဘွင့်ပြီး၏။

ကောသိယဝဂ်-အဘွင့်ပြီး၏။

ပဌမဝဂ်။ ၂၁-ပဌမသိက္ခာပုဒ်-အဘွင့်။

၄၀-၂၁။ ။ဒေသာဟ ပရမံ အတိရေက ပဋ္ဌော ဓာရေတဗ္ဗော၊တံ အတိက္ကာမယတော နိဿဂ္ဂိယံ ပ၊စိတ္တိယံ။ ။

ဆယ်ရက်အာဝိုင်းအခြားရှိသောကာလအတွင်းသာ အဓိဋ္ဌာန်-ဝိကပ္ပနာ ပြုနိုင်သော သပိတ်ကိုဆောင်အပ်၏။ ၎င်းသပိတ်ကို အဓိဋ္ဌာန်-ဝိကပ္ပနာမပြု ဘဲ၊ဆယ်ရက်ထက်အလွန်သုံးဆောင်ပါမူ၊ နိဿဂ္ဂိယပါစိတ် အာပတ်သင့်၏။ ဟူလို။ ။

ဤကား-ဝိတ္ထာရတ္ထ။

ဓမ္မယဝဒ္ဓ-အဓိပ္ပါယ်။

အတိရေကပဋ္ဌော....ဟူသော ပုဒ်၌၊ အတိရေက၏ အဓိပ္ပါယ်ကို သက်နိုး၌ဆိုအပ်ပြီးသောအတိုင်းမှတ်။

သဗိတ်ကိုးလုံးအဆုံးအဖြတ်။

ပဌော....ဇ်အာရ သပိတ်သည်၊ ဥက္ကဋ္ဌသပိတ်,မဇ္ဈိမသပိတ်,ဩမက သပိတ်, ဒံအားဖြင့် သုံးလုံးရှိ၏။ ထိုသုံးလုံးတို့တွင်၊ တလုံး တလုံးခွ၊ ဥက္ကဋ္ဌောက္ကဋ္ဌ, ဥက္ကဋ္ဌ, ဥက္ကဋ္ဌောမက, စသောအားဖြင့် သုံးလုံးစိပြားသဖြင့် ကိုးလုံးသော သပိတ်တို့သည် ဖြစ်ကုန်၏။ ၊ကောင်းစွာပွပ်၍ စင်ကြယ်ကုန်သော၊ဟောင်းလေပြီးသောဆန်တို့၏မဂဓနွစ်ကွမ်းစား ကိုယူ၍၊ထိုဆန်တို့ဖြင့်-မဆပ်,မနဲ,မခဲ,မကျဲလွန်းသော အာလွန်စင်ကြယ်သော သင်းနွေ့ဇုံ, မြတ်လေး,အာစုန့်တူသော၊ ချိုးမကပ်အောင် ထမင်းကိုချက်၍၊ အကြွင်းမဲ့ အာကုန်ပင် သပိတ်၌ထည့်၍၊ ထိုထမင်း၏ လေးဘို့တဘို့ ပမာဏာဂ္ဂိသော ကောင်းစွာချက်အပ်သော လက်ဖြင့် ယူခြင်းဌာထိုက်သော ပဲနောက်ဟင်းကို ထည့်အပ်၏။ ထိုသို့ထည့်ပြီးမှ အာဆုံးစွန်သော ဆွမ်းလုပ်တိုင်အောင် လောက်သော ငါးဟင်းမျိုးစသော ခဲဘွယ်ကိုထည့်အပ်၏။ဤသို့ထည့်အပ်သော ဆွမ်း, ဆွမ်းဟင်း အာသုံးစုံသည်၊ သပိတ်မျက်နှာအာရစ်၏ အောက်အာ့ရေးနှင့်အမျှတည်စခဲ့။ ချည်-လျှော်မျှင်တို့ဖြင့် တံတုတ်တိုက်လတ်သော် အောက်အစွန်းကိုထိစခဲ့။ ဤသပိတ်ကား ဥက္ကဋ္ဌသပိတ်မည်၏။

အကယ်၍အောက်အာနားကိုလွန်၍၊စုံ့ စုံ့ တက်လျက်တည်စခဲ့။ဤသပိတ်ကား၊ ဥက္ကဋ္ဌသပိတ်အောက်ငယ်သောကြောင့် ဥက္ကဋ္ဌောမကသပိတ်မည်၏။ ။ထိုအောက်အာရေးသို့ မရောက်မူ၍၊ အတွင်း၌သာလျှင် တည်စခဲ့။ ဤသပိတ်ကား ဥက္ကဋ္ဌသပိတ်ထက်ကြီးသောကြောင့် ဥက္ကဋ္ဌ၊ကြီးသပိတ်မည်၏။ မဂဓတကွမ်းစားချက်သော ဆွမ်းအစ္ဈိသော အာလုံးစုံသည် ဆိုအာပ်ပြီးသောနည်းအားဖြင့်အောက်အာရေးနှင့်အမျှကသည်စခဲ့။ဤသပိတ်ကား-မဇ္ဈိမသပိတ်မည်၏။ ။ထိုအာရေးကိုလွန်၍၊ စုံ့ စုံ့ တက်လျက် တည်စခဲ့၊ ဤသပိသ်ကား-မဇ္ဈိမောမကသပိတ်မည်၏။ ။အောက်အာရေးသို့မရောက်။ အတွင်း၌သာလျှင်ဖြစ်စခဲ့။ ဤသပိတ်ကား-မဇ္ဈိမုက္ကဋ္ဌသပိတ်မည်၏။ ။ မဇ္ဈိမသပိတ်၌ ဆိုအာပ်ပြီးသော ကွမ်းစားမှ ထက်ဝက်-သုံးစလယ်ဆန်ဖြင့် ချက်အပ်သော ဆွမ်းစသည် ထည့်အပ်သော အာလုံးစုံသည်၊ အောက်အာရေးနှင့် အမျှတည်စခဲ့၊ ဤသပိတ်ကား-ဩမကသပိတ်မည်၏။ ။ထိုအောက်အာရေးကို လွန်၍၊ စုံ့စုံ့တက်လျက် တည်စခဲ့၊ ဤသပိတ်ကား-ဩမကောမကသပိတ်မည်၏။ ။ထိုအောက်အာရေးသို့မရောက်၊ အတွင်း၌သာတည်စခဲ့။ဤသပိတ်ကား၊ဩမကုက္ကဋ္ဌသပိတ်မည်၏။

ဆိုလိုရင်းကား။ ။ဥက္ကဋ္ဌသဝိတ်သည်၊ ယာရလူတို့၏ပြည် ကွမ်းစား ဖြင့် သုံးပြည်ဝင်၏။မဇ္ဈိမသဝိတ်သည်၊သုံးခွက်ဝင်၏။သြမကသဝိတ်သည် သုံးစလယ်ဝင်၏-ဟု မှတ်၊ ။အဋ္ဌကထာဆရာတော်ကြီးကား၊ ဥက္ကဋ္ဌ သဝိတ်သည်-သုံးပြည်တခွက်ဝင်၏ဟုမိန့်တော်မူ၏။

ဤကိုးလုံးသော သဒ္ဓိတ်တို့တွင်၊ ဥက္ကဋ္ဌ၊က္ကဋ္ဌသဝိတ်, သြမကောမက သဝိတ်နှစ်လုံးတို့သည်သဝိတ်မမည်ကုန်။ ခွက်ဟူသောသုံးဆောင်ခြင်းဖြင့် သုံးဆောင်အပ်ကုန်၏။ အဓိဋ္ဌာနဝိကပ္ပနာမပြုအပ်ကုန်။ကြွင်းသုံးလုံးသော သဝိတ်တို့ကိုသာ ဆယ်ရက်အတွင်းအဓိဋ္ဌာန်တင်၍ဝင်း ဝိကပ္ပနာပြု၍ဝင်း, သုံးဆောင်အပ်ကုန်၏။ ဂင်းသဝိတ်တို့ကို အဓိဋ္ဌာန်ဝိကပ္ပနာ-မပြုမူ၍၊ဆယ် ရက်ကိုလွန်စေအံ့။ နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။ ။စွန့်အပ်သောသဝိတ် ကို မစွန့်မူ၍၊ထိုသဝိတ်၌ထည့်သော ယာဂုကိုသောက်အံ့၊ ဆွမ်းကိုစားအံ့။ ရေဆေးသောအာဆုံးခဲ့ ဒုက္ကဋ်အာပတ်သင့်၏။ ဤသို့လျှင် မစွန့်သမျှ၊ သုံး ဆောင်တိုင်း, သုံးဆောင်တိုင်း, ဒုက္ကဋ်အာပတ်သင့်၏။

အဓိဋ္ဌာန်-ဝိကပ္ပနာ၊တင်ထိုက်သောသဝိတ်ဟူသည်ကား၊သုံသဝိတ်ကို ပန်းဘဲဆရာဖုတ်သည်နှင့်တကွ ငါးကြိမ့်မြေသဝိတ်ကို သဝိဘ်လုပ်သူတို့ ဖုတ်သည်နှင့် နှစ်ကြိမ်ဖုတ်မှ အဓိဋ္ဌာန်ဝိကပ္ပနာ ထိုက်၏၊ ထိုငါးကြိမ် နှစ်ကြိမ်အောက်၊တကြိမ်မျှ.ယုတ်သော်သဝိတ်ဟူသော အရေအတွက်သို့ မရောက်။ အဓိဋ္ဌာန်ဝိကပ္ပနာမထိုက်။ ဖုတ်ပြီးသော သဝိတ်ကိုရသော်၊ သဝိတ်ပေါင်းကို အဓိဋ္ဌာန်ချ၍၊ ဆယ်ရက်အတွင်း အဓိဋ္ဌာန်တင်အပ်၏။ အဓိဋ္ဌာန်မချလိုသော်၊ သဝိတ်သစ်ကို ဝိကပ္ပနာပြုအပ်၏။ ။(အဓိဋ္ဌာန် ဝိကပ္ပနာပြုပုံ, ဟူပုံ, စွန့်ပုံ, နည်းတို့ကား၊ သက်နိုးဠ္ဍ ဆိုအပ်ပြီးသောနည်း အတိုင်းပင်တည်း)။ ။ငါတို့၏ ကျေးဇူးတော်ရင်- မဟာဝိသုဒ္ဓါရုံဆရာ တော်ကြီးကား။ ။''သစေ တေလဝဏ္ဏော ဟောတိ၊ ကပ္ပတိ''။ ။ဟူ ဋီကာဆိုသောကြောင့် ငါးကြိမ် နှစ်ကြိမ်ပင် မစေ့သော်လည်း၊ ဆီကြည် အဆင်းကဲ့သို့ ဖဲ့ဖဲ့နက်နက်ကျက်မူ၊ အဓိဋ္ဌာန်ဝိကပ္ပနာပြုခြင်းသည် အလွန် ကောင်းမြတ်၏-ဟုဆိုးဖြာ်တော်မူ၏။

ယဒိ ပန ဧကေနာပိ ပါကေန ကာဠဝဏ္ဏော ဟောတိ၊ အဓိဋ္ဌာနူပ ဂါယေဝါတိဝဒန္တိ။ ။တေရသကဏ်ဋီကာ။

ပညတ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု။။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလူထွန်တင်၊ဘုရားရှင်သည်၊သာဝတ္ထိပြည်မှန်၊ ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းမွေလျော်၊ စံပျော်တော်မူစဉ်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည်၊ အဓိဋ္ဌာန်ဝိကပ္ပနာမပြုပါဘဲ၊ များစွာသောသဒိတ်ကို သိုဒိုးသိမ်းဆည်းထားခြင်းတည်းဟူသောအကြောင်းကြောင့် ပညတ်တော်မူသည်။

အက်ဂ် .. ၁ ဇာတ်ပမာဏာနှင့် ယှဉ်သောသဝိတ်၏ ဒီဃဥစ္စာအဖြစ်၊ ၂·နှေအရေအတွက်လောက်သောအဖြစ်၊ ၃·ဖုတ်ခြင်းပလိဗောဓ ပြတ်ခြင်း၊ ၄-အဓိဋ္ဌာနဝိကပ္ပနာမပြုခြင်း၊၅ ဆယ်ရက်လွန်ခြင်း။ဤအင်္ဂါငါးပါးပြည့်စုမှအာပတ်သင့်၏။

ပတ္တသိက္ခာပုဒ်-အဘွင့်ပြီး၏။

၂၂-ဥိနပဉ္စဗန္ဓနသိက္ခာပုဒ်-အဘွင့်။

၄၁-၂၂။ **။ယော ပန ဘိက္ခု၊ ဥိနပဉ္စဗန္ဓနေန ပတ္တေန အညံ နဝံ ပတ္တံ ဧတောပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။ပ။ အယံ တတ္ထ သာမီစိ။ ။**

အကြောင်ရဟန်းသည် အဘွဲ့ငါးဘွဲ့မပြည့်သေးသော သပိတ်ရှိဆည်ဖြစ်ပါမူ၊ တပါးသောအသစ်သောသပိတ်ကိုတောင်းငြားအံ့၊ ထိုရဟန်အား နိဿဂ္ဂိ ပါစိတ်အာပတ်သင့်၏။ ၊ထိုရဟန်းသည် ထိုတောင်းအပ်သော သပိတ်ကို၊ရဟန်းပရိသတ်၌စွန့်အပ်၏၊ ထိုရဟန်းပရိသတ်၌ရှိသောရဟန်းတို့သည်၊ဂဠင်းသိုတ်ကို အဆင့်အဆင့်ယူကြ၍၊ အကြင်သပိတ်သည် မည်သူမျှမယူကြသဖြင့် အဆုံးသပိတ်ဖြစ်၏၊ ထိုအဆုံးဖြစ်သောသပိတ်ကိုသာ ထိုသပိတ်တောင်းခံသော ရဟန်းအား၊ ငါ့ရှင်သင်သည် ဤသပိတ်ကို ကွဲသည်တိုင်အောင်ဆောင်ရမည်ဟုပြောဆို၍ပေးအပ်၏၊ ဤသို့ဆို၍အယုတ်ဆုံးသပိတ်ကိုပေးခြင်းသည်၊ ထိုသပိတ်ကိုတောင်းသော ရဟန်း၏သပိတ်ကိုစွန့်ရာ၌ကျင့်အပ်သောဝတ်တည်း။ ။ဟူလို။

ဤကား-ပိဏ္ဍာတ္ထ။

အဝယဝတ္ထု-အစိပ္ပါယ်။

ဥဒိန်ပဠုဗမန္ဓနေနန... ဟူသော ပုဒ်ကို။ ။ဥဒိနာနိ-ပဠုဗမဒ္ဓနာနိ-အာသဒေတိ ဥဒိနပဠုဗမဒ္ဓနော။ ။ဟူပြု။သပိတ်ရေ၏။ အဘွဲ့မရှိသော သပိတ်သည်ဌင်း, နှစ်ဘွဲ့သာရှိသော သပိတ်ဆည်ဌင်း ,ငါးဘွဲ့သို့မရောက်သမျှ ဥဒိနပဠုဗမဒ္ဓန မည့်၏။ ထိုငါးဘွဲ့အောက်ယုတ်သော သပိတ်ရှိလျက်၊ တောင်းမူနိုသတ္ထိ ပါစိတ်အာပတ်သင့်၏။ ။ဟူလို၊

အဘွဲ့ယူပုံကား။ ။သပိတ်မျက်နှာဝမှအောက်၌၊လက်နှစ်ဆစ် ပမာဏာရှိ လျှင်၊တဘွဲ့ဘွဲ့အင်၏၊တကျောင်းထည်းဖြစ်စေ, တခုစီဖြစ်ဌစေ,လက်နှစ်ဆစ် ပမာဏာ·ငါးဘွဲ့ရှိအံ့။ဤနိ၌ ကောင် ဒေးဝင်ဘွဲ့၌ မရကောင်းသောကြောင့် သပိတ်မမည်ရကား၊သပိတ်သစ်ကိုတောင်းအပ်၏၊ သံသပိတ်၌ငါးပေါက်, ငါးပေါက်ထက်အလွန်ပေါက်သော်ဌည်း သံပြား,သံမယ်နှတ်ဖြင့် ဖါသည်ရှိသော်၊ဒဏ်မိသမကပ်၊ ချောင့်ပွေပြုပြစ်သည် ဖြစ်အံ့၊ သုံးဆောင်အပ်၏။ တပါးသောသပိတ်ကိုမတောင်းအပ်။ အကြင်ဒုဗ္ဗဏ္ဏတပေါက်တည်းပင်ဖြစ် သော်ဌည်း ဖါထေးရှုမရ၊ ဒဏ်မိသကပ်၏။ ချောင့်ပွေပြုပြစ်ခြင်း မရှိ။ သပိတ်မမည်။တပါးသောသပိတ်ကိုတောင်းအပ်၏-ဟုမှတ်။

ဒီးက္ခုပရိသာယနိသင်္ခိတဇ္ဇော....၏ဒုရ၊ စွန့်ပုံကား။ ။ထိုရဟန်း သည်၊ဌင်းသပိတ်ကိုယူ၍သဃီဝါ၏အလယ်၌သာသျှင်စွန့်အပ်၏၊ ထိုသံဃာ တွင်ပါဠိတော်လာသောဒုတိုင်း၊ ဥတ္တိ ဒုတိယကမ္မဝါစာဖြင့် သမုတ်အပ် သောရဟန်းသည်၊ သပိတ်၏ဂုဏ်ကိုဆို၍၊ပထမမထေရ်ကြိုးဒုံးပေးအပ် ၏၊ပထမမထေရ်၏သပိတ်ကို ဒုတိယမထေရ်ကိုယူစေ၍၊ဤသို့သောနည်း ဒုံးဖြင့် သံဃာငယ်တိုင်အောင်ယူစေအပ်၏။ ထိုသံဃာငယ်ရဟန်းသည် စွန့်အပ်သောသပိတ်သည်ကား၊ အာယုတ်ဆုံး-ပတ္တပရိယန္တံ့ မည်၏၊ ထို သပိတ်ကိုတောင်းသောရဟန်းဒုံးပေးအပ်၏၊ပေးသောသပိတ်ကို ရှိသော စွာ သုံးဆောင်အပ်၏။ ထိုသပိတ်ကိုစက်ဆုပ်သဖြင့် အရာမဟုတ်သည်၌ လည်း၊ချသားအံ့၊ယုတ်သောသုံးဆောင်ခြင်းဖြင့်မူလည်း သုံးဆောင်အံ့။ သူ တပါးကိုမူလည်းစွန့်အံ့။ဒုက္ကဋ်အာပတ်သင့်၏။

ပညပ်တော်မူရခြင်းအကြောင်းရင်းဝဏ္ဏ။

ဤသိက္ခာပုဒ်တော်ကို၊သုံးလူထွဋ်တင်၊ဘုရားရှင်သည်၊ဆက္ကတိုင်း-ကပိ လဝတ်ပြည်၊နိဂြောဓာရုံကျောင်း၌ကိန်းအောင်းမွေလျော်၊ စမ္ပါယ်တော်မူ

စဉ်၊ အဃမ္ပတ်မရှိသော အိုးထိန်းသည် တကာတယောက်သည်၊ ရဟန်း တို့အား သပိတ် အလိုရှိသော် တောင်းတော်မူကြပါဟု ဘိတ်လေ၏။ ရဟန်းတို့သည်လည်း အတို့င်းအရှည်မရှိ၊ အလွန်တောင်းဘန်မျှားသော ကြောင့် အိုးထိန်းသည် တကာသည်၊ မိမိရောင်းစားတို့ကိုမျှ မရသဖြင့် သားမယားတို့သည် ဆင်းရဲဒုက္ခရောက်ကြသည်ကိုဖြင်၍၊ လူဒေးမျှားကဲ့ရဲ့မှု ကြောင့် ပညတ်တော်မူသည်။

အက်ဂ်ု....၁ အဓိဋ္ဌာန်လောက်သော သပိတ်၏ ငါးဘွဲ့မပြည့်ခြင်း၊ ၂-မိမိကိုယ်ကိုညွှန်းခြင်း၊ ၃-အမျိုးမစပ်ရာ၌ တောင်းခြင်း၊ ၄-တောင်းသဖြင့် ရခြင်း။ ဤဒေဂ်ါသေးပါးပြည့်စုံမှု အာပတ်သင့်၏။

ဦးပဏ္ဍိတဘွဲ့နှင့်သိက္ခာပုဒ်အဘွင့်ပြီး၏။

၂၃-ဘေသဇ္ဇသိက္ခာပုဒ်-အဘွင့်။

၄၂-၂၃။ ။ယာဒိနီခေါ် ပန ဘိက္ခုနီဂိလာနာနံ ဘိက္ခုနံ ပဋိသာယာနီယာနီ ဘေသဇ္ဇာနီ။ပ။နိဿဂ္ဂိယံ ပါစိတ္တိယံ။ ။

အကြင်ဆေးတို့ကိုနာကျန်သော ရဟန်းတို့သည် လျက်အပ်ကုန်၏။ ဤလျက်အပ်သော ဆေးတို့သည် အဘယ်သည်တို့နည်းဟူမူ၊ ထောပတ်, ဆီဥ,ဆီ,ပျား,တင်လဲတို့ပင်တည်း။ ထိုဆေးတို့ကို အကပ်ခံ၍၊ ခုနစ်ရက် အပိုင်းအခြားရှိသော ကာလပတ်လုံး၊သိုဖွဲ့ခြင်းပြု၍သုံးဆောင်အပ်ကုန်၏။ ထိုခုနစ်ရက်ကို လွန်စေ၍ သုံးဆောင်သော ရဟန်းအား နိဿဂ္ဂိယပါစိတ် အာပတ်သင့်၏။ ။ဟူလို။

ဤကား-ပိတ္တာတ္ထ။

အဝယဝတ္ထုအစိပ္ပါယ်၊

ပဋိသာယနီယာနီ....ဟူသောပါဠိဖြင့်၊ခဲဘွယ်၏အဖြစ်ကိုနှစ်စေ၏။ ။ သပ္ပိ-နဝနီတံ....စသောပါဠိဖြင့်၊ သတ္တာဟကာလိက၏ သရုပ်ကိုပြတော်မူ၏။ ။ဘာနိပဋိဂ္ဂဟေဇ္ဇာ....ဟူသောပါဠိဖြင့်၊ထိုသတ္တာဟကာလိကတို့ကို အကပ်ခံသော်၊ခုနစ်ရက်အတွင်းသာအပ်၏၊ အကပ်မခံပါမူ၊ ခုနစ်ရက် မလွန်သော်လည်းအနာပတ္တိဟုပြတော်မူ၏။ ။အဒိပ္ပါယ်ကား။ ။နာဆည် ဖြစ်စေ,မနာမူလည်းဖြစ်စေ,ရဟန်းတို့သည်၊ ထောပတ်စသော သတ္တာဟ

ကာလိကတို့ကိုအကပ်ခံလျက်၊ ချုနစ်ရက်ကျိုင်ကျိုင် သိုဒ္ဒိုးသိမ်းဆည်း၍ သုံးဆောင်အပ်ကုန်၏။ ချုနစ်ရက်လွန်၍ အပ်သော သတ္တာဟကာလိကကို သုံးဆောင်ပါမူ၊ နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။ ။ဟူလို၊

ပညပ်တော်မူရခြင်းဘကြောင်းရင်းဝတ္ထု။

၌သိက္ခာပုဒ်တော်ကို၊သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည်မှန်၊ ဇေတဝန်ဂျရကျောင်း၌၊ ကိန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်ရှင်ပိလိန္ဒဝစ္ဆရဟန္တာမထေရ်သည်၊ ဥမင်လိုဏ် ပြုအံ့သောငှါ ကျင်းကို သုတ်သင် ပြုပြင်စေ၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည်၊ ထိုမထေရ်ထံသို့ကပ်၍တင့်အပ်သောအရပ်၌နေလျက်၊ အကြောင်းကို လျှောက်ထားသော အခါ၊ လိုဏ်ပြုသိုကြောင်းကိုသိရ၍၊ ထိုမထေရ်အား သင်္ခါကြည်ညိုခြင်းဖြစ်ပွါး၍၊ အရှင်မြတ်အား အရာမ်စောင့်လူကို လွှတ်ပါ၏ဟုလျှောက်ထားရာ၊ မြတ်သောမင်းကြီး၊ မြတ်စွာဘုရားသည် အရာမ်စောင့်ကို ခွင့်မပြုသေးဟုဆို၏။ အရှင်မြတ် မြတ်စွာဘုရားကို အခွင့်ပြုရန်လျှောက်ထားပါ။ အရာမ်စောင့်ကို လွှတ်ပါမည်ဟုဆို၏။ ဝိလိန္ဒဝစ္ဆမထေရ်လည်း မြတ်စွာဘုရားကို လျှောက်ထား၍၊ ခွင့်ပြုတော်မူ၍-ဗိမ္ဗိသာရမင်းကြီးသည်လည်း မေ့လျော့၍နေရာ၊ သတိရသောအခါ၊ မေ့လျော့သော ဂုက် အရေအတွက်အတိုင်း အရာမ်စောင့်ငါးရာကိုလွှတ်လေသဖြင့်၊ အရာမ်စောင့် ရှာတရှာဖြစ်နေလေ၏။ တနေ့သ၌ ထိုအရာမ်စောင့် ရှာတွင်း၊ပွဲလမ်းသဘင်ဖြစ်၍ ရှာသူ ဘိုးဗျိုတို့သည် လှပသောပန်းကုံးတန်းဆာကိုဝတ်စား၍ သွားကြသည်ကို ဆင်းရဲသော တဦးသောအရာမ်စောင့်ဘိုးဗျိုမြင်၍၊ ပန်ချင်သော စိတ်ဖြင့် ငိုယိုကာပန်းကို ပေးပါ-ဟု တောင်းယမ်း ပူဆာနေသည်ကို၊ ဝိလိန္ဒဝစ္ဆရဟန္တာအရှင်၊ဆွမ်းခံသွားခိုက်တွေ့ဖြင်၍ အကြောင်းကိုမေးရာ၊ ပန်းကုံးတန်းဆာကိုမရ၍ ငိုနေပါကြောင်းလျှောက်ထားလေလျှင်၊ မြက်ကရွတ်ခွေကို ယူခဲ့ဆို၍၊ ယူလာသောမြက်ကရွတ်ခွေကို ၎င်းသူငယ်မခေါင်း၌ စွပ်လေဟု မိန့်တော်မူသဖြင့် စွပ်လေလျှင်၊ ထိုမြက်ခွေသည် အထွေထွေဆန်းကြယ်သော ဣရွစ်ပန်းကုံးရတနာဖြစ်နေ၍ ထိုပန်းကုံးနှင့်တူသော ရတနာသည် မင်း၏ နန်းတော်မှာမျှပင် မဖို့ခြင်းကြောင့်၊ မလိုသော သူတို့သည် မင်း၏ဘဏ္ဍာဂါဂိုး၊ ဤဆင်းရဲသူမသည် ခိုးယူချေ၏ဟု မင်းအား ကုံးချော

လျောက်ထားကြဆဖြင့် မင်းကြီးလည်း မတွေးတောဘဲ၊ သူငယ်မအား ဖမ်းဆီးနှောင်ဘွဲ့လေ၏၊ထိုအကြောင်းကိုသိ၍၊ မထေရ်ဆည် နန်းတော်သို့ သွားကာ၊မှင်းကြီး အဘယ်ကြောင့် သူငယ်မကို ဖမ်းစေသနည်းဟု မေး တော်မူလေလျှင်၊မင်းကြီးက-ဘုရှင်ဘုရား ဤသူငယ်မ၏အိမ်၌ အလှူနှဆန်း ကြယ်၊ရှူချင်ဘွယ်သော၊ဖျော်ပန်းကုံးကို တွေ့ရှိပါသည် ဤပန်းကုံ မျိုး.သည် တကာတော်နန်းတော်တွင်းဦးပင် မရှိပါ၊ မခိုးယူဘဲ အဘယ်မှာရမည်နည်း ဟု လျောက်ထားရာ၊မထေရ်ဆည် မင်းကြီး၏ နန်းတော်ပြဿဒ်ကို တန်ခိုး တော်ဖြင့် အလုံးစုံလွှဲအတိဖြစ်စေပြီးလျှင်၊မင်းကြီး-သင်၏နန်းတော် ပြဿဒ် အလုံးဦးဤမျှမျှားပြား သောဖျော်တွေကိုအဘယ်မှရသနည်းဟု မေးလေသော်၊ မင်းကြီးထည်းမထေရ်၏တန်ခိုးတော်ကြောင့် ဖျော်ပန်းကုံးရမှန်းသိ၍ သူငယ် မကိုလွှတ်လေ၏။ လူအပေါင်းတို့သည်၊ဂင်းအာကြောင်းကိုသိ၌ကြ၍၊ ပဋိသန္ဓေ ဝန်ဆောင်မထေရ်အား အလွန်တရာကြည်ညိုကြ၍၊ များစွာသော ဆီပျားတင်လဲ တို့ကို လှူကြလေ၏။ မထေရ်ဆည် တပည့်ရဟန်းတို့အား စွန့်ပေးဆဖြင့် ရဟန်းတို့သည် ၎င်းဆီပျားတို့ကို အိုး,ခွက်,အိတ်,စသည်၌ထည့်၍၊ ခုနစ် ရက်ထက်မလွန် သိမ်းဆည်းသိုဖိုးထားခြင်းတည်းဟူသော အကြောင်း ကြောင့် ပညတ်တော်မူသည်။

အဂ်ါ.... ၁-ဆေး၏ ပိပိဉစ္စာအဖြစ်၊၂-နွေးခရေအတွက်လောက်သော အဖြစ်၊ ၃-ဆေးပြုအပ်သော ပလိဗောဇ်ပြုတ်ခြင်း၊ ၄-ခုနစ်ရက်လွန်ခြင်း။ ဤအဂ်ါ၌လေးပါးပြည့်စုံမှအာပတ်သင့်၏။

ဘေသဇ္ဇသိက္ခာပုဒ်အာဘွင့်ပြီး၏။

၂၄-ဝဿိကသာဋိကသိက္ခာပုဒ်အဘွင့်။

၄၃-၂၄။ ။ယာဒေသာသေသော ဂိဟာနံတွံ ဘိက္ခုနော ဝဿိကသာဋိံ ကစီဝရံ ပရိယေသိတဗ္ဗံ။ပ။ နိဿဂ္ဂိယံ ပါစိတ္တိယံ။ ။

နွေဥတုတို့၏ အာဆုံးတလသည် ကြွင်းသေး၏ဟု နှုတ်ဆိုးသွင်း၍၊ ရဟန်း သည် ဖိုးလေးခံသက်နှံးကိုရှာအပ်၏။ နွေဥတုတို့၏အာဆုံးလခွဲသည် ကြွင်း သေး၏ဟုနှုတ်ဆိုးသွင်း၍ ချုပ်ဆိုးကာဝတ်အပ်၏။ နွေဥတုတို့၏ အာဆုံးတလ သည် ကြွင်းသေး၏ဟုနှုတ်ဆိုးသွင်း၍၊ တန်ဆောင်မုန်းလပြည့်ကျော် တခက် နေ့မှစ၍၊ နယုန်လပြည့်တိုင်အောင်သော ခုနစ်လ အတွင်း၌၊ ဖိုးလေး

သင်္ကန်းကိုအကယ်၍ရှာငြားအံ့၊ နွေဥတုတို့၏ အဆုံးလခွဲသည် ကြွင်းသေး၏ဟု နှုတ်သွင်း၍၊ တန်ဆောင်မုန်း လပြည့်ကျော်တခက်နွေ့စ၍၊ နယုန်လကွယ်နေ့တိုင်အောင်သောရုန်စသခွဲအတွင်း၌ချုပ်ဆိုး၍ အကယ်၍ဝတ်ငြားအံ့။နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကား-ဝိဇ္ဇာဂဏ္ဌိ။

အဝယဝဏ္ဏ-အဓိပ္ပါယ်း

မာသော။ပေါင်မြာနံ....ဟူသောပါဠိဖြင့်၊ သင်္ကန်းကို ရှာမှီးရာ၊ ခေတ် အခါကိုပြ၏။ ။အဒ္ဓု။ပေါနိဝါသောဘဇ္ဇံ....ဟူသော ပါဠိဖြင့်၊ ကရဏာခေတ် ခေတ်ကိုပြ၏။ ။အဓိပ္ပါယ်ကား။ ။ဤ၌၊ ခေတ်သည်-ပရိယေသနခေတ်, ကရဏာခေတ်,နိဝါသနခေတ်,အဓိဋ္ဌာနခေတ်-ဟူ၍၊ ငေးပါးရှိ၏။ ထိုတွင် နွေဆတို့၏အာဆုံးဖြစ်သောနယုန်လပြည့်နေ့မှစ၍၊ တန်ဆောင်မုန်း ထပြည့်နေ့ တိုင်အောင်သောငါးလသည်၊ ပရိယေသနခေတ်မည်၏။ ဤငါးလအတွင်း ဇရိယိုးရေခံသင်္ကန်းကို ရှာမှီးအပ်၏။ ။ဝါဆိုထဆန်း တရက်နေ့မှ စ၍၊ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင်၊ လေးလခွဲသည်-ကရဏာခေတ်,နိဝါသနခေတ်မည်၏။ဤလအတွင်းခွဲချုပ်လုင်ခြင်း,ဝတ်ခြင်းငှါအပ်၏။ ။ဝါဆိုလပြည့်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင်သော ခေတ်သည်၊ အဓိဋ္ဌာနခေတ်မည်၏။ဤလေးလခွဲသော အဓိဋ္ဌာန်တင်အပ်၏-ဟုမှတ်။

ပေါင်းငါးလ,တပါးကြွင်းသောရုန်စသည်၊ပဝိဋ္ဌသမယမည်၏ ၎င်းပဝိဋ္ဌသမယခွဲ၊အညာတ,အပ္ပဝါရိတ,ပုဂ္ဂိုလ်တို့၏အထံ၌၊ဇိုးယိုးရေခံ သင်္ကန်းကို ရှာမှီးသော ရဟန်းအား ပရိယေသန နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။ တန်ဆောင်မုန်းလပြည့်နေ့မှစ၍၊နယုန်လကွယ်နေ့တိုင်အောင်ရုန်စ်လကွဲအတွင်းခွဲ၊ချုပ်ဆိုး၍ဝတ်ငြားအံ့၊ နိဝါသနနိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ပညပ်တော်မူရခြင်းအကြောင်းရင်းဝဏ္ဏ။

၌သိက္ခာပုဒ်တော်ကို၊သုံးလုံးထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည်မှန်၊ဇေတဝန်ရွှေကျောင်းခွ၊ ကိုန်းအောင်း မွေ့လျော်၊ စံပျော်တော်မူစဉ်၊ ဇိုးယိုးရေခံသင်္ကန်းကိုခွင့်ပြုတော်မူရာ၊ ဆဗ္ဗဂ္ဂိုရဟန်းတို့သည်၊ ဇိုးယိုးအာခါမကျမီ-ရှေးမဆွနွေလကုန်၊ကြိုတင်၍၊ ဇိုးယိုးရေခံသင်္ကန်းကို၊ ရှာမှီးခြင်း, ချုပ်လုပ်ခြင်းစသောအကြောင်းကြောင့် ပညပ်တော်မူသည်။

အခ်က်ကို....၁-ဖိုးယင်းရေခံသက်နှံး၏ မိဒိဉ္ဇာကို ညွှန်းအပ်သည်အဖြစ် ၂-အခါမဟုတ်သည်ဖွဲ့ရာခြင်း၊ ၃-ရှာသဖြင့်ရခြင်း။ ဤကား ပရိယေသနအာပတ်၏အခ်က် ၂သိုးပါးတည်း။ ၁-သက်နှံးဒိုသည်၏အဖြစ်၊ ၂-ဘေးရန်မရှိခြင်း၊ ၃-ဖိုးယင်းရေခံသက်နှံး၏ မိဒိဉ္ဇာအဖြစ်၊ ၄-အခါမဟုတ်သည်ဖွဲ့ဝတ်ခြင်း။ ဤကား နိဝါသနအာပတ်၏ အင်္ဂါ ၂လေးပါးတည်း။ဤအင်္ဂါ ၂နှင့် ပြည့်စုံမှ အာပတ်သင့်၏။

ဝသိကဿာဒိုကသိက္ခာပုဒ်-အဘွင့်ပြီးပြီ။

၂၅-စီဝရအစ္ဆိန္နနသိက္ခာပုဒ်အဘွင့်။

၄၄-၂၅။ ။ယော ပန ဘိက္ခု ဘိက္ခုဿ သာမံ စီဝရံ ဒတ္ဝာ ကုပိတော အနပ္ပဥ္ဇမနော အစ္ဆိန္ဒေယျ ဝါ အစ္ဆိန္ဒာပေယျ ဝါ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။ ။

.အကြင်ရဟန်းဆည် ရဟန်းတပါးအား ကိုယ်တိုင်သက်နှံးကိုပေးပြီး၍၊ အမျက်ထွက်သည်ဖြစ်၍၊ မိမိမူလည်းလုယက်ငြားအံ့၊ သူတပါးကိုမူလည်း လုယက်စေငြားအံ့။ ထိုရဟန်းအား နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ ။ ဟူလို။ ။ဤကား-ပိဏ္ဍတ္ထ။

ပညဒ်းတော်မူရခြင်းစာကြောင်းရင်းဝဏ္ဏ။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊သာဝတ္ထိပြည်မှန်၊ ဇေတဝန်ကျောင်း၌၊ ကိုန်းအောင်းမွေလျော်၊ စံပျော်တော်မူစဉ်၊ အရှင်ဥပနန္ဒမထေရ်သည်၊ ဒေသစာရိလှည့်လည်လိုသဖြင့် အစ်ကို၏သဒ္ဓိဝိဟာရိကဖြစ်သော ရဟန်းတပါးကို နောက်လိုက်ပို့ရန်၊ သက်နှံးပေး၍ခေါ်ရာ၊ ထိုရဟန်းသည်လည်း လိုက်ပါမည်ဟု ဝန်ခံပြီ မှ၊မြတ်စွာဘုရားလည်း ဒေသစာရီ၊ဖြန့်ချီမည်ကိုကြားရသဖြင့်၊ ဘုရားရှင်နှင့်သာ ဒေသစာရီလိုက်လိုရကား၊သက်နှံးကိုယူပြီးမှမလိုက်သဖြင့်၊ ၎င်းသက်နှံးကိုလုယူမှုကြောင့် ပညပ်တော်မူသည်၊ ။ဤ၌-ပေးပြီးရင်းစွဲကပင်၊မိမိ၏ဝေယျာဝစ္စအစရှိသောအမှုပြုရန်ကို ငဲ့၍ပေးလျက်၊ သကာသညာဖြင့် လုယူသောကြောင့်သာ နိဿဂ္ဂိပါစိတ်အာပတ်သင့်သည်ဟု မှတ်။

အဝယဝဏ္ဏ အဓိပ္ပါယ်။

ဒုဇ္ဇေအပ္ပဝါရိဒီးတာ....ဟူသောပါဠိဖြင့်၊ သင်္ကန်းရှင်တို့ မတိတ်သော အာနက်ကိုပြု၏။ ။ဒီကပ္ပံ....၌ ဝိ-သဒ္ဒါသည်၊ဝေတ္တဏ္ဍဝိသေသကဖြစ်၍၊ ဝိသိဋ္ဌ,အာဓိက,အာနက်ကိုဟော၏။ ။ကုဒံခေါ် အာဝုဒေးဒ....စသောပါဠိဖြင့်၊ဝိကပ္ပအာရစိရင်ပုံကိုပြု၏။ ။ဒိယျတိ....ဟူသောပုဒ်ကား၊ဝိ-ဝေတ်၊ ယ ပစ္စည်း၊ ကမ္မဂျပ်ဖြစ်၍၊ ဝိယတိ,ဝိယျတိ နှစ်ချက်သင့်၏၊ ။ယက်အာပ်၏-ဟုပေး။

ဒိဋ္ဌတန္ဒ....ဟူသောပုဒ်ကား၊ ဝိ-ရှေးရှိသော-ထရဓာတ်၊ တ-ပစ္စည်း၊ ဝိတ္ထာရတ္ထဝါစိ။ ။ဝိတ္ထာရိယတေ ဝိတ္ထတံ။ ။ဟုဘာဝသာဓ်ပြု။ ။ အပ္ပိတန္ဒ... ဟူသောပုဒ်ကား၊ ဃနအာနက်ကိုပေး၏။ ၊သုဝိးလဒိတန္ဒ ဟူသောပုဒ်ကား၊ သု-ရှေး,ဝိ-ရှေးရှိသော-လိခ-ဓာတ်၊တ ပစ္စည်း၊ သု-သဒ္ဒါကားသုဋ္ဌုအာနက်ဟော။ ။သုဋ္ဌုဝိလိခိယတေတိ သုဝိးလခိတံ။ ။ဟုပြု။ ဂင်းပုဒ်တို့ကား ဘာဝပ္ပဓာနပုဒ်တို့တည်း။ သို့ဖြစ်၍ ဘောသံပေါ်အောင်-ကောင်းစွာနယ်ဖြင့်ကန်အပ်သည်၏အဖြစ်ကို...ဟုပေး။

သုဒိတန္ဆိတန္ဒ....ဟူသောပုဒ်ကား၊သု ရှေး,ဝိ-ရှေးရှိသော တန္ဆဓာတ်၊ တ-ပစ္စည်း။ ။သုဋ္ဌုဝိတန္ဆိယတေတိ သုဝိဘန္ဆိတံ၊ ။ဟုပြု။ကောင်းစွာဘီးဖြင့် ဖြိုးအပ်သည်၏ အဖြစ်ကို။ ၊ဟုပေး။ ။အာဓိပ္ပါယ်ကား၊ ။ ထိုသို့အာထူးစိရင်သောရဟန်း၏ စကားဖြင့်-ယက်ကန်းသည်သည်သင်္ကန်းရှင်လက်မှ ချည်ကိုထပ်တောင်း၍၊ စဉ်းငယ်မျှ အလျှားရှည်သည်ကိုငင်း, အနံပြန့်သည်ကိုငင်း, ထူသည်ကိုငင်း, အာကယ်၍ပြုပြင်းအံ့။ ထိုယက်ကန်းသည်၏လုံ့လဖြုတို့ငင်း ဒုက္ကဋ်အာပတ်သင့်၏။ ရသဖြင့် နိဿင်္ဂိပါစိတ်အာပတ်သင့်၏။ ဟူလို။

ပညပ်းတော်မှုခြင်းအစကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊သုံးလုံ့ထွဋ်တင်၊ဘုရားရှင်သည်၊သာဝတ္ထိပြည်မှန်၊ ဇေတဝနာရှေကျောင်းဌ၊ ကိုန်းအောင်းငွေမွှေလျက်၊ စံပျော်တော်မူစဉ်၊ မထင်ရှားသောတကာတဦးသည်မိမိမယားကို ရှင်မငါသည်အခါတပါး သို့သွား မည်။ချည်ကိုဖျှန်၍ ယက်ကန်းသည်ကိုပေးလေ့။ ငါမရောက်မီ ပြီးအောင် ယက်၍ထားနှင့်ပါ။ငါရောက်လျှင်ရှင်ဥပနန်ကိုလှူအံ့ဟုဆိုလျှင်၊ထိုစကားကို

ဆွမ်းခံသောရဟန်းတပါးကြား၍၊ ရှင်ဥပနန်ကိုပြောလေ၏။ ရှင်ဥပနန်သည် လည်းယက်ကန်းသည်အိမ်သို့သွား၍အလျားရှည်အောင်, အနံကြီးအောင်, တခဲနက်ထူအောင်,ညီညွတ်စွာယက်ပါ-စသည် စီရင်လေရာ၊ ပထမ အခါထားသောချည်သည် ကုန်သဖြင့် တဖန်ထပ်၍ ယက်ကန်းသည်က သက်နံးရှင်မိန်းမထံရှင်ဥပနန်စိမ်၍ချည်မထောက်သဖြင့် ချည်ထပ်မံပေးရန်တောင်းယူ၍စိမ်သောအတိုင်းယက်လေ၏။ ယောကျ်ားသည်လည်း ရွာတပါးမှပြန်လာ၍ရောက်လျှင်၊ရှင်ဥပနန်လည်းကြွလာ၍၊မိန်းမထံသက်နံးလှူရန် သက်နံးတောင်းလေ၏။ ထိုအခါ အိမ်ရှင်မိန်းမသည်၊အကြောင်းအလုံးစုံကို ပြော၍ သက်နံးကို ပေးလေ၏။ တကာသည်လည်း သက်နံးကို ရှင်ဥပနန်အားကပ်လှူ၍၊မျှားစွာကဲ့ရဲ့မှုကြောင့် ပညတ်တော်မူသည်။

အင်္ဂါ....၁-အညာတိ, အပ္ပဝါရိတဖြစ်သော ယက်ကန်းသည် တို့သို့ကပ်၍ အလွန်စီရင်ခြင်း၊ ၂-သက်နံး၏ မိမိကိုညွှန်းသည်၏ အဖြစ်၊ ၃-ထိုရဟန်း၏စကားကြောင့် ချည်ကိုပွါးစေခြင်း၊ ၄-သက်နံးကို ရခြင်း။ ဤအင်္ဂါလေးပါးပြည့်စုံမှ အာပတ်သင့်၏။

မဟာပေသကာရ သိက္ခာပုဒ်-အာဒွင့်ပြီး၏။

၂၈-အန္ဓေကဓိဝရသိက္ခာပုဒ်အာဒွင့်။

၄၇-၂၈။ ။ဒသာဟာနာဂတံ ကဉ္စိဒေဝကတေဓာသိကပုဗ္ဗဏှသမယံ ဘိက္ခူ နော ပနေဝ အန္ဓေကဓိဝံ ဥပ္ပဇ္ဇေယျ။ပ။ နိဿဂ္ဂိယံ ပါစိတ္တိယံ။ ။

သိတင်းကျွတ်ထပြည့်နှေသို့ဆယ်ရက်ဖြင့် မရောက်သေးသော သိတင်းကျွတ်လဆန်းငါးရက်နှေ၌၊ရဟန်းအားသာလျှင် အဆောတလျှင် ရှောင်တခင်လှူအင်သောသက်နံးသည် အကယ်၍ဖြစ်ငြားအံ့၊အဆောဘလျှင် ရှောင်တခင်လှူအင်သောသက်နံးဟူ၍သိသောရဟန်းသည် အာလှူခံအာပ်၏၊ အလှူခံပြီး၍၊သက်နံးကာလဆုံးသည်တိုင်အောင်သော ကာလပတ်လုံးထားအာပ်၏။ ထိုသက်နံးကာလထက်အာသွန်၊ အကယ်၍ထားငြားအံ့။ နိဿဂ္ဂိယပါစိတ် အာပတ်သင့်၏။ ။ဟူလို။

ဤကား-ပိထွာဇ္ဇ။

အဝယဝဋ္ဌအစိပ္ပါယ်။

ဒဿာဟာနုဂတံ... ဟူသောပုဒ်ကို။ ။ဒသ အာဟာနိ ဒဿာဟံ။ ။ ဒဿာဟေန အာနုဂတံ ဒဿာဟာနုဂတံ။ ။ဟူပြု။ဆယ်ရက်ဖြင့်မရောက်သေးသော ဟူပေး။

အန္တေကဒိဝံ... ဟူသည်ကား၊စစ်ထိုးခြင်းငှါ သွားလိုသော သူသည် လူအင်သောသက်နဲ့,အရင်တပါးသို့ သွားလိုသောသူသည် လူအပ်သော သက်နဲ့, နာသောသူ·ကိုယ်ဝန်ဆောင်သော သူတို့သည် လူအပ်သော သက်နဲ့,မသင်္ခါသော သူ၏ သင်္ခါပေါ်သည့်အခါ လူအင်သော သက်နဲ့ မကြည်သို့သော်သူ၏ကြည်သို့သောအခါလူအပ်သောသက်နဲ့, ဤအဆုံးစုံသောသက်နဲ့သည် အဆေးတလုံင ရှောင်တခင် လူအပ်သောကြောင့်-အန္တေကသက်နဲ့မည်၏။

ဒဿာဟာနုဂတအဆုံးစဖြတ်။

အဋ္ဌကထာဆရာသည်၊ဤသိက္ခာပုဒ်နှင့် ပထမကထိန သိက္ခာပုဒ်သည်၊ ဒသာဟာချင်းတူသဖြင့် အာနက်အာထူးမရှိ။ အထူးပြုတို့အား သွေ့ခ်ွာသော လျှင် ထပ်၍ ဟောတော်မူသည်ဟု ဆုံးဖြတ်တော်မူ၏။ ၎င်းအဋ္ဌကထာ စကားကို၊ဋီကာ-သုံးစောင်က ပယ်ရှားတော်မူကြ၏။ ။ပယ်ပုံကား.... အဋ္ဌကထာ၌။ ။"ဇုဏ္ဍပဂ္ဂပဋ္ဌပဋ္ဌမိဒတာ ပဋ္ဌာယဉ္ဉပ္ပန္နသသ"။ ။စသည်ကို မိန့်တော်မူသဖြင့် သိတင်းကျွတ်လဆန်း ၅-ရက်နေ့ကစ၍၊ ထပြည့်နေ့ထိ ပေါင်း တဆဲ့တရက်သည်၊ အန္တေကသက်နဲ့ကို သိုမှီးသိမ်းဆည်းခမည့် အခါဖြစ်၏။ ထိုကြောင့် ကထိနမခင်းလျှင်၊ တထနှင့်ဆဲ့တရက်, ကထိန်ခင်း လျှင် ငါးလနှင့်ဆဲ့တရက်တိုင်အောင်၊အန္တေကသက်နဲ့ကိုအာဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲထား၍သင့်ဖြင့် ပထမကထိန-သိက္ခာပုဒ်ထက် တရက်ပိုလွန်သော ကြောင့် အဋ္ဌကထာဆရာ၏ စကားသည်မသင့်၊ ပမာဒပါဠိသာ တည်းဟု တရေသကဏ် ဝိမတိ,ကခ်ါဋီကာသစ် ဆရာသုံးဦးတို့က တပြိုင်နက် ဆုံး ဖြတ်ကုန်၏။ ။ထိုအန္တေကသက်နဲ့ကို၊တန်ဆောင်မုန်းထပြည့်နေ့, တပေါင်း လပြည့်နေ့ထက်ဒုလွန်၊ အာဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲထား၌ခံ။ နိဿဂ္ဂိ ပါစိတ်အာပတ်သင့်၏-ဟုမှတ်။

ပညတ်တော်မူရခြင်းအကြောင်းရင်းဝတ္ထု။

၍သိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည့်မွန်၊ ဇေတဝနရွှေကျောင်းဌ၌၊ ကိန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊ အမတ်ကြီးတယောက်သည် အရပ်တပါးသို့ သွားလို၍၊ အန္တရာယ်ကင်း၊ ဘေးရှင်းခြင်းစသည်အကျိုးငှါ၊ ဝါဆိုသက်နှံလှူလိုသဖြင့် ရဟန်းတော်များကိုပင့်ရာ၊ရဟန်းတော်များကဝါကျွတ်ပြီဖြစ်၍၊ ဝါဆိုသက်နှံကိုမြတ်စွာဘုရားသည် ခွင့်မပြုသောကြောင့် မကြွနိုင်ဟုဆိုကြ၏။ ထိုသို့မကြွသဖြင့် အမတ်ကြီးကကဲ့ရဲ့သည်ကို မြတ်စွာဘုရားသိတော်မူ၍၊ချစ်သားတို့ ရှောင်တခင်လှူအပ်သော အရွက်သက်နှံကို အလှူခံ၍၊ သိုမှီးဖို့သောငှါ ငါဘုရားခွင့်ပြုတော်မူ၏ဟု ခွင့်ပြုတော်မူသဖြင့် ရဟန်းတော်တို့သည် အရွက်သက်နှံတို့ကိုအလှူခံ၍ သက်နှံတန်းခွ အထုပ်ဘွဲ့ကာ၊ သက်နှံအခါကို လွန်၍ထားကြခြင်းတည်းဟူသောအကြောင်းကြောင့်၊ပညတ်တော်မူသည်။

အခ်ဂ်ါ....ပထမကထိန သိက္ခာပုဒ်အာဂ်ါငါးပါးတွင် ကာလ လွန်ခြင်းအင်္ဂါမျှထူးသည်။

အရွက်စိုဝရသိက္ခာပုဒ်-အာဘွင့်ပြီးပြီ။

၂၉-သာသက်သိက္ခာပုဒ် အာဘွင့်။

၄၈-၂၉။ **။ဥပဝဿံခေါ် ပန ကတ္တိကဝုဏ္ဏမံ ယာနိခေါ် ပန တာနိ အာရညကာနိ သေနာသနာနိသာသက်သန္တံတာနိ။။။ပ။ နိဿဂ်ိယံ ပါစိတ်ဂ်ိယံ။ ။**

ပုရိမဝါသို့ ကပ်နေပြီး၍သာလျှင် ရှံ့ရှာဘွယ်ရှိ၏ဟု သမုတ်အပ်ကုန်သော ဘေးဘျမ်းနှင့်တကွ ဖြစ်ကုန်သော, တောခိုဖြစ်ကုန်သော, အကြောင်းကျောင်းတို့သည်ရှိကုန်၏။ ထိုသို့သဘောရှိကုန်သော ကျောင်းတို့၌၊ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင်သောကာလပတ်လုံး၊နေလိုသော ရဟန်းသည်၊အကယ်၍သည်ရှိသော် သုံးထည်သော သက်နှံးတို့တွင်၊ တထည်ထည်သောသက်နှံးကို ရွာတွင်းခွထားရာ၏၊ ထိုရဟန်းအား ထိုရွာတွင်းခွ ထားသောသက်နှံးနှင့် အရပ်တပါးသို့သွားသဖြင့် ကင်း၍ နေခြင်းငှါ တစုံတရာသာလျှင်ဖြစ်သော အကြောင်းသည်ရှိငြားအံ့၊ ခြောက်ညဉ့်၌ အပိုင်းအခြားငှါသောကာလပတ်လုံး၊ ထိုအရပ်တပါးသို့ သွားလိုသော ရဟန်းသည်

ထိုရွာထွင်းခွဲ ထားသော သက်နှံးနှင့်ကင်းခြ နေအာပ်၏၊ သမ္မုတိရသော ရဟန်းကိုထား၍၊ ထိုခြောက်ညှဉ့်ထက်အလွန် အကယ်၍ အခြပ်တပါးခွ ကင်းခြ နေခြားအံ့။ နိသဿဂိပါဒိတ်အာပတ်သင့်၏၊ ။ဟူလို။

ဤကား-ဝိဇ္ဇာထ္ထ။

အဝယဝတ္ထုအဓိပ္ပါယ်၊

ဥပဝသံ... ဟူသောပုဒ်ကား၊ဥပသမ္မဇ္ဈ-ပုဒ်ကဲ့သို့၊ တွာပစ္စယန္တ-ကိတ်ပုဒ်။နိဂ္ဂဟိတ်မရှိသော၊ ဥပဝသ-သာပုဒ်ရင်းဘည်း။ သုခစွာရဏာအကျိုး ၌၊နိဂ္ဂဟိတ်လာ၍ "ဥပဝသံ"ဟုပြီး၏။ ။ထိုကြောင့်-ဥပဝသံခေါပန၊ ပုရိမဝါသိုကပ်နေပြီး၍သာလျှင်-ဟုပုဗ္ဗကာလသံပေါ်အောင်ပေး။

အာရညကာနိ .. ဟူသောပုဒ်အရ၊ ရွာ၏ တံခါးဆုံမှ ကုလလေးတာ' ငါးရာအတိုင်းအရှည်ရှိသော အရင်၌ တည်ရှိသော တောကျောင်းစစ်ကို သာယူအပ်၏။ ။သာသက်သမ္မတာနိ....ဟူသောပါဠိအရ၊ အရာမ်တွင်း၌ဌင်း,အရာမ်ဥပစာန်ဌင်း,သူခိုးတို့၏ ဝင်ရောက် နေထိုင် စားသောက်ခြင်း စသည်ကိုဖြင်ရသော ကျောင်းမျိုးကိုယူ။

သဗ္ဗဒီဘယာနိ ဟူသောပုဒ်အရ၊ ခိုးသူတို့သည် လူများကို သတ်ဖြတ် လုယူထောင်းထုသွားဉီးဆဲခြ ားဘေးရန်ရှိသောကျောင်းကိုယူ။

အဓိပ္ပါယ်ကား၊ ။ပုရိမဝါသိုကပ်၍၊မဟာပဝါရဏာနေ့၌ပဝါရဏာ ပြုသည်ဖြစ်စေ၊သီဘင်းကျွတ်လပြည့်နေ့မှ၊ တန်ဆောင်မုန်းလပြည့်နေ့ရက် အတွင်းလည်းဖြစ်စေ၊ ကုလလေးတာ ငါးရာရှိသော ဘောကျောင်းလည်း ဖြစ်စေ၊ သာသက်-သပ္ပဒိဘယသည်းရှိသည်ဖြစ်စေ၊ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံမှ သာလျှင်၊ မိမိအလိုရှိရာ ရပ်ရွာ၌၊ သင်္ဃန်း သုံးထည့်တို့တွင် တထည်ထည့်ကို ခြောက်ရက်ပတ်လုံး ထားအပ်၏။ နာသဖြင့် သမ္မုတိရသောရဟန်းကိုထား၍၊ ၎င်းထက်အလွန်ခုနစ်ရက်မြောက်သော အရုဏ်ကို တက်စေခြားအံ့။နိသဇ္ဇာပါဒိတ်အာပတ်သင့်၏၊ ။ဟူလို။

ပညတ်တော်မူခြင်းအကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊သုံးလူ့ထွန်းတင်၊ ဘုရားရှင်သည်၊ သာဝတ္ထိပြည်မှန်၊ ဇေတဝန်ရွာကျောင်း၌၊ ဂဉ်နန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊

ဝါမှကျွတ်ပြီးဆော် ရဟန်းတို့သည် တောသို့ဝင်၍ နေကြကုန်၏။ ကတ္တိက သူဋ္ဌိုးတို့သည် ရဟန်းတော်ဘို့မည်သည် ၃း၊ လာဘ်သပ်ပကာပေါမျှား ကုန်၏ ဟုအောက်မေ့ကုန်၍၊ ရဟန်းတော်ဘို့ကို ဒွိပ်စက်ခိုးယူကြကုန်၏။ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားလေသော်၊ မြတ်စွာဘုရားသည်၊ ရဟန်းတော်တို့အား၊ ခေါ်ဘော်မူ၍၊ တောခွဲနေသော ရဟန်းသည် သက်နိုးသုံးထည်တို့တွင်၊ တထည်ကိုရွာတွင်းခွဲထားအပ်၏ဟု ခွင့်ပြုတော်မူ၏။ ထိုသို့ခွင့်ပြုတော်မူသောအခါ၊ ရဟန်းတို့သည် ရွာတွင်းခွဲ၊ သက်နိုးကို ခြောက်ရက်ထက် အလွန်ထားကြ၍၊ သက်နိုးများပျက်စီးခြင်း တည်းဟူသော အကြောင်းကြောင့် ပညတ်တော်မူသည်။

အညတြဘိက္ခုသမ္မုတိယာ....ကား အာနုပညတ်တည်း။ **အဂ်ါ**....၁-တိ စီဝရိတ်အဓိဋ္ဌာန်ဖြင့် အာဓိဋ္ဌာန်တင်အပ်သော သက်နိုး၏အာဖြစ်၊ ၂-သမ္မုတိ မရခြင်း၊ ခဲ့-ကင်းရှင်နေခြင်း၊ ဤအင်္ဂါ ၃သိုးပါးပြည့်စုံမှအာပတ်သင့်၏။

သာသက်သိက္ခာပုဒ်-အာဘွင့်ပြီး၏။

၃၀-ပရိဏာမသိက္ခာပုဒ်အဘွင့်။

၄၉-၃၀။ ။**ယော ပန ဘိက္ခု ဇာနံ သံဃိကံ လာဘံ ပရိဏာမေတွာ အတ္တနော ပရိဏာမေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။** ။

အကြောင်းရဟန်းသည်သံဃာသို့ကိုယ်တိုင်ဖြင့်လည်းကောင်းလေပြီးသောသံဃာ၏ ဥစ္စာဖြစ်သော ရအပ်သော သက်နိုးစသောဝတ္ထုကို သိလျက်၊မိမိသို့လည်းကောင်း စေခြွေးအံ့။ ထိုရဟန်းအား နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။ ဟူလို။

ဤကား-ပိဏ္ဍာတ္ထ။

ဇာဝယဝဇ္ဇ-အဓိဋ္ဌိယ်။

သံဃိကံ....ဟူသောပုဒ်ကို။ ။**သံဃသဿ ဆန္ဒကံ သံဃိကံ**၊ ။ဟု ပြု။ ၊သံဃာ၏လက်သို့ ရောက်သောလာဘ်သည်-သံဃိကမည်၏။ ။ ဤသိက္ခာပုဒ်၌မူ၊သံဃာ၏လက်သို့ပင် မရောက်သေးသော်ထည်း၊ သံဃာသို့ လှူအံ့ဟု စိတ်ညွတ်ပြီ ဖြစ်သောကြောင့်-သံဃိကပင်မည်၏။ ။ဤသို့သံဃာသို့ ညွတ်ထေပြီးသောလာဘ်ကို အယုတ်အားဖြင့် အမိ၏ဥစ္စာပင်ဖြစ်စေ၊

ဒီဓိသို့ ညွတ်စေငြားအံ့၊ လုံ့လပြုဂိုင်း ဒုက္ကဋ်အာပတ်သင့်၏။ ရသဖြင့် နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။ ၊ဟူလို။ ၊တပါးသောသံဃာအား ရည်မှတ်ပြီးသောဆောတ်ကို၊တပါးသော သံဃားအားဂင်း,စေတီတော်အားဂင်း, ညွတ်စေအံ့ ဒုက္ကဋ်အာပတ်သင့်၏။ ၊တပါးသောစေတီအလို၌ စိုက်ထားသောပန်းကို တပါးသောစေတီကိုမလွှဲအာပ်။ ။အာယုတ်သဖြင့် တကောင်သောခွေးကိုရည်၍၊ညွတ်ပြီးသော ထမင်းစသည်ကို၊ တပါးသော ခွေးကို မကျွေးအာပ်။

အာန္တရမသော ဇကဲ့ သုနခံ ဥဒ္ဓိသိတ္တာ ပရိဏာတံ အာညဿ နဒါတဗ္ဗံ။ ။
ဥဒ္ဒေသဝိဂိကာ။

ပညတ်တော်မူရခြင်းအကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊ ဘုံးလူ့ထွဋ်တင်၊ ဘုရားရှင်သည်၊သာဝတ္ထိပြည်မှန်၊ ဇေတဝန်ကျောင်းဌ၊ ကိန်းအောင်းနေ့ဟူသျှင်၊ စမျဖါယ်တော်မူစဉ်၊ တကာတို့သည် အသင်းဘွဲ့၍ သံဃာကိုရည်မှန်း၍ဆွမ်းကိုဂင်း, သင်္ဃန်းကိုဂင်း, လှူအံ့ဟုစိုဂင်ကြကုန်၏။ ထိုအခါဆဗ္ဗဂ္ဂိရဟန်းတို့သည် တကာတို့အိမ်သို့သွား၍၊ သံဃာအားရည်မှန်းသော ဆွမ်းကိုဂင်း, သင်္ဃန်းကိုဂင်း, ငါတို့အား လှူပါဟုဆိုကြ၏။ တကာတို့လည်း သံဃာအား ရည်ပြီးသော ဆွမ်းသင်္ဃန်းဖြစ်ပါသည်။ မလှူလိုကုန်ဟူလျှောက်ထားကြ၏။ ထိုနောခါ ဆဗ္ဗဂ္ဂိရဟန်းတို့သည် သင်တကာတို့ကို အားထား၍နေရာ၊ သင်တို့မှ ငါတို့ကို မလှူပါလျှင် အဘယ်သူလှူအံ့နည်း စထောစကားဖြင့် နှိပ်စက်ညှဉ်းပန်း၍၊ အဝတန်တန်အလှူခံကြသောကြောင့်၊မလှူလိုသော်လည်း လှူရကုန်၏။ ထိုအကြောင်းကို အခြားသောရဟန်းတော်များသိ၍ ကဲ့ရဲ့ကြခြင်းတည်းဟူသော အကြောင်းကြောင့်၊ပညတ်တော်မူသည်။

အင်္ဂါ....၁-သံဃာ၌ ညွှန်းပြီးသည်၏အဖြစ်၊ ၂-ဒီဓိသို့ညွတ်စေခြင်း၊ ၃-ရခြင်း။ဤအင်္ဂါသုံးပါးဂြည့်စုံမှအာပတ်သင့်၏။

ပရိဏာတသိက္ခာပုဒ်-အာဘွင့်ပြီးပြီ။

နိဿဂ္ဂိယပါစိတ်အာဘွင့်ပြီးပြီ။

သုဒ္ဓပါစိတ်-မုသာဝါဒဝဂ်။

၁-မုသာဝါဒသိက္ခာပုဒ် အာဘွင့်။

ဣမေခေါပနာယသ္မန္တော်ဒွေနဝုတိ ပါစိတ္တိယာ
ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

၉၀-၁။ ။သမ္ဗဇာနမုသာဝါဒေ ပါစိတ္တိယံ။ ။

အာရုဏ်ဘုရားတို့၊ ၉၂-ပါးကုန်သောသုဒ္ဓပါစိတ် အာမည်ရှိကုန်သော အာပတ်တို့သည် သရုပ်အားဖြင့် ဖြာအပ်သည့်အဖြစ်သို့ရောက်ကုန်၏။ ။ သိလျက်ဖျတ်ယွင်းသောစကားကို ပြောဆိုခြင်းကြောင့် ပါစိတ်အာပတ် သင့်၏။ ။ဟူလို။ ။ဤကား-ပိထ္တာတ္ထ။

အဝယဝတ္ထု-အစ်ပွါယ်။

သမ္ဗဇာန မုသာဝါဒေ....ဟူသောပုဒ်၌၊ မုသာ-သဒ္ဒါကား၊ နိပါတ်ပုဒ် တည်း။ ။ဝဒနံ ဝါဒေါ။ ။မုသာ ဝါဒေါ မုသာဝါဒေါ။ ။သမ္မာ ပကာရေနဇာတိတိ သမ္ဗဇာနော၊ ။ရဟန်းရဖြစ်။ ။သမ္ဗဇာနဿ မုသာဝါဒေါ သမ္ဗဇာနမုသာဝါဒေါ၊ တဘွိ်။ ။ဟူပြီ။ ဘို့ဝိဘတ်လည်း နိဗ္ဗိတ်အနက်ကိုဟော၏။ ။ထို့ကြောင့်-သမ္ဗဇာနမုသာဝါဒေ၊ သိပြီးသိဆဲဖြစ်သော သူ၏ဖျတ်ယွင်းသောစကားကိုပြောဆိုခြင်းကြောင့်။ ဟုပေး။

အဓိပ္ပါယ်ကား။ ။မဟုတ်သောဝတ္ထုကိုဒေးဟုတ်အမှန်အားဖြင့်,ဟုတ် မှန်သော ဝတ္ထုကိုမဟုတ်မမှန်သောအားဖြင့်, ကိုယ်ဖြင့်ဂင်း, နှုတ်ဖြင့်ဂင်း, သူတပါးကိုသိစေခြင်း ပယောဂကြောင့်ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ပညတ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု။

ဤဆိုကျွာပုန်တော်ကို၊သုံးလှုထွဋ်တင်၊ဘုရားရှင်သည်၊သာဝတ္ထိပြည် မှန်၊ ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းမွေလျော်၊ စံပျော်တော်မူစဉ်၊ သာကီဝင်မင်းသားဖြစ်သော ရှင်ဟာတ္ထကသည်၊တိဿတို့နှင့် တရားစကား ပြောဟောကြလေသော်၊ ပယ်ပြီးမှ ဝန်ခံခြင်း,တပါးသော အကြောင်းဖြင့် တပါးသောအကြောင်းကို ဖုံးလွှမ်းခြင်း,သိလျက်မုသားစကားကို,ပြောဆို ခြင်း,တည်းဟူသောအကြောင်းကြောင့် ပညတ်တော်မူသည်။

အင်္ဂါ... ၁-ချက်ယွင်းစေလိုခြင်း၊ ၂-ချက်ယွင်းစေလိုသော စိတ်ဖြင့် အကြောင်အာနက်ကိုဆိုလို၏၊ ထိုအာနက်ကို ထိုပုဂ္ဂိုလ်အားသိစေခြင်းငှါ ကိုယ်နှုတ်ဖြင့် လုံ့လဖြုံခြင်း။ ဤအင်္ဂါနှစ်ပါးပြည့်စုံမှအာပတ်သင့်၏။

မုသာဝါဒသိက္ခာပုဒ် အဘွင့်ပြီး၏။

၂-ညြမသဝါဒသိက္ခာပုဒ်အဘွင့်။

၅၁-၂။ ။ညြမသဝါဒေ ပါစိတ္တိယံ။ ။

နှုတ်လုံ့ဆိုးခြင်းကြောင့်၊ ဝါ-နား, နှုလုံးကိုထိုးကျင့်သောစကားကိုဆိုခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။ ။ဟူလို၊

ဤကား-ဝိဏ္ဍာတ္ထ။

အဝယဝတ္ထု အဓိပ္ပါယ်။

ညြမသဝါဒေ....ဟူသောပုဒ်ကို။ ။ဝဒနံ ဝါဒေါ၊ ။ညြမသာနံ ညြဝိဒ္ဓါနံ ညြမဿော။ ။ညြမသော-ကား၊အဝ-ရှေးဦးသော မသ ဓာတ်၊ဝိဒ္ဓါနတ္ထေ၊ ။ ညြမဿသ ဝါဒေါ ညြမသဝါဒေါ-တာထိုံ။ ။ဟူပြု။ဝါဒေါ-ကား၊ဝဒ-ဓာတ်၊ ဏ-ပစ္စည်းဖြစ်၍။ ။"အ-ဇ္ဈုပစ္စယာ၊ဒုတိယာဏော၊ ဤသဘော၊ အဟော ပုဿိုင်သာ"။ ။နိယာမ်အခ၊ပဏာမော ကဲ့သို့၊ပုဿိုင်နှင့်အဆင်မှတ်။ ။ "ဘာဝသာဓန၊ ယျဉ်လတ်က၊ ရှေးပါဠိ ဆင်္ခိတပ္ပုဂိုသ်တွဲမြဲဘည်း"။ ။ နိယာမ်အ၊ရ၊ နောက်ဝါဒ ပုဒ်၊ ဘောဟော ဖြစ်ဆဖြင့်-ညြမဿသ ဟုဆင်္ခိ တပ္ပုဂိုသ်တွဲအပ်သတည်း။ ၊ထိုကြောင့် ညြမသဝါဒေ၊ နား၌စ်ဘက်ကို၊ ထိုးဆွဆကဲ့သို့သောစကားကို ပြောဆိုခြင်းကြောင့်။ဟူပေး။

ဆဲရေးခြင်းဆယ်ပါး။

ဇာတိနာမဂေါတ္တကမ္မ၊သိပ္ပဒါဗာဓလိင်္ဂကံ။
ကိလေသာပတ္တိအင်္ဂကြောသော၊ ဒသမောမသဝါဒကာ။ ။

ဂါထာအာရ၊ဇာတ်, ဒေးမည်, ဒါနွယ်, ဒေးမှု, ဓာတ်, ဒေနာ, အာသွင်, ကိုယေသာ, ဒေးဝပတ်, ယုတ်သောဆဲရေးခြင်း, အားဖြင့် ဆယ်ပါးသော ဆဲရေးခြင်းတို့တွင် အာမှတ်မရှိ တပါးပါးသော ဆဲရေးခြင်းအား ဖြ ၊ တရုံတယောက်ရဟန်းကို၊ နှုတ်ဖြင့်ဖြစ်စေ, လက်ဆုပ်ပြသဖြင့်ဖြစ်စေ, သူတပါးကိုမည္ဆန်းဘဲ ဆဲရေးသောရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူလို၊

ဤ၌၊ ဇာတ်ဖြင့် ဆဲရေးခြင်းဟူသည်ကား၊ ဟဲ့ နွားစဏ္ဍားမျိုးစသော အယုတ်ဇာတ်,ဟဲ့မင်းမျိုးစသော အမြတ်ဇာတ်, နှစ်မျိုးဖြင့် ဆဲရေးခြင်းကို ယူ။ ။အဉ္ဇော်သ-ဆဲရေးခြင်း ဟူသည်ကား၊ အမျိုးကို မသုံးသပ်မူ၍ နင်ခွေး,နင်တိရစ္ဆာန်, ယ အက္ခရာ,ဘ-အက္ခရာတို့ကို ပေါင်းရော ယှဉ်စပ်သော ရှေးကာလသုံး မေထုန်အနက်ဟော၊ ယဘ-ဟူသော ဆဲခြင်းမျိုး။ ယောက်ျား မိန်းမဝဋ္ဌိ၏ အင်္ဂါဇာတ်နှင့်စပ်သော ဆဲခြင်းများဆည်၊ ယုတ်သောအဉ္ဇော်သမည်၏၊ လူလိမ္မာဘဲ,ပညာရှိဘဲ,စသော ဆဲခြင်းများသည်၊ မြတ်သော အဉ္ဇော်သမည်၏။ ။(ကြင်းသော ဆဲရေးခြင်းများကား သိလောက်ပြီ)။

ပညတ်တော်မူရခြင်းအကြောင်းရင်းဝဏ္ဏ၂။

ဤသိက္ခာပုဒ်တော်ကို၊သုံးလူ့ထွဋ်တင်၊ ဘုရားရှင်သည်၊ သာဝတ္ထိပြည်မှန် ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းမွေ့လျော်၊ စမ္ပာယ်တော်မူစဉ်၊ ဆင်ဖွဲ့ပို့ရဟန်းတို့သည်၊ သိထက်ကို ချစ်ကုန်သော ရဟန်းကောင်း တို့အား ငြင်းဆုံကြရာ၊ဇာတိစသော ဆဲရေးခြင်းမျိုးတို့ဖြင့် ဆဲရေးကြခြင်းတည်းဟူသောအကြောင်းကြောင့် ပညတ်တော်မူသည်။

အင်္ဂါ....၁-ဆဲအပ်သောသူ၏ ပဋ္ဌင်းအဖြစ်၊ ၂-သူတပါး မည္သွန်းမူ၍၊ ဆဲရေးခြင်း၊ ၃-သိ်ခြင်း၊ ၄-အနက်ကို ရှေးရှုခြင်း စသည်တို့၏ မဂ္ဂိခြင်း။ ဤအာဂိါလေးပါးပြည့်စုံမှ အာပတ်သင့်၏။

သြမဿဝါဒသိက္ခာပုဒ်အဘွင့်ပြီး၏။

၃-ပေသုညသိက္ခာပုဒ်အဘွင့်။

၅၂-၃။ ။ဘိက္ခုပေသုညေ ပါစိတ္တိယံ။

ရဟန်းတို့ကို ချောပစ်ကုံးတိုက်ခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။ ။

ဟူလို။ ။ဤကား-ဝိဘင်္ဂတ္ထ။

အဝယဝဏ္ဏ-အဓိပ္ပါယ်။

ဘိက္ခုပေသုညေ .. ဟူသော ပုဒ်ကို။ ။ပိသဒ္ဒေါ သဒ္ဒေါဏ္ဏတိတိ ပိသုဏောပုဂ္ဂလော။ ။ပိသ-ဓာတ်၊ သံ၇ဏ္ဏတ္ထ၊ဥဏာ-ပစ္စည်း။ ။ပိသုဏသဒ္ဒ

ဇုဒံ ပေသည်။ ။စကား၎ဂါ။ ၊ဘိက္ခ။။နံပေသည် ဘိက္ခ၊ပေသည်၊တာဿိံ။ ။ ဟူပြု။ ၊ဘိက္ခ၊ပေသည်ဟု၊ရဟန်းတို့၏အာထံသို့ ဆောင်အပ်သော ချောပစ် ဂုံးတို့ကိုသော စကားကြောင့်။ ဝ၊၊ရဟန်းတို့အား ချောပစ် ဂုံးတို့ကိုသော စကားကိုဆိုခြင်းကြောင့်-ဟု အာဏာတိသယတ္ထ သော်လည်းပေး၊

ဆယ်ပါးသော ဆဲရေးခြင်းတို့၏ အဓိကြောင်းတို့ဖြင့် တပါးပါးသော ဆဲရေးသောရဟန်း၏ ဆဲရေးသောစကားကို တပါးသောရဟန်း၏ အာထံသို့ ချစ်စေလိုခြင်းဖြစ်စေ, ကွဲစေလိုခြင် ဖြစ်စေ,ကိုယ်ဖြင့်ဂဠန်း,နှုတ်ဖြင့်ဂဠန်း, ဆောင်ယူချောပစ်ဂုံးတို့ကိုသောရဟန်းအား ပါစိတ်အာပတ်သင့်၏၊ ။ပဏ္ဏတိ။

ပညပ်တော်မူရခြင်းဓာတ်ကြောင်းရင်းဝဏ္ဏ။

ဤသိက္ခာပုဒ်တော်ကို၊သုံးလူ့ထွဋ်တင်၊ ဘုရားရှင်သည်၊ သာဝတ္ထိပြည်မှန်၊ ဇေတဝန်ဗုရုကျောင်းခြံ၊ ကိန်အောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည်၊ ခိုက်ရန်တွေ့ကြကုန်သော ရဟန်းတို့အား ဂုံးတို့ကိုချောပစ်ခြင်းကိုပြုကြခြင်းတည်းဟူသော အကြောင်းကြောင့် ပညပ်တော်မူသည်။

အဂ်ါ....၁-ပေသည်စကားကိုကြား၍၊ရဟန်းတပါး၏ အနိုးသို့ဆောင်ခြင်း၊ ၂-မိမိကိုချစ်စေလိုခြင်းစသည်တွင်၊ တပါးပါး၏ အဖြစ်၊ ၃-ထိုရဟန်း၏သိခြင်း။ဤအဂ်ါသုံးပါးပြည့်စုံမှ အာပတ်သင့်၏။

ပေသည်သိက္ခာပုဒ်အာဒိုင့်ပြီး၏။

၄-ပဒသောဓမ္မသိက္ခာပုဒ်-အာဒိုင့်။

၅၃-၄။ ။ယော ပန ဘိက္ခု၊ အနုပသမ္ပန္နံ ပဒသော ဓမ္မံ ဝါစေယျ၊ ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည် လူ,သာမဏေကို၊ပုဒ်ပြိုင် ဝိဒုကတ်သုံးပုံ၊ပါဠိအာဋ္ဌကထာ၊ဘရားကိုပို့ချပြသ်း၊ ထိုရဟန်းအား ပုဒ်အလိုက်တွက် အားဖြင့် ပါစိတ်အာပတ်သင့်၏။ ။ပဏ္ဏတိ။

ဤကား-ပိထ္တာထ္ထ။

အဝယဝတ္ထု အဓိပ္ပါယ်။

ဓမ္မံ....ဇ်ီအာရေကို၊သင်္ဂါယနာသုံးတန်သို့ တင်သော ပိဋကတ်သုံးပုံနှင့် တကွ၊ သင်္ဂါယနာမတင်အပ်သော ရာဇောဝါဒသုတ်, တိုက္ခိုဗြိယသုတ်, စသည်ကိုယူ။ ။ပဒသော....ဇ်ီ အာရေကား၊ ပဒ,အနုပဒ, အန္ဓကဋ္ဌရ,အနု ဗျဉ္ဇန-လေးပါးတို့တွင်၊တပါးပါးကိုယူ။ထိုတွင်-တရုတသောဂါထာ၏ ပထမ ပါဒသည်-ပဒ-မည်ဇ်ီ။ ဒုတိယ ပါဒသည် အနုပဒ-မည်ဇ်ီ။တလုံးလုံးသော အာကွရာသည် အန္ဓကဋ္ဌရ-မည်ဇ်ီ။ ရှေးဗျည်းနှင့်တူသော နောက်ဗျည်းသည် အနုဗျဉ္ဇနမည်ဇ်ီ။ ။တနည်း-ဗျဉ္ဇနသဒ္ဒါကို ပဒပရိယာယ်ကြံ၍၊ ရှေးပုဒ် နှင့်တူသော နောက်ပုဒ်သည် အနုဗျဉ္ဇနမည်ဇ်ီ။

ဆိုလိုရင်းကား။ ။၁-ဂါထာဗန္ဓ ဖြစ်သောတရားကို လူသာမဏေကို သင်ပြသောဇရာန်းသည်"မနောပုဗ္ဗင်္ဂမာဓမ္မာ"ဟူ၍ ရှေးဦးစွာသောပါဒကို၊ တပြိုင်နက်ချီ၍တပြိုင်နက် ချစေအံ့။ ပဒ-ပို့ချနည်းမည်၍၊ ပါစိတ် အာပတ် သင့်ဇ်ီ။ ။၂-ရဟန်းသည် "မနောပုဗ္ဗင်္ဂမာဓမ္မာ"ဟူ၍ ဆိုသော်၊ သာမ ဏေသည်၊ထိုပုဒ်ကိုမမှီသည်ဖြစ်၍ "မနောသဒ္ဒါမနောမယာ"ဟူ၍ ဒုတိ ယပုဒ်ကို၊တပြိုင်နက်ချ၍ပြီးစေအံ့။ အနုပဒပို့ချနည်းမည်၍၊ ပါစိတ်အာပတ် သင့်ဇ်ီ။ ။၃-"ရူပံအနိစ္စံ"ဟူ၍ရွတ်လေ့ဟုဆိုအပ်သောသာမဏေသည်၊ ရူ-ဟူသော အာကွရာတလုံးကိုသာလျှင်၊ ရဟန်းနှင့်တပြိုင်နက် ဆိုပြားအံ့။ အန္ဓကဋ္ဌရပို့ချနည်းမည်၍၊အာကွရာအရေအတွက်အားဖြင့် ပါစိတ် အာပတ် သင့်ဇ်ီ။ ။၄-ရဟန်းသည် "ရူပံအနိစ္စံ"ဆိုစဉ်၊ သာမဏေးသည်၊ လျင် သော ပညာရှိသောကြောင့် "ဝေဒနာအနိစ္စာ"ဟု၊ အနိစ္စ-ပုဒ်ချင်း တပြိုင် နက်ထပ်၍ ပြီးစေအံ့။ အနုဗျဉ္ဇန-ပို့ချနည်းမည်သဖြင့် အနုဗျဉ္ဇန အာရေ အတွက်အားဖြင့် ပါစိတ်အာပတ်သင့်ဇ်ီ-ဟုမှတ်။

ဆေးဉ်ဗုဒ်လက်ဝ။

အချိအချ၊တူပြိုင်မှု၊ပဒ-မည်သည်သော။
အသိုးချိမှု၊တူပြိုင်ချ၊ပဒအနုမှာ။
ရူပံ-အနိစ္စံ၊သင်ရွတ်ဆုံး၊ဆုံးတံရူမှာ၊နွေကွဲရာ။
ရူပံအနိစ္စံ၊သင်အံသော၁၊ပညာလျင်ထွေ၊ဝေဒနာအနိစ္စာ၊
တူစွာရွတ်မှု၊အမှတ်ပြု၊အနုဗျဉ္ဇနာ။
လေးပါးလုံးတွင်၊ရွတ်တိုင်းပင်၊ပြိုင်လျှင် သင့်သည်သာ။

ဇမ္ဗု.396-22

ပညပ်တော်မူရခြင်းအကြောင်းရင်းဝတ္ထု။။

ဤသိကၡာပုဒ်တော်ကို။သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည်မှန်၊ ဇေတဝနမ္ဟေကျောင်း၌၊ ကိန်းအောင်းမွေလျော်၊ စံပျော်တော်မူစဉ်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည်၊ လူဒါယကာတို့အား၊ ပုဒ်ပြိုင်ကာ တရားဓမ္မ၊ ဟောပြောပြောဆိုကြ၍၊လူဒါယကာတို့သည်၊အရိုအသေ ကင်းမဲ့ကြကုန်သောကြောင့် ပညပ်တော်မူသည်။

အဓိ်ဂါ....၁-လူသာမဏေအာဒါဖြစ်၊ ၂-ပုဒ်ပြိုင်ပို့ချခြင်း။ ၃-ဘပြိုင်နက် ဆုံးခြင်း။ ဤအာဂိ်ဂါသုံးပါးပြည့်စုံမှ အာပတ်သင့်၏။။

ပဒသောဓမ္မသိက္ခာပုဒ်-အာဘွင့်ပြီး။

၉-ပထမသဟဓေယျသိက္ခာပုဒ်အာဘွင့်။

၉၄-၉။ ။ယော ပန ဘိက္ခု အနုပသမ္ပန္နေန ဒုဗ္ဗုဂ္ဂါ ဒိရတ္တာ တိရတ္တံ သဟသေယျံ ကပ္ပေယျ၊ ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည်၊ လူသာမဏေနှင့် နှစ်ညဉ့်သုံးညဉ့်ထက် အလွန်၊ တမိုးတရာမ်ထည်းသောကျောင်း၌၊ အိပ်ခြင်းကိုပြုငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။။ ။

ဤကား-ပဏ္ဏာတ္တိ။

အဝယဝဒ္ဓ အခ်ီပ္ပါယ်။

အနုပသမ္ပန္နေန....ဟူသောပုဒ်အာဂါ၊ ရဟန်းယောကျ်ားကို ထား၍၊ ကြွင်းသောသူသည်-အနုပသမ္ပန္နမည်၏။။ ယုတ်သောအားဖြင့်၊ ပါရာဇိကဝတ္ထုဖြစ်သော တိရစ္ဆာန်သည်လည်း-အနုပသမ္ပန္နမည်၏။။

ဒုဗ္ဗုဂ္ဂိဒိရတ္တတိရတ္တံ....၌၊တိရစ္ဆာ-၏အခါ၊သုံးရက်ကိုသာယူ။ ။ဒိရတ္တာ-သဒ္ဒါကိုကား၊ လောကဝေါဟာရပြုပြစ်ခြင်းငှါသာဟောတော်မူသည်။

သဟသေယျံ....ဟူသောပုဒ်၌၊သေယျ-၏အာဂါကား၊အလုံးစုံ ဖြိုးမြဲအလုံးစုံကာသောကျောင်း, အဂိုးမျှားမြဲ အလုံးစုံကာသောကျောင်း, အလုံးစုံဒိုးမြဲ အကာတဝက်သာရှိသောကျောင်း အာဂိုးမျှားမြဲအကာမျှားသောကျောင်း,

များထော အဓိး ထက်ဝက်သာ ကာသောကျောင်း, ထက်ဝက်အခိုး များသော အကာဒ်ိသောကျောင်းများကိုသာယူရ၏။

ထိုကျောင်းဌ၊လူသာမဏောတို့နှင့်သုံးရက်ထက်အလွန်အိပ်သောရဟန်းသည်၊နေ့စဉ်ပါစိတ်အာပတ်သင့်၏။ ။အကာ၏ အပိုင်းအခြားကိုကား၊ ယုတ်သောအားဖြင့်၊ ပကတိလူတို့၏၊ နှစ်တောင်လက်ခြောက်ဆစ်ိုသော အကာ အရာမ်ကိုသာယူ။ ၊ထိုကြောင့် အဓိုးသာိ၏ အကာမိ၊ ဂ်၊ မပြည့်သော အကာိ်သော ကျောင်းစရပ်တို့ဌိကား အာပတ်မသင့်။ ။ (အဓိပ္ပါယ်အကျယ်ာိုို အလိုိပါမူ၊အဋ္ဌကထာကြီးများဌိရှုလင့်ကုန်)။

ပညပ်တော်မူရခြင်းအကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွဋ်တင်၊ ဘုရားရှင်သည်၊ အာဠဝီပြည်၊ အာဠဝကဝေစတိဌ်၊သိတင်းသုံးတော်မူစဉ်၊ တကာတို့သည် ကျောင်းသို့လာ၍၊တရားနာကြကုန်၏။တရားပေးသောမထေရ်များသည်၊တရားဟောပြီး၍၊ကျောင်းသို့ကြွသွားလေလျှင်၊ ရဟန်းငယ်တို့သည် တကာများနှင့်အတူ အိုပ်ကြရာ၊အဝတ်အချည်းနှီး,ယောင်ယမ်း ဟောက်ဟက်ကုန်လျက်၊အိပ်နေကြသည်ကို တကာများမြင်၍၊ ကဲ့ရဲ့မူကြောင့် ပညပ်တော်မူသည်။

ဥဒ္ဒေသဒါနဝဏ္ဏနာ... ကား၊ အနုပညပ်တည်း။ ။ဤအနုပညပ်ကို၊ သုံးလူ့ထွဋ်တင်၊ ဘုရားရှင်သည်၊ ကောသမ္ဗီပြည်၊ ဆီးတောကျောင်းဌ၊ ကိန်းဒေါင်းငှက်လျှ၊ စံပျော်တော်မူစဉ်၊ ရဟန်းတို့သည်၊ အရှင်ရာဟုလာအား၊ငါ့ရှင့်-မြတ်စွာဘုရားသည်၊သာမဏေတို့နှင့် ကဗိုးတရာမ်ထည်းသောကျောင်းဌ၊ မအိပ်ကောင်း-ဟုပညတ်ဘော်မူသည်။ ငါ့ရှင့်သည် သင့်တော်ရာကိုရှာ၍၊ အိပ်လော့ဟု ပြောကြားသဖြင့်၊ မြတ်စွာဘုရား၏ ကုဋိတွင်းဌ။အိပ်နေရခြင်းကိုအကြောင်းပြု၍၊ ခွင့်ပြုတော်မူသည်။

အင်္ဂါ....၁-ပါစိတ်ဝတ္ထုလောက်သောကျောင်းဖြစ်ခြင်း၊၂-ထိုကျောင်းဌ လူသာမဏောနှင့်အိပ်ခြင်း၊၃-လေးရက်မြောက်ဌနေဝင်ခြင်း။ ဤအင်္ဂါ၃သုံးပါးပြည့်စုံမှ အာပတ်သင့်၏။

သဟာသေယျသိက္ခာပုဒ်အာဘွင့်ပြီး၏။

၆-ဒုတိယသဗ္ဗညုသိက္ခာပုဒ်အဘွင့်။

၅၅-၆။ ။ယော ပန ဘိက္ခု၊ မာတုဂါမေန သဗ္ဗညုသညိံ ကပ္ပေယျ ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည် လူမိန်းမနှင့် တမိုးတရာမ်ထည်းသော ကျောင်းဌ၊ အတူတကွအိပ်ငြားအံ့၊ ထိုရဟန်းအားပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကား-ဝိဏ္ဍာတ္ထ။

အဝယဝတ္ထု-အစီမှုပြီယ်။

မာတုဂါမေန... ဟူသောပုဒ်အရ၊ ဒေယျတ်သဖြင့်၊ ထိုနေ့ဘွားကာစ ဖြစ်သောမိန်းမ,ကိုယ်ထင်ရှားရှိသော ဘိလူးမ, ပြိတ္တာမ, ပဏ္ဍာက်,မေထုန်ပါရာဇိက ဝတ္ထုထောက်သောဘိရန္ဆာန်မကိုယူ။ ထိုမိန်းမများနှင့် ဆိုအပ်ပြီးသော သဟသေယျ မြောက်သောကျောင်းဌ၊ တညဉ်မျှအိပ်ငြားအံ့ ၊ဦး ခေါင်းချသည်နှင့် တပိုင်နက်၊ ပါစိတ်အာပတ်သင့်၏။ ။ယသုကာလ မီး ရထား, သင်္ဘောပေါ်များဌ၊ ထင်္ဂိုသူ့နှန်သိလဝန်အာရှင်များ၊ များစွာသဘိထားသင့်ပေ၏။ မဟာဝိသုဒ္ဓါဂုံ ဆရာတော်ကြီးကား၊ သင်္ဘော ခရီးဌ သင်္ဘောအာကာရွက်ထည်ကဲ့၊လိပ်တင်၍ထားတော်မူလေ့ရှိ၏။

ပညတ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည်မှန်၊ ဇေတဝန်ရွှေကျောင်းဌ၊ ကိန်းအောင်းမွေထျော်၊ စံပျော်တော်မူစဉ်၊ သာကီဝင်မင်းသား ဖြစ်သော၊ အရှင် မဟာအနုရုဒ္ဓါ မထေရ်သည်၊ ကောသလဇနပုဒ်တို့မှ၊ သာဝတ္ထိပြည်သို့ သွားလေသော်၊ ညဉ့်ချမ်းအခါ ရှာတရှာသို့ရောက်လေ၏။ ထိုရှာဌ တကာမတယောက်သည်၊ ကောင်းမှုအလို့ငှါ၊ ဇည့်သည်တို့ တည်းခိုရာအိမ်ကို ပြုလုပ်၍ထားသဖြင့်၊ အရှင်မဟာအနုရုဒ္ဓါမထေရ်သည်၊ ထိုတည်းခိုရာအိမ်ဌ၊ ခွင့်ပန်၍ တည်းခိုတော်မူ၏။ ထိုနောက် အခြားလူဇည့်သည်များလည်း ရောက်လာ၍ ခွင့်ပန်ကာ တည်းခိုနေကြလေ၏။ ထိုအခါ တကာမသည်၊အရှင်မဟာအနုရုဒ္ဓါမထေရ်ကို မြင်ကတည်းကပင်၊တပ်နှစ်သက်သောစိတ်ရှိသည်ဖြစ်၍၊ အရှင်ဘုရား-

ဤနေရာသည်၊လူတို့နှင့်ပြွမ်းလျက်ချမ်းသာစွာ မနေရရာ။အာရှင်ဘုရားအဘို့ အိမ်အာတွင်းခွ၊ ညောင်စောင်းခင်းထားပါသည်။ထိုညောင်းစောင်းခွ ကျိန်းတော်မူပါဟုလျောက်ထားသဖြင့်၊မထေရ်သည်လည်း၊ထင်းညောင်းစောင်းခွ ကျိန်းလေသော်၊ တကာမသည့် ကောင်းစွာဖီးလိမ်း၊ ဝတ်စားဆင်ယင်၍၊ မထေရ်ထံလာလျက်၊အာကွန့်ပသည် အာရှင်ဘုရား၏အလုပ်အကျွေးမယားဖြစ်ပါရစေဟု အကြိမ်ကြိမ်လျောက်ထားပြောဆိုရာ၊မရသဖြင့် မိန်းမတို့၏မာယာဖြင့် ထမီကိုဆွတ်၍၊မထေရ်၏ခွင့်ခွ ထိုင်ခြင်း,သွားခြင်းကိုပြုလေ၏။ မထေရ်သည်ကား၊ ရဟန္တာဒုက္ခာရင်ဖြစ်သဖြင့် ဇာန်နှင်ကိုစောင့်၍၊ မျက်လွှာချလျက်နေလေ၏။ ထိုတကာမသည်၊ မိမိအလိုကို မလိုက်မှန်းသိလေလျှင် များစွာအံ့ဩကာ၊သဘိသံဝေဂရ၍၊ကန်တော့သဖြင့် မထေရ်လည်း သီးခံတော်မူ၏၊နှိုက်သင်းလေသော် မထေရ်ကို ဆွမ်းကျွေးပြုစုလေ၏။ မထေရ်လည်း ဆွမ်းဘုဉ်းပေးပြီးလျှင်၊တရားဟောခဲ့၍ ကြွလာရာ၊သာဝတ္ထိပြည်သို့ရောက်လေလျှင်၊ဂုဏ်အာကြောင်းကိုပြောကြား၍၊ ရဟန်းများကဲ့ရဲ့မှုကြောင့် ပညတ်တော်မူလေသည်။

အင်္ဂါ....၁-ပါဒိတ်လောက်သောကျောင်းဖြစ်စေ၊ ၂-မိန်းမနှင့် တကွအိပ်သည်ဖြစ်စေ၊ ၃-နေဝင်သည်ဖြစ်စေ။ ဤအံ့ဂါ ၃သုံးပါးပြည့်စုံမှအာပတ်သင့်၏။

သဟသေယျသိက္ခာပုဒ်-အာဘွင့်ပြီးပြီ။

၇-စမ္ပဇေသနာသိက္ခာပုဒ်အဘွင့်။

၅၆-၇။ ။ယော ပန ဘိက္ခု မာတုဂါမဿ ဥတ္တရိ ဆပ္ပဉ္စဝါစာဟိ စမ္ပံ ဒေသေယျ၊ အညတြ ဝိညုနာ ပုရိသဝိဂ္ဂဟေန ပါစိတ္တိယံ။ ။

ဒုကြောင်ရဟန်းသည်၊ သိကြားလိမ္မာသော လူယောကျ်ားကို ကြည်၍၊ မာတုဂါမအား၊ ငါးပုဒ်,ခြောက်ပုဒ်ထက်လွန်သောစကားတို့ဖြင့်၊ ပဋုကတ်သုံးပုံ၊ပါဠိဓာဠကထာ၊ တရားစကားကို မာဂဓဘာသာဖြင့် ဟောခြင်းအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ၊ဟူလို။

ဤကား-ပိတ္ထင်ထွဋ္ဌ။

အဝယာဒဏ္ဍ-အစိပ္ပါယ်။

ဥဏ္ဍာရိဆဲဥဥ္စဝါစာဟိ....ဟူသောပုဒ်၌၊ ဝါစာ-ဖြင့်အာရကို၊ ဂါထာဖြင့်တရ သောပါဒသည် တရသော ဝါစာမည်၏။ ။စုဏ္ဏိယဝါကျ၌မူ၊ ဝိဘတ်အာဆုံး ဂ္ဂိသောဘပုဒ်သည်၊ ဇကော ဝါစာမည်၏ ဟူ၍မှတ်၊ ။ပဠ-သဒ္ဒါကိုကား၊ ဝါစာ သိလိဋ္ဌအကျိုးငှါသာ ဟောတော်မူ၏။ ။ခြောက်ပဒထက် လွန်မှသာ ပါစိတ်အာပတ်သင့်၏။ ။ဟူလို။ ။(ကြွင်းသိဆာပြီ)။

ပညပ်တော်မူရခြင်းအကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊ ဖြတ်စွာဘုရားသည်၊ သာဝတ္ထိပြည်မှန်၊ ဇေတဝန် ရွှေကျောင်း၌၊ ကိုန်းအောင်းမှလျော်၊ စံပျော်တော်မူစဉ်၊ ဥဒါယိမထေရ် သည်၊ မာတုဂါမအိမ်သို့သွား၍၊ အိမ်ရှင်ပိန်းမ၏နားရင်း၌ကပ်၍၊ တိုးတိုး သာ တရားဟော၏။ဌင်းကိုလျှေးမမြင်၍၊ဤရဟန်းသည် ငါ၏ယောကျ်မ၏ သရောက်လင်လေလောဟု တွေးတောမိ၏။ ထိုနောက် လျှေးမထံသို့သွား၍ တိုးတိုးသာဟောပြန်၍၊ ယောကျ်မကလည်း၊ ဤရဟန်းသည် လျှေးမ၏ သရောက်လင်လေလောဟု-တွေးတောထေ၏။ ထိုနောက် ဥဒါယိမထေရ် သည် ကြွသွားသောခဏ၊ လျှေးမနှင့်ယောကျ်မ တွေ့ဆုံကြ၍မေးကြသော်၊ တရားဟောသည်ကိုသိ၍၊ ကဲ့ရဲ့ခြင်း တည်းဟူသော အာကြောင်းကြောင့် ပညပ်တော်မူသည်။

အညတြဒီဃာနာ... ကား၊အနုပသမ္ပန်ပညပ်တည်း။ ။အက်ဂါ....၁-ဆိုအပ် ပြီးသော ထက္ခဏာဂ္ဂိသောတရားကို၊ ခြောက်ပုဒ်ထက်အလွန်ဟောခြင်း၊ ၂-သိကြားလိမ္မာသော မာတုဂါမဖြစ်ခြင်း၊ ၃-ဇာရိယာပုထိ၌ပြောင်းခြင်း၊ ၄-သိကြားလိမ္မာသော လူယောကျ်ားမရှိခြင်း၊ ၅-ပြာသနာကို ဖြေခြင်း မဟုတ်ခြင်း။ဤအာဂါဂါဂါးပါးပြည့်စုံမှအာပတ်သင့်၏။

ဓမ္မဒေသနာသိက္ခာပုဒ်-အာဘွင့်ပြီး၏။

၈-ဘူတာရောစနသိက္ခာပုဒ်အာဘွင့်။

၅၇-၈။ ။ယော ပန ဘိက္ခု၊ အနုပသမ္ပန္နဿ ဥတ္တရိ မနုဿ ဓမ္မံ အာရောစေယျ။ဘူတာဘိဇ္ဇိ ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည်လူ,သာမဏေအား၊လူတို့၏ကုသိုလ်ကမ္မာထာန်း၊ ဆယ်ပါးထက် လွန်မြတ်သော ဈာန်,မဂ်,ဖိုလ်,တရားကို ငါရ၏၊ ငါသိ၏၊

ဟုပြောကြားခြင်းငှာ။ ဟုတ်မှန်သည် ဖြစ်သော်၊ ထိုရဟန်းအား ပါစိတ် အာပတ်သင့်၏။ ။ဟူလို။ ။ဤကား-ပိထ္တာတ္ထ။

အဝယဝဇ္ဇ-အဓိပ္ပါယ်။

ဘူတဿ်မိ ....ဟူသော်ပုဒ်၌၊ ဘူတ-သဒ္ဒါကား၊ သစ်ပင်, ရဟန္တာ, ခန္ဓာ ပဉ္စက, ဝိဇ္ဇာမာန-စသော၊ များစွာသော အနက်တို့ဝယ်၊ ဤ၌-ဝိဇ္ဇာမာန အနက်ကိုပြော၏။ထိုကြောင့်-ဘူတဿ်မိ၊ ပြောသောအတိုင်း ဟုတ်မှန်သည် ဖြစ်သော်-ဟုပေး။ ။အဓိပ္ပါယ်ကား။ ။အကြင်ရဟန်းသည်၊ စင်စစ်အားဖြင့် ပိမိ၌ထင်ရှားရှိသော ဥတ္တရိမနုဿဓမ္မာကို၊ ရဟန်းယောကျ်ား,ရဟန်းမိန်းမ ကိုထား၍၊တပါးသော်လူသာမဏေကိုပြောကြား၍၊ ပြောသောခဏာ၌ သိသည်ရှိသော်၊ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ပညတ်တော်မူရခြင်းအကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ဝေသာလီပြည် မဟာဝုန်တောဝယ်၊ စုလစ်မွန်းလွန်တပ်သောစရပ်၌၊ မျှတရွင်ပြုံး၊သိတင်း သုံ့.တော်မူစဉ်၊များစွာသော ရဟန်းတို့သည် ဝဂ္ဂုမုဒါမြစ်နား၌ ဝါဆိုကြ ကုန်၏။ ထိုအခါ-ဝဇ္ဇီတိုင်း၌ ငတ်မွတ်ခေါင်းပါးခြင်းဖြစ်ပေလရာ၊ ရဟန်းတို့ သည်၊ဆွမ်းခံ၍မရ၊ မမျှတကုန်၍၊ အာချင်းချင်း စျာန်သမာပတ်နှင့်စပ်သော ဥတ္တရိမနုဿဓမ္မာကို ပြော်၍၊ အာသက် မွေးကြံကုန်ခြင်းတည်း ဟူသော ဒုဋ္ဌုလ္လာပတ်သင့်သည်။

အဋ္ဌ်ဂါ....၁-ဥတ္တရိမနုဿဓမ္မာ၏ ထင်ရှားရှိခြင်း၊ ၂-လူသာမဏေအား ပြောကြားခြင်း၊ ၃-ထိုခဏာ၌သိခြင်း၊ ၄-သူတပါးကို မရည်ဆွန်းခြင်း။ ဤ ဒုဋ္ဌုလ္လာပတ်သင့်ရုံမှ အာပတ်သင့်၏။

ဘူတာရောစနသိက္ခာပုဒ်အာဘွင့်ပြီး၏။

၉-ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်အဘွင့်။

၅၈-၉။ ။ယော ပန ဘိက္ခု ဘိက္ခုဿ ဒုဋ္ဌုလ္လံ ဒေဝပုတ္တိံ အနုပသမ္ပန္နဿ အာရောစေယျ၊ ဇာနုတြ ဘိက္ခုသမ္မုတိယာ ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည်၊ဒုပညလောကနုကံဖြင့် သမုတ်ခံသော ရဟားဒ္ဒကို

ထား၍၊ ရဟန်း၏ ရှုန့်ရင်းသော သံဃာဒိသိသ်အာပတ်ကို၊ လူ့,သာမဏော အား၊ပြောကြားငြားအံ့၊ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကား-ဝိဇ္ဇာဋ္ဌ။

စာဝယဝဏ္ဏ-အဓိပ္ပါယ်။

အဓိပ္ပါယ်ကား၊ ။အာကပ်ခံပြီးသောခဲဘွယ်ဘောဇဉ်ကို ယုတ်သော အားဖြင့် တညဉ့်မျှလွန်၍ သိမ်မြဲခြင်းသည် သန္ဓိဓိမည်ဏ်။ ။ထိုဘောဇဉ် ကိုစားအံ့ဟု အာကပ်ခံသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်ဏ်၊ ။မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ်သင့်ဏ်-ဟူသို၊ ။ထိုကြောင့် ဝိနယဂရုက ဖြစ်တော်မူကုန်သော ရှေးဆရာတော်ကြီးများသည် နေ့စဉ်ညဉ့်နေတိုင်းဝတ်ပြု၍၊စားပြီးသော ပုဂံသွက်ဖွန်းသပိတ်စသည်တို့ကို ရှင်သာမဏေစသည်တို့ကိုစင်ကြယ်စွာဆေးစေကုန်ဏ်။အာကယ်၍ မဆေးမကြော မစင်ကြယ်ငြားအံ့၊တဘန် ဓိုးသောက်သောနေ့၌ ဆွမ်းစသည်တို့ကိုထည့်၍ စားငြားအံ့။ သန္ဓိဓိပါစိတ်အာပတ်ဆင့်ဏ်၊ ။(အာကျယ်ကိုမူအဋ္ဌကထာ၌ရှုလင့်ကုန်။)

ပဉ္စင်္ဘေဝ်မူရခြင်း အဆောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည်မှန်၊ဇေတဝန ဣန္ဒကျောင်း၌၊ ကိန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊ ဗေလဋ္ဌသိသ ရဟန္တာမထေရ်သည်၊တောကျောင်း၌ သိတင်းသုံးတော်မူ၍၊ဆွမ်းကိုခံပြီးလျှင်၊ဆွမ်းခြောက်လှန်းလျက် သိမ်မြဲ၍ထား၏။ ဘဉ်းပေးလိုသောအခါ ရေနှင့်စိမ်၍ သန္ဓိဓိဖြစ်သော ဘောဇဉ်ကို စားခြင်းတည်းဟူသောအကြောင်းကြောင့် ပညဝ်တော်မူသည်။

အဂ်ဂ်ါ....၁-အာဓိသဏ်အဖြစ်၊ ၂-သိမ်မြဲသည်ဏ်အဖြစ်၊ ၃ မျိုခြင်း။ ဤအာဂ်ါသုံးပါးပြဿ်စုံမှ အာပတ်သင့်ဏ်။

သန္ဓိဓိကာရကသိက္ခာပုဒ်အာဘွင့် ပြီးပြီ။

၃၉-ပဏ္ဍိတဘောဇနသိက္ခာပုဒ်အဘွင့်။

၈၈-၃၉။ ။ယာနိ ခေါပန တာနိ ပဏ္ဍိတဘောဇနာနိ၊ သေယျထိဒံ။ပ။ပါစိတ္တိယံ။ ။

မွန်မြတ်သောဘောဇဉ်တို့ကား၊ ထောပတ်,ဆီဥ,ဆီ,ပျား, တင်လဲ,ငါး, အသား,နို့ရည်,နို့ဝမ်း၊ဤသို့အားဖြင့် ၉-ပါးရှိကုန်ဏ်၊အကြင်ရဟန်းသည်ဤသို့

သဘောရှိကုန်သော ထိုမွန်မြတ်သောဘာဇဉ်တို့ကို မနာဘဲ၊ပိမိ၏အာကျိုး ၌ တောင်းချစေးငြားအံ့၊ထိုရဟန်းဒေး ပါစိတ်အာပတ်သင့်၏၊ ။ပ။ ဤကား ပထမဝတ္ထု။

အဝယဝဋ္ဌ-အခီးပွါယ်။

ပဏီတဒေးဘဇနာနိ...ဟူသောပုဒ်ကို။ ၊ပကဋ္ဌာဘာဝံနိဘဋ္ဌိ ပဏီတံ။ ၊ပဏီတေဟိ သံသဋ္ဌာနိ ဘောဇနာနိ ပဏီတဘောဇနာနိ။ ။ဟုပြု။ ။အဓိပ္ပါယ်ကား။ ၊ထောပတ်စသည်တို့ကား၊ပဏီတသာမည်ကုန်၏။ထိုပဏီတမည်ကုန်သော မြတ်သော ထောပတ်စသည်တို့နှင့် ရောနှော အပ်ကုန်သောဆုနစ်ပါးကုန်သော စပါးမျိုးတို့မှ ဖြစ်ကုန်သော ဘောဇဉ်တို့ သည်သာလျှင်ပဏီတ ဘောဇဉ်မည်ကုန်၏။ထိုပဏီတဘောဇဉ် ဖြစ်သော ထောပတ်နှင့်ဆွမ်းကိုလူလော့, ထောပတ်ကိုဆမ်း၍ လူလော့ စသည်ဖြင့် တောင်းသောရဟန်းဒေး တောင်းခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်၏၊ ခံခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်၏။မျိုခြင်းကြောင့်ပါစိတ်အာပတ် သင့်၏။ ပဋ္ဌလို့။

ပညဝိတော်မူရခြင်း အကြောင်းရင်းဝဋ္ဌု။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည် မွန်၊ဇေတဝန ဩကာသ်ခွဲ၊ ကိုန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည် ထောပတ် ဆီဥ စသော မွန်မြတ်သော ပဏီတ ဘောဇဉ်တို့ကို တောင်းခဲ့စားကြခြင်းတည်းဟူသော အကြောင်းကြောင့် ပညတ်တော်မူသည်။

အဂိလာနေန....ကား၊အနုပညတ်တည်း။ ၎င်းအနုပညတ်ကို ရဟန်းတို့ သည် မကျန်းမာကြ၍၊ ဂိလာနပုဿကရဟ: နိုးတို့က ငါ့ရှင်တို့၊ အဘယ် ကြောင့်မကျန်းမာဘဲ ဖြစ်ကြသနည်းဟုမေးမြန်းကြသောအခါ၊ ငါတို့သည် ရှေးဦးမူမြတ်သော ဘောဇဉ်တို့ကို တောင်းခံ၍စားကြ ,သဖြင့် ကျန်းမာကြ ကုန်၏။ယခုမူကား ၎င်းတို့ကို မသုံးဆောင်ကြရ၍ မကျန်းမာကြကုန်ဟု ဝိန့်ဆိုကြရာ၊မြတ်စွာဘုရားထံ ခွင့်ပန်လျှောက်ထားကြခြင်းကြောင့် ခွင့်ပြု ပညတ်တော်မူသည်။

ဘောဇနဝဂ်။ ၄၀-ဒန္တံပေါဏာသိက္ခာပုဒ်အဘွင့်။

အဓိဂ်ါ... ၁-ပဏီတဘောဇဉ်အဖြစ်၊၂-မနာခြင်း၊ ၃-တောင်းချိုရခြင်း၊ ၄-မျိုခြင်း။ဤအဓိဂ်ါလေးပါးပြည့်စုံမှ အာပတ်သင့်၏၊

ပဏီတဘောဇနသိက္ခာပုဒ်အဘွင့် ပြီးပြီ။

---

၄၀ ဒန္တံပေါဏသိက္ခာပုဒ် အဘွင့်။

၈၉-၄၀။ ။ယော ပန ဘိက္ခု၊ အဒိန္နံ မုခဒ္ဒါရံ အာဟာရံ အာဟာရေယျ အညတြ ဥဒကဒန္တပေါဏာ၊ပါစိတ္တိယံ။ ။

ဘောဇနဝဂ္ဂေါ စတုတ္ထော။

အကြင်ရဟန်းသည် ရေ,ဒန္တပုကိုထား၍၊ အာကပ်မခံအပ်သော ဆွမ်းစသောအာဟာရကို ခံတွင်းဝသို့ယူဆောင်စားသောက်ငြားအံ့။ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကား-ပိဏ္ဍာတ္ထ။

အဝယဝတ္ထု-အစိပ္ပါယ်။

အဒိန္နံ....ဟူသောပုဒ်ကို။ ။နဒ္ဒိယတေတိအဒိန္နော၊တံ။ ။ဟူပြု။အာဟာရရ၏။ဟတ္ထပါသ် အံတွင်းခွံ့ တည်၍၊ ကိုယ်ဖြင့်၎င်း, ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်၎င်း, မပေးအပ်,မကပ်အပ်သော အာဟာရသည် အာဒိန္နမည်၏ ဟူလို။

အာဟာရံ....ဟူသောပုဒ်အရ၊ကာလိကလေးပါးလုံးကိုပင် ယူအပ်၏။ အညတြ ဥဒကဒန္တပေါဏာ....ဟူသည်ကား၊ အာဟာရမဟုတ်သော ရေ,ဒန္တပုကို အာဟာရဟုတ်ထင်ကုန်သောရဟန်းတို့၏ ကုက္ကုစ္စကိုပယ်လို၍ဟောတော်မူအပ်သောအနုပညတ်တည်း။ ။အာဓိပ္ပါယ်ကား။ ။အာဟာရမဟုတ်သော ရေ,ဒန္တပုကိုထား၍၊ကြွင်းသော အာဟာရဖြစ်သော ကာလိကလေးပါးကို အကပ်မခံဘဲ၊ စားသောရဟန်းအား အကပ်ခံခြင်းကြောင့်ဒုက္ကဋ်အာပတ်သင့်၏၊မျိုတိုင်း,မျိုတိုင်း ပါစိတ်အာပတ်သင့်၏။ ။ ဟူလို။ ။(ဂုဇ္ဇဃိက္ခာဋ္ဌ ထင်ရှားလတ္တံ့။)

ပညပ်တော်မူစရခြင်း အကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊သုံးလျှ.ထွဋ်တင်၊ဘုရားရှင်သည်၊ဝေသာလီပြည်၊ မဟာဝုန်တောင်၌၊မျှတ ရွှင်ပြီး၊ သီဘင်းသုံးတော်မူစဉ်၊ ရဟန်းတပါးသည်၊ အာလုံးစုံသော ပုံသက္ကာကိုဆောင်လျက်၊ သုဿာန်,သစ်ပင်, တံခါးဆုံတို့၌၊ သေလွန်ကုန်သော အဘိုးအဘာတို့အလိုငှါ စွန့်ပစ်အပ်ကုန်သော ခဲဘွယ် ဘောဇဉ်တို့ကို အာကပ်မခံဘဲ စားခြင်းတည်းဟူသော အကြောင်းကြောင့် ပညပ်တော်မူသည်။

အဂ်ါ....၁-အာကပ်မခံခြင်း၊ ၂-ခွင့်ပြုအပ်သော အဖြစ်၏ မရှိခြင်း၊ ၃-အခိုးစသော အဇ္ဈောဟာရိကဓ၏မရှိခြင်း၊ ၄-မျိုခြင်း။ ဤအဂ်ါလေးပါး ပြည့်စုံမှ အာပတ်သင့်၏။

ဒန္တပေါဏသိက္ခာပုဒ်အဘွင့် ပြီး၏။

ဘောဇနဝဂ်အဘွင့် ပြီး၏။

အစေလကဝဂ်။ ၄၁-အစေလကသိက္ခာပုဒ် အဘွင့်။

၉၀ ၄၁။ ။ယော ပန ဘိက္ခု အစေလကသမဏပရိဗ္ဗာဇကသမဏိ ပရိဗ္ဗာဇိကာယ၀ါ ခါဒနီယံ၀ါ ဘောဇနီယံ၀ါ ဒဒေယျ၊ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည် အဝတ်မဝတ်သော တက္ကွတွန်းအား၎င်း, ပရိဗိုဇ်ရဟန်းအား၎င်း,ပရိဗိုဇ်မအား၎င်း, ပိဝါလက်ဖြင့် ခဲဘွယ်ကို၎င်း,ဘောဇဉ်ကို၎င်း ပေးငြားအံ့၊ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူသို့။

ဤကား-ပိထ္တာတ္ထ။

အဝယဝတ္ထု-အစိပ်ပြီး၏။

အစေလကသမဏိ....ဟူသော ပါဠိအရ၊အစေလက ဟူသည်ကား၊ အမှတ်မရှိသော ပရိဗိုဇ်ရဟန်း၏ အဖြစ်သို့ရောက်သော အဝတ်မဝတ်ဘဲ

သော တိုက္ထိတည်း။ ။ပရိဇ္ဇာဒိကာသဒ္ဒေါ....ဟူသော ပါဠိအရ၊ ပရိဇိုဇ်မည်သည်ကား၊ ရဟန်းကိုဂုဏ်း, သာမဏေကိုဂုဏ်း, ထား၍၊ အမျတ်မရှိပရိဇိုဇ်အဖြစ်သို့ရောက်သောအဝတ်ဝတ်သော တိုက္ထိတည်း။ ။ထိုသူတို့ အားတစုံတရသော ခဲဘွယ်ဘောဇဉ်ကို မိမိလက်ဖြင့်တရသော ပယောဂ ဖြင့်ပေးသောရဟန်းအား ဝဲချက်သောပါစိတ်အာပတ်သင့်၏။ပယောဂကို ဖြတ်၍ ဖြတ်၍ ပေးသောရဟန်းအား ပယောဂတိုင်း ပါစိတ်အာပတ် သင့်၏။

ပညတ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု။။

ဤသိက္ခာပုဒ်တော်ကို၊သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ဝေသာလီပြည် မဟာဝုန်တောခို၊ မျှတ ရှင်ပြုံး၊သိတင်းသုံးတော်မူစဉ်၊ ရှင်အာနန္ဒာမထေရ် သည်၊သံဃာတော်များခို၊ များစွာသော မုံ့ခဲဘွယ်တို့သည်၊ ကြွင်းကျန် ပိုလွန်ကုန်သည်ဖြစ်၍၊မြတ်စွာဘုရားကို လျှောက်ထားလျက်၊စားကြွင်းစား တို့အားအာစဉ့်ဒုဋ္ဌုလ်၊မုံ့တရက်စိပေးဝေရာ၊ပဉ္စမိဖြစ်မတယောက်အား၊မုံ့ တရက်ဟုအာမ့တ်ထား၍၊နှစ်ခုသောမုံ့တို့ကို ပေးမိသဖြင့်၊ အခြားပရိဇိုဇ်မ တယောက်၏ သယောက်လင်ဟု ကဲ့ရဲ့သကြိုဟ်ခိုက်ရန်ပိုကြခြင်း။ ။ရဟန်း တပါးသည်၊ အာဇီဝက တယောက်အား ထောပတ်နှင့် နယ်အပ်သော ထမင်းကိုပေးလိုက်ရာ၊အာဇီဝကအရာမ်သို့ ရောက်သောအခါ၊အဘယ်မှ ရပါသနည်းဟု မေးကြလေလျှင်၊ဦးပြည်းရဟန်း သူကြွယ်အရာမ်မှ ရ၏။ဟု သာသနာဘော်ကို ထိပါးသော စကားကို ပြောကြားခြင်း တည်းဟူသော အကြောင်းကြောင့် ပညတ်တော်မူသည်။

အင်္ဂါ....၁-အညတိတ္ထိယ အမဖြစ်၊ ၂-ခွင့်ပြုခြင်း မရှိခြင်း၊ ၃-မျိုအပ် သော ဘောဇဉ်ကို မျိုစိမ့်သောဌါ မိမိလက်ဖြင့် ပေးခြင်း၊၍အဂိါသုံးပါး ပြည့်စုံမှ အာပတ်သင့်၏။

အစေလကသိက္ခာပုဒ်အဘွင့်ပြီး၏။

•ဓ။.-396-28

၄၂-ဥယျောဇနသိက္ခာပုဒ် အဘွင့်။

၉၁-၄၂ ။ ။ယော ပန ဘိက္ခု ဘိက္ခုံဗောဓဝသော ဂါမံဝါ နိဂမံဝါ ဝိဏ္ဏာယ ပဝိသိဿာမာတိ။ပ။။ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည်၊ရဟန်းတပါးကို၊ ငါ့ရှင်လောလျှည့်၊ ရွာသို့ရင်း,နိဂုံးသို့ရင်း, ဆွမ်းအထိုင်ငါ ဝင်ကုန်အံ့။ ဤသို့ခေါ်၍ ထိုရဟန်းအား တစုံဘက သောအာဝိသက်ပေးရှိရင်း,မပေးမူ၍ရင်း,ငါ့ရှင်-ပြန်သွားလော၊ငါ့အား သင် နှင့် အတူတကွ၊ စကားဆိုရခြင်းသည်ရင်း,နေရခြင်းသည်ရင်း, မချမ်းသာ ချေ။တယောက်ထည်းထည်းသောငါ့အား စကားဆိုရခြင်းသည်ရင်း,နေရ ခြင်းသည်ရင်း,ချမ်းသာ၏။ဤသို့ဆို၍၊ထိုယုတ်မာသော အာကျင့်ကို ကျင့်လို ခြင်းကိုသာ အကြောင်းပြု၍၊အကြောင်းတပါးမရှိပါဘဲ လွှတ်လိုက်ခြင်းအံ့။ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကား-ဝိဏ္ဏာတ္ထ။

အဝဲယဝတ္ထု-အစ်မှုပါယ်။

ဥယျောဇေယျ....ဟူသောပုဒ်ကား၊ဥ-ဂ့ဲးဒို့သော-ယဇစတော်၊ပဟိဏာ အနက်ဟောဘ၏။ ။"ဥဒုနိနောက်၊ဒွေးဘော်ရောက်၊ မဘောက်ဇကန်မြီ"။ ၊ နိယာမ်အရ၊ဥ-ဥပသာရကြောင့်-ယျဟု ဒွေးဘော်ပြု။ မာတုဂါမနှင့်တကွ၊ ရယ်မြူးခြင်း,ကစားခြင်း,ဆိတ်ကွယ်ရာ အာရပ်ခွဲနေခြင်း, စသည်တို့ကို ပြု ခြင်းငါအလိုရှိသည်ဖြစ်၍သင်သွားလော့ဟုဆို၍ပြန်လွှတ်ခြင်းပင်တည်း။ ။ ထိုသို့ဆို၍ လွှတ်ကာမျှဖြင့် ဒုက္ကဋ်အာပတ်သင့်၏။ လွှတ်အပ်သော ရဟန်း သည်၊ဒဿနူပစာဂိုဏ်း, သဝနူပစာဂိုဏ်း, တရားသော ဘဝါးလှမ်းဖြင့် စွန့်ပြေားအံ့-ဒုက္ကဋ် အာပတ်သင့်၏။နှစ်ခုသော ဘဝါးလှမ်းဖြင့် စွန့်အပ်သည် ရှိသော် ပါစိတ်အာပတ်သင့်၏။ ။ဤ၌-ဒဿနူပစာ,သဝနူပစာ,၏ အာရုံကို လွှင်တီးခေါင်၌ တဆယ့်နှစ်တောင်အတိုင်းအာရုဏ်ရှိသော အာရပ်ကိုယူ။ ။ နံရံစသည်ခြားရာ၌မူ၊ဂုဏ်းနံရံကိုပင်ယူ။

ပညတ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊သာဝတ္ထိပြည်မှန်၊ဇေတဝန် ရွှေကျောင်း၌၊ ကိန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊ ဥပနန္ဒရဟန်းသည်၊ အလုပ်အကျွေးရဟန်းကို ဆွမ်းခံခေါ်၍၊တစုံတခုကိုမှ မပေးလိုက်ပါဘဲ၊ မွန်းတည့်ချိန်ခါမှ ပြန်လွှတ်လိုက်ရာ၊ ဆွမ်းပြတ်ခြင်းတည်းဟူသောအကြောင်းကြောင့် ပညတ်တော်မူသည်။

အဂ်ါ....၁-အနာစာရကို ကျင့်လိုခြင်း၊ ၂-ထိုအာကျိုးဌါ ပဋိဃကို လွှတ်လိုက်ခြင်း၊ ၃-ထိုသူ၏ဒဿနူပစာ,သဝနူပစာကို လွန်ခြင်း။ ဤအင်္ဂါသုံးပါးပြည့်စုံမှ အာပတ်သင့်၏။

ဥယျောဇနသိက္ခာပုဒ်အဘွင့် ပြီးပြီ။

၎၄-သဘောဇနသိက္ခာပုဒ် အဘွင့်။

၉၂-၉၃။ ။ယော ပန ဘိက္ခု သဘောဇနေ ကုလေ အနုပခဇ္ဇ နိသဇ္ဇံ ကပ္ပေယျ၊ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည် လင်မယားနှစ်ယောက်ရှိသောအိမ်၌၊အိမ်တွင်းသို့ ဝင်၍ထိုင်ခြင်းကိုပြုငြားအံ့၊ထိုရဟန်းအားပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကား-ဝိဘင်္ဂတည်။

အဝယဝတ္ထု-အဓိဋ္ဌါယ်။

သဘောဇနေ....ဟူသောပုဒ်ကို၊ ။ဥဘောဇနာ ဥဘောဇနာ၊သဟ ဥဘောဇနေဟိတိ သဘောဇနံ၊တသ္မိံ။ ၊ဟုပထမဗဟုဗ္ဗိ-သမာသ်တွဲ၊ ။ယံ၊ အကြင်အဖျိုးသည်။ ဥဘောဇနေဟိ၊ လင်မယားနှစ်ယောက်တို့နှင့်။ သဟ၊တကွ။ ဝတ္တတိ၊ဖြစ်တတ်၏။ ။ဟုပေး။ဤအလို-သဘောဇနေ၊လင်မယားနှစ်ယောက်ရှိသော၊ ကုလေ၊၌-ဟုပေး။ ဥဘောပုဒ်၏ဥ-ကို-အသရုပဖြစ်သောကြောင့်ရှေ့ ဟူလို၊ ။တနည်း။ ။ဘုဥ္ဇိတဗ္ဗန္တိ ဘောဇနံ။ ။လင်မယားရ၏။ ။သံဝိဇ္ဇတိ ဘောဇနံအသ္မိန္တိ သဘောဇနံ၊တသ္မိံ။ ။ဟုပြု။ကုလရ၏။ ။ဤအလို-သဘောဇနေ၊စည်းစိမ်ခံစားဘော်ရှိသော-ဟုပေး။

အနုပခဇ္ဇ....ဟူသော ပုဒ်ကား။ အနု-ရှေး၊ ပ-ရှေးရှိသော၊ ခဇ-ဒေတ်၊တွားပစ္စည်း။ နိသဇ္ဇ-ပုဒ်ကဲ့သို့ တွားပစ္စယန္တပုဒ်။ အနုပဝိသနတ္ထဝါစိ။

ထိုကြောင့်။အာနုပသဒ္ဓေ၊အိမ်တွင်းသို့ဝင်၍-ဟူပေး။ ။အာဓိပ္ပါယ်ကား။ ။ယောက်ျားသည်မိန်းမ၏ဘောဇနမည်၏။မိန်းမသည်ယောက်ျား၏ ဘောဇနမည်၏။ဤသို့ ယောက်ျားမိန်းမ နှစ်ယောက်ရှိသော အိမ်ရှင်၊ကြီးသောအိမ်ဖြစ်ခဲ့။ တံခါးဘောင်၏ ဟတ္ထပါသ်ကိုစွန့်၍ ကျော်လွန်ထွက်ဝင်နေခဲ့။ပါဒိတ်အာပတ်သင့်၏။ယေ်သောအိမ်၌ အိမ်၏အလယ်ကို လွန်၍နေခဲ့။ပါဒိတ်အာပတ် သင့်၏။ ။ဟူလို။

ပညပ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည်မှန်၊ဇေတဝန်ကျောင်း၌၊ ကိန်းဝေးသောင်းမွှေ့လျော်၊ စံပျော်တော်မူစဉ်၊ ဥပနန္ဒမထေရ်သည်၊ အဆွေခင်ပွန်းဖြစ်သော တကာ၏အိမ်သို့သွား၏။ထိုသူသည် မယားနှင့်အတူ၊အိပ်ရာတိုက်ခန်း၌ နေဆဲဖြစ်၏။ထိုတကာသည်းရှင်းပနန်အထံသို့ ကပ်၍၊မယားကို ဆွမ်းလှူစေပြီးလျှင် ကြွတော်မူရန် နှစ်ကြိမ်,သုံးကြိမ် လျှောက်ထားရာ၊ မကြွဘဲနေခြင်း တည်းဟူသော အကြောင်းကြောင့် ပညပ်တော်မူသည်။

အဓိ၏ .. ၁-ရာဂမကင်းသော လင်မယားပေါင်းဆုံသည်၏ အဖြစ်၊ ၂-အိပ်ရာတိုက်ခန်း၏အဖြစ်၊ ၃-အဝေဘဒ်ရဟန်းမရှိခြင်း၊ ၄-အတွင်းသို့ဝင်၍နေခြင်း။ဤအင်္ဂါသေးပါး ပြည့်စုံမှ အာပတ်သင့်၏။

သဘောဇနသိက္ခာပုဒ်အဆုံး ပြီး၏။

၄၄-ရဟောပဠိဆ္ဆန္နသိက္ခာပုဒ် အဆုံး။

၉၃-၄၄။ ။ယော ပန ဘိက္ခု မာတုဂါမေန သဒ္ဓိံ ရဟော ပဋိဆ္ဆန္နေ အာသနေ နိသဇ္ဇံ ကပ္ပေယျ၊ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည် မာတုဂါမလူမိန်းမနှင့် အတူတကွ၊ဆိတ်ကွယ်သောနံရံစသည်ဖြင့် ဖုံးလွှမ်းသောနေရာ၌ ထိုင်နေခြင်းကို ပြုငြားအံ့။ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကား-ဝိတ္ထာရထွေ။

ပညပ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည်မှန်၊ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊ ဥပနန္ဒမထေရ်သည် မာတုဂါမနှင့် တယောက်ချင်းချင်း နံရံစသည်ဖုံးလွှမ်းသောဆိတ်ကွယ်သောအရပ်၌၊ နေခြင်းတည်းဟူသော အကြောင်းကြောင့် ပညပ်တော်မူသည်။ (ကြွင်းပေါ်လွင်ပြီ၊အာဂါလည်း ရှေးအတိုင်းပင်။) ရဟောပဒိုဆ္ဆန္နသိက္ခာပုဒ်အဘွင့် ပြီး၏။

၄၅-ရဟောနိသဇ္ဇသိက္ခာပုဒ် အဘွင့်။

၉၄-၄၅။ ။ယော ပန ဘိက္ခု မာတုဂါမေန သဒ္ဓိံ ကောဒကာယ ရဟော နိသဇ္ဇံ ကပ္ပေယျ၊ ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည် မာတုဂါမလူမိန်းမနှင့် အတူတကွ၊ တယောက်ချင်းချင်း ဆိတ်ကွယ်ရာအရပ်၌ ထိုင်ခြင်းကို ပြုငြားအံ့။ ထိုရဟန်းအား ပါစိတ်အာပတ် သင့်၏။ ။ဟူသို့။ ။(ဂုဏ်းအဘွင့်လည်း ရှေး-ရဟောပဒိုဆ္ဆန္နသိက္ခာပုဒ်အဘွင့်အတိုင်းပင်တည်း။ပေါ်လွင်ပြီ။) ဤကား-ပိဏ္ဍတ္ထ။

၄၆-စာရိတ္တသိက္ခာပုဒ်အဘွင့်။

၉၅-၄၆။ ။ယော ပန ဘိက္ခု နိမန္တိတော သဘောဇ္ဇော သမာနော သန္တံ ဘိက္ခုံ အနာပုစ္ဆာ။ပ။အာယသ္မာ တဉ္စေ သမယော။ ။

အကြင်ရဟန်းသည်၊သက်နုံးလွှဆောအခါ, သက်နုံးချုပ်သောအခါ,မှတပါးသောအခါ၌၊ဘောဇဉ်ဖြင့် ဘိတ်အပ်ပြီးသော ဆွမ်းရှိလျက်၊ထင်ရှားရှိသောရဟန်းကို မပန်မှာ၍၊ဘိတ်အင်သော ဆွမ်းမစားမီရှေ့၌၎င်း, ဘိတ်အင်သောဆွမ်းကို စားပြီးသည်မှနောက်၌၎င်း,ဘိတ်အင်သောအိမ်မှ တပါးသောအိမ်တို့၌ တည်ခိုလည်သွားလာငြားအံ့။ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ဂုဏ်းသက်နုံးလွှဆောအခါ, သက်နုံ ချုပ်သောအခါ၌မူ တည်ခိုထည်ငောင်း၏။အာပတ်မသင့်။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

ဝိနယဂုဠ္ဍတ္ထဒီပနီကျမ်း။

အဝယဝဏ္ဏ-အဓိပ္ပါယ်။

နိမန္တိတော....ဟူသော ပုဒ်ကား၊ နိ-ရှေးရှိသော၊ မန္တ-ဝေတ်၊တ-ပစ္စည်း။ ။နိမန္တိယတေတိ နိမန္တိတော။ ။ဟု ကမ္မသာဒိပြု။ ရဟန်းရဖို့။ **သဘဉ္ဇော**....ဟူသောပုဒ်ကိုကား။ ။သဟဘာဝတ္ထေနာတိသဘတ္ထော။ ။ဟု ပထမာဗဟုဗ္ဗိ-ပြု။ ရဟန်းရဖို့။ထိုကြောင့်၊ သမာနော ဟူသောပုဒ်နှင့် နိမန္တိတော သမာနော၊သဘတ္ထော သမာနော။ ။ဟု နှစ်ပုဒ်လုံးဋ္ဌပင်စပ် အာပ်ဖို့။

သန္တံဘိက္ခုံအနာဗုဆ္ဆော....ဟူသောပုဒ်၌၊ အနာပုဆ္ဆ-ကား၊ အာ-ရှေးရှိသော၊ပုဆ္ဆ-ဝေတ်၊ တွာ ပစ္စယန္တလောပဟုံ။ဆ္ဆ-ဖို့အစိတ်ကို အာပြုသော ကိုတ်ပုဒ်တည်း။ ။န-အာပုဆ္ဆာ အနာပုဆ္ဆာ။ ၊ဟုပြု။ဥပစာသိမ် ဒဿနူပစာအတွင်း၌၊ တွေ့မြင်သောပန်ကြားခြင်းငှါ စွမ်းနိုင်သော ရဟန်း သည်သာ သန္တံဘိက္ခုံမည်ဖို့။ဂုဏ်းရဟန်းကို အာကျွန်ုပ်သည် ဤမည်သော အိမ်သို့သွားအံ့ဟု မပန်ကြားခြင်းသည် အနာပုဆ္ဆာမည်ဖို့။ ။အာကယ်၌ ဒဿနူပစာတဆဲ့နှစ်တောင် အတွင်း၌၊မတွေ့မမြင် ရှာဖွေရမည်ဖြစ်အံ့၊ ထိုရဟန်းသည် အာသန္နမည်ဖို့။

မုရေဘဏ္ဍံဝါ....ဟူသောပါဋ္ဌအရ၊ပုရေဘတ်မည်သည်ကား။ အုံကြွင် ဆွမ်းဖြင့်ဘိတ်ဖို့။ထိုဆွမ်းကိုမစားမီအချိန်တည်း။ ။**ပဆ္ဆာဘဏ္ဍံဝါ**....ဟူ သောပါဋ္ဌအရ၊ ပဆ္ဆာဘတ်မည်သည်ကား၊ အကြွင်ဆွမ်းဖြင့် ဘိတ်ဖို့။ထို ဆွမ်းကိုယုတ်သောအားဖြင့်သမန်းမြက်ဖျားဖြင့်သော်လည်း စားဖို့ ထိုစား သည်မှနောက်ဖြစ်သော အချိန်ပင်တည်း။ ။အဓိပ္ပါယ်ကား။ ။ဆိုအပ် သောအခါကိုထား၍ ဘိတ်သောဒါယကာမှ၊တပါးသောဒါယကာ၏အိမ်၌ ဥပစာသို့ဝင်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်ဖို့။ရှေးဦးစွာ ခြေလှမ်း သည် တံခါးခုံကိုလွန်စေအံ့။ ဒုက္ကဋ်အာပတ်သင့်ဖို့။ နှစ်ချမြောက်သော ခြေလှမ်းကိုလွန်စေအံ့၊ပါစိတ်အာပတ်သင့်ဖို့၊ ။ဟူလို။

ပညာဘာဝနုရခြင်းအကြောင်းရင်းဝဏ္ဏု။

ဤသိက္ခာပုဒ်တော်ကို၊သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ ရာဇဂြိုဟ်ပြည် မွန်၊ဝေဠုဝန် ဥယျဉ်ကျောင်း၌၊ ကံနိုးအောင်းမွေ့လျော်၊ စံပျော်ဘော်မူစဉ်၊

ဥပနန္ဒ-မထေရ်၏ အာလုပ်အာကျွေး တကာတဦးသည်၊ ရှင်ဥပနန်အား၎င်း, အခြားသော ရဟန်းတော်များအား၎င်း, ဆွမ်းစားပင့်ရာ၊ အခြားသော သံဃာတော်များကား စောစောကပင်အိမ်သို့ရောက်နှင့်၍၊ ငါတို့အား၌ဆွမ်းကုလားလောဟုဆိုကြသော်လည်း၊ရှင်ဥပနန်ကိုအကြောင်းပြု၍လူသောဆွမ်းဖြစ်၍ အရှင်ဥပနန်မကြွလာသေးသဖြင့် စောင့်ဆိုင်း၍ နေစေ၏။အရှင်ဥပနန်လည်းအခြားသောအမျိုးအိမ်သို့သွားနေသဖြင့်နေမြင့်မှ ကြွသော၍၊ဆွမ်းကိုအာလှူခံခြင်းတည်းဟူသော အကြောင်းကြောင့် ပညတ်ဘော်မူသည်။

သန္တံ ဘိက္ခုံ အနာပုစ္ဆာ,ပုရေဘတ်ကံ,ပစ္ဆာဘတ်ကံ,အညတြသမယာ.... ဟူသော လေးပါးသော ပညတ်သည်-အာနုပညတ်မည်၏။ ဤအာနုပညတ်တို့ကို၊ရှင်ဥပနန်နှင့် သက်ဆိုင်သော ရဟန်းစသည်တို့ကို အကြောင်းပြု၍ ပညတ်တော်မူသည်။

အခ်ိဳ....၁-ဘောဇဉ်ငါးပါးတို့တွင် တပါးပါးဖြင့် ဘိတ်သည်ကို သာယာခြင်း၊ ၂-ထင်ရှားရှိသော ရဟန်းတို့ကိုမပန်ခြင်း၊ ၃-ဘိတ်သောအိမ်မှ တပါးသော အိမ်သို့ဝင်ခြင်း၊၄-မွန်းတည့်ကိုမလွန်ခြင်း၊ ၅-အဓိ, ဘေးရန်, မရှိခြင်း။ဤအာဒိငါးပါး ပြည့်စုံမှ အာပတ်သင့်၏။

စာရိတ္တသိက္ခာပုဒ်အဘွင့် ပြီး၏။

၄၇-မဟာနာမသိက္ခာပုဒ် အဘွင့်။

၉၆-၄၇။ ။အင်္ဂလာနေနံ ဘိက္ခုနာ ဧဘတုမာဿပစ္ဆယာ ပဝါဒုဏာ သာဒိတဗ္ဗာ။ပဒါပိစ္ဆိုယံ။ ။

မနာသော ရဟန်းသည်၊လေးထပတ်လုံး ဆေးပစ္စည်းဖြင့် ဘိတ်ခြင်းကို သာယာမှီဝဲ၏။တဘန် ဘိတ်ခြင်း,အမြဲဘိတ်ခြင်းကိုထား၍၊ ထိုဘိတ်မှီဝဲသော ညဉ့်အပိုင်းအခြား,ဆေးအပိုင်းအခြားထက် အလွန်သာယာငြားအံ့၊ ထိုရဟန်းအား ပါဒိတ်မှီဝဲပတ်သင့်၏။ တဘန်ဘိတ်မှ, အမြဲဘိတ်မှပြုပါမူ၊ သာယာမှီဝဲ၏။အာပတ်မသင့်။ ။ဟူလို။

ဤကား-ပဏ္ဏာတ္တိ။

ပညတ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို သုံးလူ့ထွန်တင်၊ ဘုရားရှင်သည်၊ သက္ကတိုင်း၊ ကပိလဝတ်ပြည်၊ ဒိုင်ကြောဝေဂုံ ကျောင်းနှစ်၊ ကိုန်းအောင်း မွေ့ထျော်၊

စံပျော်တော်မူစဉ်၊ ဆဗ္ဗဂ္ဂိရေဟာန်းတို့သည်၊မဟာနာမ်-မည်သော သာကီဝင်မင်း၏ အသက်ထက်ဆုံး ဆေးပန္နဲညှင်းဖြင့် ဘိတ်ထားချက်အာရ၊မဟာနာမ်-မင်းကကောင်းစွာဝတ်ရုံရန်သတိပေးစကားလျှောက်ထားမှုကို ရန်ငြိုးဘွဲ့၍ အလွန်တောင်းဆိုခြင်း တည်းဟူသော အကြောင်းကြောင့် ပညပ်တော်မူသည်။ ။(အာဓိပ္ပါယ်ပေါ်လွင်ပြီ)။

အင်္ဂါ....၁-သံဃာကို ဘိတ်ခြင်း၊၂-ထိုဆေးမှ တောင်းခြင်း၊ ၃-မနာခြင်း၊ ၄-အဝိုင်းအခြားကိုလွန်ခြင်း။ ဤအာဂါဂါလေးပါးပြည့်စုံမှ အာပတ်သင့်၏။

မဟာနာမသိက္ခာပုဒ်အဆွင့် ပြီးပြီ။

၄၈-ဥယျူဇ္ဇသေနာသိက္ခာပုဒ် အဆွင့်။

၉၇-၄၈။ ။ယော ပန ဘိက္ခု ဥယျူဇ္ဇံ သေနံ ဒဿနာယ ဂစ္ဆေယျ အညတြ တထာရူပပစ္စယာ၊ ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည်သွားသင့်,သွားထိုက်သောအကြောင်းကိုထား၍၊တပါးသောအခါ၌၊ပြည်မှထွက်သောအာဂါ ၄-ပါးမှိုသောစစ်သည်ကိုကြည့်ရှုခြင်းငှါသွားငြားအံ့။ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူလေ။

ဤကား-ပိဏ္ဍတ္ထ။

အဝယဇ္ဇ အဓိပ္ပါယ်။

ဥယျူဇ္ဇံ....ဟူသောပုဒ်ကား၊ ဥ-ရှေးမှိုသော၊ယုဇ-ဓာတ်၊ တ-ပစ္စည်း၊ ရူဝေဒိရုပ်၊ ဂတ္ဂုဏ္ဍဖြစ်၏။ ။ဥဒ္ဓဟိတွာယုဇ္ဇတိဂစ္ဆတီတိဥယျူတ္တာ၊ ။ ဟူပြီ။ ။ထိုကြောင့်။ ဥယျူတ္တံ၊ ပြည်မှထွက်၍သွားသော၊ ။(သဒ္ဒဏ္ဍ)။ ဝ်၊ပြည်မှထွက်၍ စစ်တက်သော။ ။(ဇဝ်ဟာရဏ္ဍ)ပေး။

သေနံ....ဟူသော ပါဠိအာရုကား။ ဆင်စစ်သည်,မြင်းစစ်သည်, ရထားစစ်သည်,ခြေသည် စစ်သည်-ဤလေးပါးကိုယူ။ ။အာဓိပ္ပါယ်ကား။ ။ဤသို့သဘောရှိသော ပြည်မှ ထွက်သွားသော စစ်သည်ကို ကြည့်အံ့ဟု ထွက်သွားအံ့။ ဒုက္ကဋ် အာပတ်သင့်၏။ အကြောင် အာရုပ်၍ ရပ်ထွက် ကြည့်အံ့။

အနေလေးကဝဂ်။ ၄၉ သေနာဝါသသိက္ခာပုဒ်အဘွင့်။ ၂၂၅

ပါစိတ်အာပတ်သင့်၏။ ဥပစာကိုစွန့်၍ အဘာန်တသဲလဲကြည့်အံ့၊ ပါဗိတ်အာပက်သင့်၏။ ၊ဟူလို၊

ပညတ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည်မှန်၊ဇေဘဝန် ဟရုကျောင်း၌၊ ကိန်းအောင်း မွေ့လျော်၊ စံပျော်တော်မူစဉ်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည်၊ ပဒေသနဒီ ကောသလ မင်းကြီးသည်၊ စစ်သည်နှင့် တကွ၊ စစ်မြေပြင်သို့ထွက်ရာ၊ စစ်သည်တို့ကို ကြည့်ခြင်းငှါ သွားခြင်း တည်းဟူသော အကြောင်းကြောင့် ပညတ်တော်မူသည်။

အညတြတထာရူပပန္ဓယာ....ကား၊အနုပညတ်တည်း ၎င်းအနုပညတ်ကို ရဟန်းတပါး၏ဦးရီးတော်သည်၊စစ်သည်ဘောင်၌ မားကျန်းမာဖြစ်နေရာ၊တူဦးပစ္စင်းကြွလာရန် လျှောက်ထားမှုကို အကြောင်းပြု၍နှင့်ပြုတော်မူသည်။

အင်္ဂ၊ ...၁-ပြည်မှာသွက်သော စစ်သည်ကိုကြည့်ရှုခြင်းငှါ သွားခြင်း၊ ၂-နွင့်ပြုရာ အာရပ်မှ တပါးသော အာရပ်၌ ကြည့်ခြင်း၊ ၃-ထိုသို့သော အကြောင်း၏ဂုဏ်၊ဘေးရန်၏ဂုဏ်၊ မရှိခြင်း။ ၍အဂါဒိသုံးပါးပြည့်စုံမှ အာပတ်သင့်၏။

ဥယျူတ္တသေနာသိက္ခာပုဒ်အဘွင့် ပြီး၏။

၄၉-သေနာဝါသသိက္ခာပုဒ် အဘွင့်။

၉၈-၄၉။ ။သိယာဒ တာသ ဘိက္ခုနော ကောစိဒေဝ ပစ္စယော သေနံ ဂမနာယ။ပ။ပါစိတ္တိယံ။ ။

ထိုရဟန်းအား စစ်သည် ဘောင်သို့ သွားခြင်း၌ တစုံ တခုသော အကြောင်း၌၍ သွားငြားအံ့ ထိုရဟန်းသည် ထိုစစ်သည်ဘောင်၌ နှစ်ညဉ့်၊ သုံးညဉ့်သာ နေအပ်၏၊ထိုနှစ်ညဉ့်၊ သုံးညဉ့်ထက် အလွန်နေငြားအံ့။ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

ပညပ်တော်မူစဉ်ခြင်း အကြောင်းခံစဉ်။

ဤသိက္ခာပုဒ်ဘော်.ကို၊သုံးလူ့.ထွဉ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည်မှန်၊ ဇေတဝန် ဆွေကျောင်းခွ၊ ကိန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည်၊ အကြောင်းရှိ၍ စစ်သည်ဘောင်သို့ သွားကြစဉ်၊ သုံးညဉ့်ထက် အာလွန် နေကြခြင်း တည်းဟူသော အကြောင်းကြောင့် ပညပ်တော်မူသည်၊ ။(အဓိပ္ပါယ်ပေါ်လွင်ပြီ။)

အင်္ဂါ....၁-သုံးညဉ့်ကို လွန်ခြင်း၊ ၂-စစ်သည်ဘောင်၌ နေဝင်ခြင်း၊ ၃-နာခြင်းစသည်မရှိခြင်း၊ ဤအင်္ဂါသုံးပါးပြည့်စုံမှ အာပတ်သင့်၏။။

သေနာဝါသသိက္ခာပုဒ်အဘွင့် ပြီးပြီ။

၅၀-ဥယျောဓိကသိက္ခာပုဒ် အဘွင့်။

၉၉-၅၀။ ။ဒိဋ္ဌဓမ္မတ်ရတ္တိံ ဧဝံ ဘိက္ခု သေနာယ ဝသမာနော။ပ။ ပါစိတ္တိယံ။ ။

အဓိပ္ပါယ်ဝဏ္ဏနာ။

ဥယျောဓိကံ .. ဟူသောပုဒ်ကို၊ ။ဥဂ္ဂတ်ဘဲ့ဥဂ္ဂတ်ဘဲ့ ယဂ္ဃိန်ဘိ ဇေတ္ထောတိ ဥယျောဓိကံ။ ၊ဟုပြု စစ်ထိုးရာ စစ်မြေပြင်သည် ဥယျောဓိက မည်၏-ဟူသို့။ ၊ဗလေဋ္ဌံ... ဟူသောပုဒ်ကို၊ ၊ဗသသဘဋ္ဌံ ဇေတ္ထောတိ ဗလဋ္ဌံ။ ။ ဟုပြု။ ၊အဉ္ဇကထာ၌၊ ဓာနုန်-ကြိယာထည့်မှကား၊ အနုက် ပြည့်စုံခန် အလို၌သာတည်း။ ။တနုည်း။ ၊ဗလံဂကိယတိ ဇေတ္ထောတိ ဗလဋ္ဌံ။ ။ ဟုပြု စစ်သည်ဗိုလ်ပါ ရေတွက်ရာ အရပ်သည်-ဗသဋ္ဌမည်၏ ။ ။ဟူသို့။

သေနာဗျူဟံ....ဟူသောပုဒ်ကို။ ။ဝိယူဟိယတေ သဒ္ဒါတို့ကို ယတေ ဗျူဟော။သေနာယ ဗျူဟော သေနာဗျူဟော။ ။ဟူပြု၊စစ်ဆင်ရာအရပ် သည်သေနာဗျူဟမည်၏ ဟူသို့။ ။**အာဟိကဒဿနံ....ဟူသောပုဒ်ကို။** ။ အဏာတိ ဘေရဝသဒ္ဒံ ကရောတိဘိ အာဟိကံ။ ။အာဟိကာသဒ ဒဿနံ အာဟိကဒဿနံ၊ ။ဟူပြု။အာဏာ-ဘေတ်၊ဤက ပစ္စည်းဖြစ်၍၊ရဒ္ဓဇ-ဏာကြီး နှင့်မှအာသင့်မှတ်။ ။အနိုကံ ဟု ဂိုတတ်၏၊ မသင့်၊ ။ဆင်တပ်, မြင်းတပ်,ရထားတပ်, ခြေသည်သူရဲတပ်,သည် အာဟိကမည်၏-ဟူလို။ ။ အဓိပ္ပါယ်ကား။ ။စစ်သည်ဘောင်ဒ္ဒပင် နေသော်လည်း၊ ထိုဆိုအပ်ပြီး သောအရပ် ၄-ပါးသို့ကြည့်ရှုခြင်းငှါ မသွားအပ်။သွားသော ရဟန်းအား ဘဝါးလွှမ်းတိုင်း ဒုက္ကဋ်အာပတ်သင့်၏။ခြင်ကောင်းသောအရပ်၌ တည်၍ ရှုသောရဟန်းအား ပါစိတ်အာပတ်သင့်၏။ ဒဿနူပစာကိုစွန့်၍ အာဘန် တလဲလဲရှုသော ရဟန်းအား ပယောဂတိုင်း ပါစိတ်အာပတ်သင့်၏။ ။ ဟူလို။

ပညပ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊သုံးလုံ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည် မှန်၊ဇေဟဝန်ကျောင်း၌၊ ကိန်းအောင်း ပွဲလျော်၊ စံပျော်တော်မူစဉ်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည်၊စစ်ထိုးရာအရပ်၌ နှစ်ရက်,သုံးရက်နေကာ၊စစ်တိုက် ရာအရပ်သို့ သွားရာ၊ရဟန်းတပါးကို မျှားထိမှန်ခြင်း တည်းဟူသော အကြောင်းကြောင့် ပညပ်တော်မူသည်။ ။(ဥယျူတ္တာသိက္ခာပုဒ် အာတိုင်း အဂိါလေးပါးတည်း။)

ဥယျောဓိကသိက္ခာနှန်အာဘွင့် ပြီးပြီ။
အစေလကဝဂ်အာဘွင့် ပြီး၏။

သုရာပါနဝဂ်။ ၅၁-သုရာပါနသိက္ခာပုဒ်အဘွင့်။

၁၀၀-၅၁။ ။သုရာမေရယပါနေ ပါစိတ္တိယံ။

သေအာရက်ကိုသောက်ခြင်းကြောင့်ပါစိတ်အာပတ်သင့်၏။ ။ဟူသို့။

ဤကား-ပိဏ္ဍတ္ထ။

အဝယဝတ္ထု အဓိပ္ပါယ်။

သုဏ္ဍမေရယပါနေ....ဟူသောပုဒ်ကို။ ။သုရာမကေန ဍကေန ဝန စရကေန ကတာဘိသုရာ။ ၊သုရာမကေန၊သုရာအာမည်ရှိသော ဍကေန ဝနစရကေန၊ တယောက်သော တောရဆိုးသည်။ ကတာ ပြုအပ်သည် တည်း။ဟူပေး။ ။မဒံ ဇနေတိတိမေရယံ။ ။သုရာစ မေရယဉ္စ သုရာမေရယံ။ ၊ပိယတေ ပါနံ။ ။သုရာမေရယသဿ ပါနံ တထာ၊တာဒ္ဓိ ံ။ ။ဟူပြု။

ဤ၌-သုရာ၏အာရကား။ ။"ပိဋ္ဌ ပူဝ၊ဩဒန၊ကိဏ္ဏ သမ္ဘာရာ" ။ ။လက်ာအာရ။ ၁-မုံ့ညက်ဖြင့် ပြုအပ်သော ပိဋ္ဌသုရာ။ ၂-မုံ့ဖြင့်ပြုအပ်သော-ပူဝသုရာ။ ၃-ထမင်းဖြင့်ပြုအပ်သော ဩဒနသုရာ။ ၄-တဆေးမှုန့်ထည့်၍ပြုအပ်သော ကိဏ္ဏသုရာ။ ၅ ဖန်းခါး,သျှစ်သျှားစသော အဆောက်အဦးစသည် ထည့်၍ ပြုအပ်သော သမ္ဘာရသုရာ-ဟူ၍ သေဒါးမျိုးရှိ၏၊

မေရယ-၏အာရကား။ ။"ပုပ္ပဖလာ၊မဓွာဒ္ဒု၊သမ္ဘာရ၊ပဋ္ဌမေရယာ" ။ လက်ာအာရ။ ၁-ပန်းပွင့်ရည်ဖြင့် ပြုအပ်သောပန်းအာရက်။ ၂-သစ်သီးရည် ဖြင့်ပြုအပ်သော သစ်သီးအာရက်။ ၃-ပျားရည်ဖြင့် ပြုအပ်သောပျားအာရက်။ ၄-ကြံရည်စသည်ဖြင့် ပြုအပ်သော တင်လဲအာရက်။ ၅-ဆီးပြုသျှစ်သျှား စသည်ထည့်၍ ပြုအပ်သောအာရက်,ဟူ၍ အာရက်ငါးမျိုးရှိ၏။ ၊ထင်းသေ, အာရက်ကို ယုတ်သောအားဖြင့်သမန်းမြက်ပျားဖြင့်ဆော်လည်း သောက်အံ့။ ပါဒိတ်အာပတ်သင့်၏။ ။ဟူလို။

ယဇကာလ ထန်းရေချိုကိုသောက်ရာ၌၊ အချိုသော ဆရာတော်ဘို့ကား၊ အပြစ်မရှိဟု အာယုရှိဘော်မူ၏။ ။ငါတို့၏ ကျေးဇူးတော်ခင် ဖြစ်တော်မူသော "ခင်ဗျန်ဆရာတော်ဘုရားကြီး"ကား။

"တာလ နာဠိကေရဒိနံ ရသော ဂလိတဒေဘိနဝကာလတော ယေဝ စ ပဋ္ဌာယ"။

ဟူသော တေရသကော်ဇိကာ-စသည်အာရ၊ ဌင်းထန်းရေချိုကို ကျိုချက်ပြုံးမှ သောက်ဒေါသ၏-ဟု ဝိန့်တော်မူ၏။

သုရာပါနဝဂ်။ ၅၂ -အဂ်ိုလိပတောဒကသိက္ခာပုဒ်အဘွင့်။ ၂၂၉

ပညပ်တော်မူစရာခြင်း အစကြာင်းရင်းဝတ္ထု။။

ဤသိက္ခာပုဒ်တော်ကိုဟသုံးလူ့ထွဋ်တင်၊ ဘုရားရှင်သည်၊ကောသမ္ဗီပြည် ဋ္ဌ၊ဂိုနိုးအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊အာရှင် သာဂတသည်၊ဘဒ္ဒိ ဝတိရွာ၊အာမ္ဗတိဝတ္ထုဆိပ်၊ ဇဋိလရသေ့၏ကျောင်းဋ္ဌိသော နဂါးမင်းကို နှိပ် နင်းနိုင်ဆဖြင့် တကာများအလွန်တရာကြည်ညိုပွါး၍၊ ပစ္စည်းလေးပါးအလို ရှိရာ အလျှံခံရန်ဘိတ်ထားသောအခါ၊ဆဗ္ဗဂ္ဂိတို့၏ သေအာရက်ကို လျှုရန် စီမံချက်အရ၊တကာတို့သည် သေအာရက်ကိုစီမံ၍၊ အာရှင်သာဂတမထေရ် သည် ဆွမ်းခံဝင်သောအခါ သေအာရက်တို့ကို ကပ်၍၊ သေအာရက်ကို သောက်ခြင်းတည်းဟူသောအကြောင်းကြောင့် ပညပ်တော်မူသည်။

အဂ်ိုဂ်ါ....၁-သေအာရက်၏အဖြစ်၊ ၂-ငင်းတို့ကို သောက်ခြင်း။ဤအဂ်ိုဂ်ါ နှစ်ပါးပြည့်စုံမှု အာပတ်သင့်၏၊

သုရာပါနသိက္ခာပုဒ်အဘွင့် ပြီး၏။

၅၂-အဂ်ိုလိပတောဒကသိက္ခာပုဒ် အဘွင့်။

၁၀၁-၅၂။ ။အဂ်ိုလိပတောဒကော ပါစိတ္တိယံ။ ။

ချိုင်းထိုး၍ကစားခြင်းကြောင့် ပ်စိတ်အာပတ်သင့်၏။ ။ဟူသို့။

ဤကား-ပိဏ္ဍတ္ထ။

အဝယဝတ္ထု အစီဋ္ဌိယ်။

အဂ်ိုလိပတောဒကော....ဟူသောပုဒ်ကို။ ။အဂ်ိုလိဟိ ပာဏ္ဍုနံ အဂ်ိုလိ ပတောဒေါ။ ။သောယေဝ အဂ်ိုလိပတောဒကော၊တဿိံ။ ။ဟူပြု၊ ။ ပတောဒ-၌၊ပ-ရှေးရှိသော၊ တုဒ-ဓာတ်၊ပိဋ္ဌနတ္ထ။ ။ရေဟန်းအားလက်ညှိုး ဖြင့် လက်ကတိုးစသည်၌ ထိုးသဖြင့်ရယ်စေခဲ့၊ ပါစိတ်အာပတ်သင့်၏၊-ဟူလို။

ပညပ်တော်မူစရာခြင်း အကြောင်းရင်းဝတ္ထု။။

ဤသိက္ခာပုဒ်တော်ကို၊သုံးလူ့ထွဋ်တင်၊ ဘုရားရှင်သည်၊ သာဝတ္ထိပြည် ဗွန်၊ဇေတဝန် မဟာကျောင်း၌၊ ကိုန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊

ဆဗ္ဗဉ္ဉုရဟန်းတို့သည် သတ္တရသဝဂ္ဂိရဟန်းငယ်ဘဝါးအား လက်ညှိုးထိုး၍ ကစားရာ၊ပင်ပန်း၍ ရုတေခြင်းတည်းဟူသော အကြောင်းကြောင့် ပညတ်တော်မူသည်။

အနက်ဂါ... ၁ ရယ်မြူးလိုခြင်း၊၂ -မိမိကိုယ်ဖြင့်ပဋ္ဌင်းဏ်ကိုယ်ကို သုံးသပ်ခြင်း။ဤအဂ်ါနှစ်ပါးပြည့်စုံမှ အာပတ်သင့်၏။

အာဂိလိပတောဒကသိက္ခာပုဒ်အဘွင့် ပြီး၏။

၅၃-ဟသဓမ္မသိက္ခာပုဒ် အဘွင့်။

၁၀၂-၄၃။ ။**ဥဒကေ သဟဓမ္မေ ပါစိတ္တိယံ။** ။

ရေ၌ မြူးတူးကစားခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

ပညတ်တော်မူရခြင်း အဓိကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊သုံးလူ့ထွန်းတင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည့်ဖန်၊ဇေတဝန ရွှေကျောင်း၌၊ ကိန်းဒေါင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊ သဗ္ဘာရသဝဂ္ဂိရဟန်းငယ်တို့သည်၊အစိရဝတီမြစ်အတွင်း၌၊ ရေချိုးကစား ကြရာ ပဿေသနဒီ ကောသလမင်းမြင်တော်မူ၍ ပင့်ခေါ်လျက် ထန်းလျက်ခဲ ကြီးတို့ကိုလွှဒါန်း၍၊ မြတ်စွာဘုရားအားတို့လည်း ထန်းလျက်တခဲကို လွှစေသော ပရိသာယ်အားဖြင့် လျှောက်ထား၍ခြင်းတည်းဟူသော အကြောင်းကြောင့် ပညတ်တော်မူသည်။ ။(အဓိဂ္ဂါယ်ပေါ်လွင်ပြီ။)

အနက်ဂါ.... ၁ ဖမျက်နှစ်လောက်သော ရေအဖြစ်၊ ၂ -မြူးတူးလုံသဖြင့် ကစားခြင်း။ဤအဂ်ါနှစ်ပါးပြည့်စုံမှ အာပတ်သင့်၏။

ဟသဓမ္မသိက္ခာပုဒ်အဘွင့် ပြီး၏။

သုရာပါနဝဂ်။ ၅၄-အနာဒရိယသိက္ခာပုဒ်အဘွင့်။ ၂ ခဲ့ ၁

၅၄-အနာဒရိယသိက္ခာပုဒ် အဘွင့်။

၁၀၃·၅၄။ ။အနာဒရိယေ၊ပါစိတ္တိယံ။ ။

ပဂ္ဂလ,မေ့,နှစ်ဌာနကို မရိုသေခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။ ။
ဟူလို၊ ။ဤကား ပိဏ္ဍာတ္ထ။

အဝယဝဏ္ဏ-အဓိဗျာယ်။

အနာဒရိယေ....ဟူသောပုဒ်အရာ၊အနာဒရိယသည်-ပုဂ္ဂလအနာဒရိယ, မေ့အနာဒရိယ,ဟူ၍ နှစ်ပါးရှိ၏။ထိုတွင်-ပဉ္စင်းဖြစ်သော သူသည်၊ ပညတ်တော်ဖြင့် ဆိုသည်ရှိသော်၊ဤရဟန်းသည်ကား၊ နှင်ထုတ်အပ်သော သူတည်း,နှိပ်စက်အပ်သော သူတည်း,ကဲ့ရဲ့အင်သော သူတည်း,ဤရဟန်း၏ စကားကို မသိုက်နှာအပ်၊ဤသို့ ပြောဆိုဆုံးမသော ရဟန်းပုဂ္ဂိုလ်ကို မရိုမသေမထီလေးစား ပြုခြင်းသည် ပုဂ္ဂလာနာဒရိယမည်၏၊ ။ပဉ္စင်းဖြစ်သော သူသည်၊ ဝိနည်းပညတ်ဖြင့် ဆိုဆုံးမသည်ရှိသော်၊ဤတရားသည် မကြာခဏ ပျောက်ကွယ်သွားမည့် တရားတော်တည်း။ဤသို့လျှင် သိက္ခာပုဒ်တော်ကို မကျင့်လိုသည်ဖြစ်၍ မရိုသေခြင်းသည်-မေ့မှာနာဒရိယမည်၏။ဤသို့ ပုဂ္ဂလ, မေ့နှစ်ပါးကို မရိုသေခြင်းကြောင့် ပါဒိတ်အာပတ်သင့်၏-ဟုမှတ်။

ပညတ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု၊။

ဤသိက္ခာပုဒ်တော်ကို၊သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ ကောသမ္ဗီပြည်၊ ဃောသိတာရုံကျောင်း၌၊ ကိန်းအောင်းမွေ့လျော်၊စံပျော်တော်မူစဉ်၊ ဆန္နမထေရ်သည်၊ ပုဂ္ဂလ,မေ့,ကို မရိုမသေ ကျင့်ကြံခြင်း တည်းဟူသော အကြောင်းကြောင့် ပညတ်တော်မူသည်။

အင်္ဂါ....၁ ပဉ္စင်း၏ပညတ်တော်ဖြင့်ဆိုခြင်း၊၂ -မရိုသေခြင်း၊ ဤအင်္ဂါ ၂ နှစ်ပါးပြည့်စုံမှ အာပတ်သင့်၏။

အနာဒရိယသိက္ခာပုဒ်အဘွင့် ပြီး၏။

၅၅-ဘိဳသာပနသိက္ခာပုဒ် အဘွင့်။

၁၀၄-၅၅။ ။ယော ပန ဘိက္ခု ဘိက္ခုံ ဘိဳသာပေယျ၊ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည်၊တပါး၊သော ရဟန်းကို ချောက်ငြားအံ့။ ထိုရဟန်းအား ပါဒတ်အာပတ်သင့်၏။ ။ဟူလို၊

ဤကား-ပိထ္တာတ္ထ။

ပညပ်းတော်မူရခြင်း အကြောင်းရင်းဝတ္ထု၊။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွန်းတင်၊ဘုရားရှင်သည်၊သာဝတ္ထိပြည့်မှန်၊ ဇေတဝန် ကျောကျောင်းဌ၊ ကိုန်းအောင်းမှ လျော်၊ စံပျော်တော်မူစဉ်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည်၊ သက္ကရသဝဂ္ဂိ ရဟန်းငယ်တို့ကို ချောက်ကြခြင်း, ကြောက်စေကြခြင်း တည်းဟူသော အကြောင်းကြောင့် ပညပ်တော်မူသည်။

အက်ိ....၁-ပဌမ၊ဖြစ်၊ ၂-ထိုသူ၏မြင်ကောင်း,ကြားကောင်းကျွန်၊ ကြောက်စိမ့်သောဘေါ လုံ့လဖြုံခြင်း။ ဤအက်ိုနှစ်ပါးနှင့်ပြည့်စုံမှ အာပတ်သင့်၏။

ဘိဳသာပနသိက္ခာပုဒ်အဘွင့် ပြီး၏။

၅၆-ဓောတိသိက္ခာပုဒ် အဘွင့်။

၁၀၅-၅၆။ ။ယော ပန ဘိက္ခု အဂိလာနော ဗိသိဉ္စနာ ပေက္ခော ဓောတိံ သမာဒဟေယျ၀ါ သမာဒဟာ၀ေယျ၀ါ၊ အညတြ တထာရူပပစ္စယာ ပါစိတ္တိယံ။ ။

အကြောင်းသည် ဆီမီးညှိထွန်းခြင်းစသည်ကိုထား၍၊မနာဘဲ တံ့လို့သည်ဖြစ်၍၊ မီးကို မိမိကိုယ်တိုင်မူသည်း ညှိငြားအံ့၊ သူတပါးကိုမူလည်း ညှိစေငြားအံ့။ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကား-ပိထ္တာတ္ထ။

အဝယဝဒ္ဒဲ-အခ်ီပွါယ်။

ဓိသိဗ္ဘုနာပေကွေ....ဟူသောပုန်ကို။ ။ဝိသိဗ္ဘိယတော ဝိသိဗ္ဘုနံ။ ။ဝ-ရှေး ရှိသော၊ သိဝု-ဓာတ်၊ ယု-ပစ္စည်း။ ။အာပေကွဘိတိ အာပေကွော။ ။ ရဟာန်းရဏ်။ ။ဝိသိဗ္ဘုနံ အာပေကွော တထာ။ ။ဟူပြု။ ဝိသိဗ္ဘုနာပေကွော၊ မီးလှုံခြင်းကို ငဲ့သည် ဖြစ်၍။ (သဒ္ဒတ္ထ)။ ။ဝါ၊ မီးလှုံလိုသည် ဖြစ်၍။ (အဓိပ္ပါယတ္ထ)။ ပေး။

သမာဒပေဟယျ....ဟူသော ပုန်ကားး။ သံ-ရှေး, အာ-ရှေးရှိသော-ဒဟာ ဓာတ်၊ ဒေယျ-ဝိဘာတ်။ သံဒယ္ဟနတ္ထဖြစ်ဏ်။ ။ထိုကြောင့်၊ သမာဒပေဟယျ၊ မိမိ မှာလည်းတောက်လောင်စေငြားအံ့။ သမာဒဟာပေယျ၊ သူတပါးကိုမှာလည်း တောက်လောင်အောင် ပြုစေငြားအံ့။ (သဒ္ဒတ္ထ)။ ။ဝါ၊ ညှိအံ့, ညှိစေအံ့။ (ဆေါဟာရတ္ထ) ပေး။

ဓာဆာရူပပန္ဓယာ....ဟူသောပုန်အာရကား၊ ဆိမီးညှိထွန်းခြင်း, သပိတ် ဖုတ်ရန် မီးညှိခြင်း, စသည်ကိုယူ၊ ။အာဓိပ္ပါယ်ကား။ ။မီးလှုံလိုသည် ဖြစ်၍၊ မီးကို ကိုယ်တိုင်သော်ငင်း, သူတပါးကိုသော်ငင်း, ညှိစေအံ့။ပါစိတ်အာပတ် သင့်၏-ဟူလို။

ပညပ်တော်မူရခြင်း အကြောင်းရင်းဝဏ္ဏု။

၍သိင်္ဂါလပုန်တော်ကို၊ သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ဘဂ္ဂတိုင်း။ သံ သုမာဂဓိရိပြည်၌၊ သိတင်းသုံးတော်မူစဉ်၊ ပဲစဉ်းခံတော၌ မျှားစွာသော ရဟန်းတို့သည်၊ဆောင်းတွင်းအာခါ၊ အခေါင်းရှိသော သစ်တုံးကို၊ မီးရှို့၍ လှုံကြရာ၊အခေါင်းတွင်းရှိ ငြွေဟောက်သည် ပူသဖြင့် ထွက်လိုက်ခြင်း တည်းဟူသော ဒေကြောင်းကြောင့် ပညပ်တော်မူသည်။

အင်္ဂါ....၁-မနာခြင်း၊ ၂-ခွင့်ပြုသောအကြောင်း မရှိခြင်း၊ ၃-လှုံလို ခြင်း၊ ၄-ညှိခြင်း။ ၍အာဂီါလေးပါး ပြည့်စုံမှ အာပတ်သင့်၏။

ဓောတိသိင်္ဂါပုန်အာဘွင့် ပြီးပြီ။

၅၇-နာနာသိက္ခာပုဒ် အဘွင့်။

၁၀၆-၅၇။ ။ယော ပန ဘိက္ခု၊ သြရေနန္ဓမာသံ နာယေယျ အညတြ သမယာ၊ ပါစိတ္တိယံ။ပ။အယံတတ္ထသမယော။

အကြောင်ရဟန်းသည် အောက်ပါ အခါတို့မှ၊ တပါး၊သော အခါ၌ ရေချိုးသည်နှမှ၊ လခွဲ ၁၅-ရက်မပြည့်မီအတွင်း၌ ရေချိုးငြားအံ့။ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ၁-နွေလေးလတွင်အဆုံးဖြစ်သော ကြွင်းသောတလခွဲဖြစ်သော ပူသောအခါ၊ ၂-ဆီးညှဉ်၏ရှေးဦးဖွားသော လဖြစ်သောအိုက်သောအခါ၊ ၃-နာသောအခါ၊ ၄-တံမြက်လှည်းခြင်း စသော အမှုလုပ်သောအခါ၊ ၅၊အင်္ဂွန်ရှည်သော ယူဇနာခွဲခရီးကိုသွား၊သောအခါ၊ ၆-မြို့နှင့်တကွ လေပြင်းထ၍၊ ဆီးကျသောအခါ၊ ဤအခါ ခြောက်ပါးတို့၌ကား၊ လခွဲပင် မပြည့်သေးသော်လည်း ရေချိုးအပ်၏။ ။ဟူလို။

ဤကား-ငါးထွာထွ။

ပညပ်တော်မှုရခြင်းအကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလုံ့ထွဋ်တင်၊ဘုရားရှင်သည်၊ ရာဇဂြိုဟ်ပြည်မှန်၊ ဝေဠုဝန ဣသရကျောင်း၌၊ ကိန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊ များစွာကုန်သော ရဟန်းတို့သည်၊ တပေါ်ဒါ မြစ်တွင်း၌ ရေချိုးကြရာ၊ဗိန္ဓိသာရမင်းမြတ်လည်း၊ ရေချိုးအံ့သောငှါ လာလတ်သော်၊ ရဟန်းတော်များ ရေချိုးနေသည်ကို တွေ့ဖို့သဖြင့် ဆိုင်းငံ့နေရာ၊နေဝင်မှရေချိုးရသည်ဖြစ်၍ မြို့တံခါးပိတ်နှင့်သဖြင့်၊ မြို့ပတ်ပင်အိပ်ရ၍ မိုးသောက်ထတ်သော်၊ ဘုရားထံသွားလျက် ၎င်းအကြောင်းစုံ လျှောက်ထားခြင်း တည်းဟူသော အကြောင်းကြောင့် ပညပ်တော်မူသည်။ ။(ဤသိက္ခာပုဒ်ကား၊ မဇ္ဈိမဒေသအရပ်တွက်သာ ဟောတော်မူသည်။ ကြွင်းပေါ်လွင်ပြီ။)

အဓိ္ဌ....၁-မစ္ဆိုမငေးသအဖြစ်၊ ၂-လခွဲမပြည့်ခြင်း၊ ၃-သမယ၏ငြင်း, ဖြစ်တဘက်သို့ သွားခြင်း၏ငြင်း, ဘေးရန်၏ငြင်း, မဂ္ဂိခြင်း။ ဤအင်္ဂါသုံးပါး ပြည့်စုံမှ အာပတ်သင့်၏။

နာနာသိက္ခာပုဒ်အဘွင့် ပြီးပြီ။

၅၈-ဒုဇ္ဇဉ္ဇကရဏသိက္ခာပုဒ် အဘွင့်။

၁၀၇-၅၈။ ။နဝံ ပန ဘိက္ခုနာ စီဝရလာဘေန တိဏ္ဏံ ဒုဇ္ဇဉ္ဇ ကရဏာနံ အညတရံ ဒုဇ္ဇဉ္ဇကရဏံ အာဒိတဗ္ဗံ။ ပ။ ပါစိတ္တိယံ။ ။

သက်ိန်းအာဿစ်ကိုရသော ရဟန်းသည် သုံးပါးကျုန်သော အာဆင်းကို ပျက်တတ်ကုန်သော၊ ၁ စိန်းညှိသောအာဆင်း၊ ၂-ညွန်၊ ၃-မည်းသော အာဆင်းသုံးပါးတို့တွင်၊ အညိုကိုဖြစ်စေ,ညွန်ကိုဖြစ်စေ, အမည်းကိုဖြစ်စေ, တပါးပါးကို ယူအပ်၏။၀၊ယူ၍ ကပ္ပဒိန္နုထိုးအပ်၏။အကြင် ရဟန်းသည် သက်ိန်းသစ်၌ အာဆင်း၏ပျက်ခြင်းကို ပြုခြင်းသုံးပါးတို့တွင်၊ ၁ပါးပါးသော အာဆင်း၏ပျက်ခြင်းကိုပြုခြင်း ကပ္ပဒိန္နုကို မယူငြားအံ့။ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

အဝယဝတ္ထု-အစီပွါယ်။

နဝံပနဘိက္ခုနာစီဝရလာဘေန....ဟူသော ပုဒ်ကား၊ ပန-သဒ္ဒါတပါး ခြားလျက်၊စပ်အပ်သော ဝိသေသနပဒပဘာ သမာသ်ပုဒ်တည်း။ နဝံစီဝရ လာဘေန-ဆိုလိုသည်။ ။လာဘေန-ဟူသောပုဒ်ကို။ ။အာလစ္ဆိတိလာ ဘောဒေန။ ။ဟု အာတိတ်ကမ္မသာဓ်ပြု။လာဘ-ဓာတ်၊ ဏ-ပစ္စည်း။ ။ အာဠကထာဒ္ဒိကား၊ အ-ပစ္စည်းသက်၍၊လဘော-ဟု ပြုပြီးမှ။ လဘောဒေဝ လာဘော-ဟု အာ-ဝုဒ္ဓိအာပြုကြံတော်မူပြန်၏။ ။နဝံ စီဝရံ နဝံစီဝရံ။ ။ နဝစီဝရံ-ဟု ဆိုလိုသော်လည်း၊ နိဂ္ဂဟိတ်ကို မချေမှုန်၍ ပြီးသော ပုဒ် တည်း။ ။နဝံစီဝရံ လာဘော ဇေတသဿတိ-နဝံစီဝရလာဘော၊တေန။ ။ ဟူပြု။ဤအာလို၊ နဝံစီဝလာဘေန၊ရအာပ်ပြီးသော သက်ိန်းသစ်ရှိသော ဟူ ပေး။ ။တနည်း။လာဘော-ကို။ ။လာဘတိတိလာဘော။ ။ဟု ကတ္တု သာဓ်ပြု၊ဘိက္ခုရဏ်။ ။နဝံစီဝရံ လာဘော တထာ။ ။ဟူပြုပါ.က သာ၍ ပေါ်လွင်ပေတော့သည်။ ။ဤအာလို၊နဝံစီဝရလာဘေန၊ အသစ်ဖြစ်သော သက်ိန်းကိုရသော-ဟူပေး။

ဒုဇ္ဈိဏ္ဍကရဏာဒနံ....ဟူသော ပုဒ်ကို။ ။ဒုဇ္ဈဏ္ဍောကရိယတိ အနေန နာတိဒုဇ္ဈဏ္ဍကာရဏံ။ ။ဟုပြု။၍အလို၊ဒုဇ္ဈဏ္ဍကရဏာနံ၊အာဆင်းပျက်ခြင်းကိုပြုကြောင်းဖြစ်သော အာဆင်းတို့တွင်-ဟုပေး။ ။အဓိပ္ပါယ်ကား။ ။ အာညှိစသော အာဆင်းပျက်ကြောင်းသုံးပါးတို့တွင်၊ တပါးပါးသောအာဆင်းပျက်သောကပ္ပဗိန္ဓုကို ဥဒေါင်းမျက်ဝန်းပမာဏာမျှမထိုးမူ၍၊ သက်နှံးသစ်ကိုသုံးဆောင်သော ရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ပဉ္စပ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု။။

၍သိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွန့်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည်မှန်၊ဇေတဝန ဂ္ဂရကျောင်း၌၊ ကိန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊ များစွာသော ရဟန်းတို့သည်၊ ပရိဗိုဇ်တို့နှင့်အတူ သာကေတပြည်မှသာဝတ္ထိပြည်သို့အသွား၊ခရီးလမ်းအကြား၌ ခိုးသူတို့သက်နှံးကို လုယူကြသဖြင့်၊သာဝတ္ထိပြည်မှ မင်းချင်းယောက်ျားတို့သည်၊ သက်နှံးဘဏ္ဍာဝတ္ထုနှင့်တကွ၊ခိုးသူတို့ကို လက်ရဖမ်း၍၊ အရှင်တို့သက်နှံးကို ကြွေးဆယူငင်ကြပါဟုလျှောက်ထားသဖြင့်သက်နှံးကို သွားယူကြသောအခါ၊ ပရိဗိုဇ်တို့၏သက်နှံးနှင့် မိမိတို့၏သက်နှံးကို မမှတ်မိခြင်းတည်းဟူသော အကြောင်းကြောင့်ပညပ်တော်မူသည်။

အက်၏.... ၁-ကပ္ပဗိန္ဓုမထိုးသော သက်နှံးအဖြစ်၊ ၂-ပျောက်သော သက်နှံးစသည်၏ မရှိခြင်း၊ ၃-ဝတ်ရုံခြင်း။၍အဂိါသုံးပါးပြည့်စုံမှ အာပတ်သင့်၏။

ဒုဇ္ဈဏ္ဍကရဏသိက္ခာပုဒ်အာဒွင့် ပြီးပြီ။

၉၉-ဝိကပ္ပနုသိက္ခာပုဒ် ဓာတွင့်။

၁၀၈-၅၉။ ။ယော ပန ဘိက္ခု ဘိက္ခုဿ ဝါ ဘိက္ခုနိယာ ဝါ သိက္ခမာနာယ ဝါ သာမဏေရဿ ဝါ။ ပ။ပါစိတ္တိယံ။ ။

သုရာပါနဝဂ်။ ၆၀-စီဝရဒေးပနိဒေနသိက္ခာပုဒ်အဘွင့်။ ၂၃၇

ဟိဝါ ယထာပစ္စယံ ကရောဟိ''ဟု ပစ္စုဒ္ဓိုရ်မပြုဘဲ သုံးဆောင်ပြားခဲ့။ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကား-ပထမတွဲ။

ပညပ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည့်မှန်၊ဇေတဝန ရွှေကျောင်းဌ၊ ကိုန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊ ဥပနန္ဒမထေရ်သည် အစ်ကို၏ သဒ္ဓိဝိဟာရိကတပည့်ဖြစ်သော ရဟန်းတပါး၏အထံ၌ သင်္ကန်းကိုဝိကပ္ပနာပြု၍၊ ပစ္စုဒ္ဓိုရ်မပြုဘဲ သုံးဆောင်ခြင်းတည်းဟူသောအကြောင်းကြောင့် ပညပ်တော်မူသည်။ ။(ဝိကပ္ပနာပြုပုံ ပစ္စုဒ္ဓိုရ်ပြုပုံကား၊အောက်၌ ပြဆိုခဲ့ပြီဖြစ်၍ ပေါ်လွင်ပြီ။)

အဋ္ဌ၀်....၁-ကိုယ်တိုင် ဝိကပ္ပနာ ပြုပြီးသောသင်္ကန်းကို ပစ္စုဒ္ဓိုရ်မပြုခြင်း၊ ၂-ဝိကပ္ပနာလောက်သောအဖြစ်၊ ၃-သုံးဆောင်ခြင်း။ ဤအဋ္ဌ၀်၌ သုံးပါးပြည့်စုံမှ အာပတ်သင့်၏။

ဝိကပ္ပနာသိက္ခာပုဒ်အဘွင့် ပြီးပြီ။

၆၀-စီဝရအပနိဓေနသိက္ခာပုဒ် အဘွင့်။

၁၀၉-၆၀။ ။ယော ပန ဘိက္ခု ဘိက္ခုဿ ပတ္တံဝါ စီဝရံဝါ နိသီဒနံဝါ။ပ။ပါစိတ္တိယံ။ ။

သုရာပါနဝဂ္ဂေါဆဋ္ဌော။

အကြင်ရဟန်းသည်၊ယုတ်သော အာပိုင်းအခြားအားဖြင့်၊ ရေယ်ဖြူးလို၍ သော်၎င်းည်း၊ရဟန်း၏ အဓိဋ္ဌာန်တင်လောက်သော သပိတ်ကိုဌင်း,ဝိကပ္ပနာလောက်သောသင်္ကန်းကိုဌင်း, နိသီဒိုန်ကိုဌင်း,အပ်ကျည်ကိုဌင်း, ခါးပန်းကိုဌင်း,မိမိမူလည်း ၅က်ထားခြင်းအံ့။သူတပါးကိုမူလည်း ၅က်ထားစေခြင်းအံ့။ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကား-ပထမတွဲ။

အဝယဝဏ္ဏ-အစီးဒွိယဉ်။

ပဏ္ဏံ....ဇ်ီအာရ၊အာဓိဋ္ဌာန်တင်လောက်သောသပိတ်ကိုယူ။ ။စီဝရံ.... ဇ်ီအာရ၊ဝိကပ္ပနာ ပြုလောက်သော ခြောက်ထည်သော သင်္ဃာန်းတို့တွင်၊ ကထည်ထည်ကိုယူ။ ။နိသီဒနံ....ဇ်ီအာရ၊ အာဆဝါသိသော နိသီဒိုန်ကို ယူ။ ။သူစိယံရံ....ဇ်ီအာရ၊အာပဒါသိသော ကျဉ်ကိုဌင်း, အာပဒါမသိသောကျဉ် ကိုဌင်း,ယူအာပဒ်ဇ်ီ။ ။ကာယဗန္ဓနံ....ဇ်ီအာရ၊ ပုဆိုးခါးပန်း, ဝက်ဥနှင့် တူသော ခါးပန်းနှစ်မျိုးကိုယူ။ဆိုအာပဒါပြုံးသော သပိတ်စသည်တို့ကို ပိပိမူလည်းဌက်ခဲ့။ ပါစိတ်အာပတ်သင့်ဇ်ီ သူတပါးကို ဌက်စေရန် ခိုင်းငြားခဲ့။ မဌက်သေးသော်လည်း ဒုက္ကဋ်အာပတ်သင့်ဇ်ီ။ ခိုင်းသည့်အာဘိုင်း ဌက်ခဲ့ သော်၊ပါစိတ်အာပတ်သင့်ဇ်ီ။ ။ဟူလို။

ပညပ်တော်မူရခြင်း အကြောင်းရင်းဝဏ္ဏ။

၍သိကွာဝုန်တော်ကို၊ သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည် မွန်၊ဇေဘဝနိဿ္ရေကျောင်းခွ၊ ကိန်းအောင်း မွေ့လျော်၊ စံပျော်တော်မူစဉ်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည် သဘ္ဘာရဆဝဂ္ဂိ ရဟန်းငယ်တို့၏ သပိတ်စသည်ကို ဌက်ထား ကစားခြင်း တည်းဟူသော အကြောင်းကြောင့် ပညပ်ဘော် မူသည်။

အင်္ဂါ....၁-ပဉ္စင်းဇ်ီဥစ္စာဖြစ်သော သပိတ်စသည်တို့ကို ဌက်ခြင်း, ဌက်စေခြင်း၊ ၂-ညှဉ်းဆဲသိုခြင်း,ရယ်မြူးလိုခြင်း။ ၍အင်္ဂါနှစ်ပါးဖြည့်စုံမှ အာပတ်သင့်ဇ်ီ။

စီဝရအာပနိဓေနသိက္ခာပုဒ်အာဘွင့် ပြီးပြီ။
သုရာပါနဝဂ်အာဘွင့် ပြီးဇ်ီ။

သမ္ပါဏကဝဂ်။ ၆၁ သဉ္စိစ္စသိက္ခာပုဒ် အာဘွင့်။

၁၁၀-၆၁။ ။ယော ပန ဘိက္ခု သဉ္စိစ္စပါဏံ ဇီဝိတာ ဝေါရောပေယျ၊ ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည် သဘ္ဘာဝါဟူသော အမှတ်နှင့်တကွ၊ သတ်လိုသော

စေတနာဖြင့်လုံ့လပြု၍၊ တိရစ္ဆာန်ဖြစ်သော သတ္တဝါကို ဓိဝိတိန္ဒြေမှ ချငြား အံ့။ဝါ၊သတ်ငြားအံ့။ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူလို

ဤကား-ပဏ္ဏတ္တိ။

အဝယဝတ္ထု-အစီပွါယ်။

ပါဏံ....ဟူသော ပုဒ်အရ၊ တိရစ္ဆာန် သတ္တဝါကိုပယူ။ ။ဝေါရော ပေယျ....ဟူသော ပုဒ်ကို၊ ဝိ-ရှေး,အဝ-ရှေးဂို့သော ရုပ-ဓာတ်၊ ဥပစ္ဆိန္ဒ နတ္ထဝါစိ-ဟူမှတ်။ ။အဓိပ္ပါယ်ကား။ ။အကြင် ရဟန်းသည်၊ သေစေလိုသော စေတနာဖြင့်၊ ယုတ်သောအားဖြင့်၊ ကြမ်းပိုးဥကို သော်လည်း၊ ပျက်ဆီးသတ်ဖြတ်ငြားအံ့။ ပါစိတ်အာပတ်သင့်၏။ ။ဟူထို။

ပညပ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလုံ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည် မှန်၊ဇေတဝန်ကျောင်း၌၊ ကိန်းအောင်းမွေ့လျော်၊ စံးပျော်တော်မူစဉ်၊ ဥဒါယိမထေရ်သည်၊ လေးအာတတ်ကို ကောင်းစွာတတ်သဖြင့်၊ ကျိုးတို့ကို မှန်းလွှရကား၊ လေးဖြင့်ပစ်သတ်၍၊ ဦးခေါင်းကို ဖြတ်ကာ၊ တံဆိုဥ အစဉ် အတိုင်း သိသျှက် ထားခြင်း တည်းဟူသော အကြောင်းကြောင့် ပညပ်တော်မူသည်။

သဉ္စိစ္စ၊ပါဏာသိက္ခာပုဒ်အဘွင့် ပြီး၏။

၆၂-သဉ္စိစ္စကသိက္ခာပုဒ် အဘွင့်။

၁၁၁-၆၂။ ။ယော ပန ဘိက္ခု ဇာနံ သဉ္စိစ္စကံ ဥဒကံ ပရိဘုဉ္ဇေယျ၊ ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည် သောက်လိုက်လျှင် သေအံ့ဟု သိလျက်၊ ပိုးဂို့သော ရေကိုသောက်ငြားအံ့၊ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကား-ပဏ္ဏတ္တိ။

အဝယဝတ္ထု-အစိပ္ပါယ်။

သင်္ဃိကာကံ....ဟူသော ပုဒ်ကို။ ။သဟ ပါကောဟိတိ သင်္ဃိကာကံ၊ ဥဒကံ။ ၊ဟူပြု။ အကြင် ရေကိုသောက်သော်၊ ပိုးတို့သည် သေကုန်အံ့။ ထိုရေသည်သာ-သင်္ဃိကာက ပိုးရှိသော ရေမည်၏။ ထိုရေကို သိလျက် သောက်သော ရဟန်းအား ပါစိတ်အာပတ်သင့်၏ ဟူလို။

ပညပ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည် မှန်၊ ဧတဝဝန် ဗျူဟကျောင်း၌၊ ကိန်းအောင်းမြဲ့လျော်၊ စံပျော်တော်မူစဉ်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည်၊ သိလျက်ပိုးရှိသော ရေကို၊သောက်ကြခြင်း တည်း ဟူသောအကြောင်းကြောင့် ပညပ်တော်မူသည်။ ။(အဂိ၂ ရှေးအတိုင်း မှတ်။)

သင်္ဃိကာကသိက္ခာပုဒ်အာဘွင့် ပြီး၏။

၆၃-ဥဇ္ဇော၇နသိက္ခာပုဒ် အာဘွင့်။

၁၁၂-၆၃။ ။ယော ပန ဘိက္ခု၊ ဇာနံ ယထာဓမ္မံ နိဟတာဓိကရဏံ ပုနကမ္မာယ ဥဇ္ဇော၇ဒေယျ၊ ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည် သိသုက်၊အဓိကရဏ်းကို ငြိမ်းစေခြင်းငှါ၊ ပေါ တော်မူဖူးပါသော တရားအားလျော်စွာ၊ငြိမ်းလေပြီးသော အဓိကရဏ်းကို၊ တဘန် ကံဖြစ်စေခြင်းငှါ လှုပ်ချောက် ငြားအံ့။ ထိုရဟန်းအား ပါစိတ် အာပတ်သင့်၏။ ။ဟူလို။

ဤကား-ပဏ္ဏတ္တိ။

အဝယဝတ္ထု-အစိပ္ပါယ်။

ယထာဓမ္မံ....ဟူသောပုဒ်၌၊ မြေ-၏အရ၊ သမထ တရားကိုယူ။ ။ မြေသော အနုရူပ်-ယထာဓမ္မံ။ ။ဟူပြု။ ။**နိဟတာဓိကရဏံ** ဟူသော ပုဒ်ကို။ ။နုတ္ထိ ဟတံ ဟာနံ ဇာမသာတိ နိဟတံ။ ။နိဟတဥ္စ တံ အဓိက ရဏာဥ္စေတိ နိဟတာဓိကရဏံ။ ။ဟူပြု။ နိဟတ-၏အရ ညှဉ်းဆဲခြင်း မရှိ

ဟူဆည်မှာ၊ သဘောအားဖြင့် ဂူပသမ ငြိမ်းဖြခြင်းပင်တည်း။ ထိုကြောင့် နိဗ္ဗာတာဒိ.ဘရဿံ၊ ငြိမ်းလေပြီးသောအဓိကရုဏ်.ကို။ ဟု-ဘာဝတ္ထုအနက် ပေးတော်မူကြကုန်၏။

ဥက္ကောဒေ့ယျ....ဟူသောပုဒ်ကား၊ ဥ ရွှေးဂို့သော၊ ကုဋ္ဌ ဓာတ်၊ ဥစ္စာလနဲတ္ထ။ ထိုကြောင့်၊ လှပ်ချောက်ချာ.ငြားအံ့.ဟုပေး၊ အဓိပ္ပါယ်ကား။ ။ သမထ-ခုနစ်ပါးဖြင့်၊ ဇငြိမ်းပြီးသော အဓိကရုဏ်းကိုသိလျက်၊ တဖန်ဆူပွက်လျက်၊ ကံဖြစ်စိမ့်သောဌါ၊သရပြုအပ်သောကံသည်၊ မကောင်းဆဖြင့် ပြုအပ်၏၊ ကံမမည်၊ တဖန်ကံထပ်ပြုရမည်စသည်ဖြင့်၊ ချောက်ချားသော ရဟန်းအား-ပါစိတ်အာပတ်သင့်၏၊ ။ဟူလို။

ပညတ်ဘေဒ်မူရခြင်း အကြောင်းရင်းဝဋ္ဌု။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွဋ်တင်၊ ဘုရားရှင်သည်၊သာဝတ္ထိပြည့်မှန်၊ ဇေတဝနဿေကျောင်း၌၊ ကိန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်။ ဆဗ္ဗဂ္ဂိရဟန်းတို့သည်၊ သမဏအားလျော်စွာ၊ ငြိမ်းဖြိုးသောအဓိကရုဏ်းကို၊ တဖန်ကံဖြစ်စေရန်ချောက်ချားခြင်းတည်းဟူသော အကြောင်းကြောင့် ပညတ်တော်မူသည်။

အာဂ်ါ....၁-ယထာမွေနိဟတအဖြစ်၊ ၂-သိခြင်း၊ ၃-လှပ်ချောက်ချားခြင်း။ဤအာဂ်ါသုံးပါးပြည့်စုံမှ အာပတ်သင့်၏။

ဥက္ကောတနသိက္ခာပုဒ်အဘွင့်ပြီးပြီ။

၆၄-ဒုဋ္ဌုလ္လဲသိက္ခာပုဒ်-အဘွင့်။

၁၁၃-၆၄။ ။ယော ပန ဘိက္ခု ဘိက္ခုဿစာနံ ဒုဋ္ဌုလ္လံ အာပတ္တိံ ပဋိဆ္ဆာဒေယျ၊ ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည်၊ သိလျက်ရဟန်း၏၊ ရှုန့်ရင်းသော သံဃာဒိသိသ် အာပတ်ကိုဖုံးလွှမ်းငြားအံ့။ ထိုရဟန်းအားပါစိတ်အာပတ်သင့်၏၊ ။ဟူလို။

ဤကား.ပဏ္ဏာတ္တိ။

ဝိနယဂဠ္ဌဝဏ္ဏနာပကိဏ္ဏကဒီပနီကျမ်း။

အာဝဇ္ဇနဝဏ္ဏနာ-အစ်ပွါယ်။

ဒုဋ္ဌုလ္လဆိုံ... ဟူသောပါဠိအာရဂ္ဘ၊ ဤဒွိသံဃာဒိသိသ်အာပတ်ကိုသာယူအာပ်ဏ်၏ဤသံဃာဒိသိသ်သင့်သော ရဟန်းကို၊ အာပတ်သင့်မှန်း သိကုန်သည်ရှိသော်၊ အခြားသော ရဟန်းတို့သည်၊ စောဒနာကုန်လတ္တံ့, နှိပ်စက်ကုန်အံ့, စသည်ကိုအောက်မေ့ဆင်ခြင်၍၊ ငါသည်ဤရဟန်း၏အာပတ်ကို၊ မည်သူ့အားမျှ မပြောကြားတော့အံ့ဟု စိတ်နှလုံးပိုက်ကာ၊ ဝန်ချကာမျှ ဖုံးလွှမ်းသည်မည်သောကြောင့် ပါစိတ်အာပတ်သင့်၏၊ ။ပဉ္စလိုု။

ပညှင်တော်မူရခြင်း အကြောင်းရင်းဝတ္ထု၊

ဤသိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည်မှန်၊ ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းမွေ သျှင်၊ စံပျော်တော်မူစဉ်၊ အာရှင်ဥပနန်သည်၊ သက္ကဝိသယ္မှ သံဃာဒိသိသ်အာပတ်သင့်၍၊ အစ်ကို၏သမီး၌ဟာရိကတပည့်ဖြစ်သော ရဟန်းတပါးအား၊ ငါ့ရှင်-ငါသည် သက္ကဝိသယ္မှ သံဃာဒိသိသ် အာပတ်သင့်၏။ မည်သူ့ကိုမျှ မပြောပါလင့်ဟု နှုတ်ပိတ်ကာပြောဆို၏၊ တနေ့သမှ် ရဟန်းတပါးသည်၊ထို အစ်တူ သက္ကဝိသယ္မှ သံဃာဒိသိသ် အာပတ်သင့်သဖြင့်၊ သံဃာအားပရိဝါသ်တောင်း၍၊ သံဃာတော်ကပရိဝါသ်ပေးသည်ကို တွေ့မှ်သောအခါ၊ ငါ့ရှင်- အကြင်ရဟန်းတပါးသည်၊ ဤအာပတ်သင့်လျှင်ဤကဲ့သို့ပြုထိုက်ပါသလောဟု မေးမြန်းရာ၊ ငါ့ရှင်-ဤကဲ့သို့ပင်ပြုထိုက်၏ဟု ပြောကြားသောအခါ၊ ငါ့ရှင်တို့-အာရှင်ဥပနန်သည်၊ ဤသက္ကဝိသယ္မှ သံဃာဒိသိသ်အာပတ်သင့်လျက်၊ မည်သူ့ကိုမျှ မပြောချနဲ ငါ့အား ဖုံးကွယ်စေ၏ဟု ပြောကြားရာ၊ ရဟန်းတို့ကဲ့ရဲ့ခြင်းတည်းဟူသော အကြောင်းကြောင့် ပညတ်တော်မူသည်။

စောဒက....၁-ပဉ္စင်း၏ ဒုဋ္ဌုလ္လအာပတ်ကိုသိခြင်း။ ၂-ဖုံးလွှမ်းလိုသဖြင့် မကြားအံ့ဟု ဝန်ချခြင်း။ ဤနှစ်ပါးပြည့်စုံမှ အာပတ်သင့်၏။

ဒုဋ္ဌုလ္လသိက္ခာပုဒ်-အာဘွင့်ပြီး၏။

၆၅-ဥုနဝိသတိဝတ္ထုသသိက္ခာပုဒ် အာဘွင့်။

၁၁၄-၆၅။ ။ယော ပန ဘိက္ခု ဇာနံ ဥုနဝိသတိ ဝတ္ထုံ ပုဋ္ဌံ ဥပသမ္မါဒေယျ။သော စ ပုဋ္ဌော အနုပသမ္ပန္နော၊ ဘေဒစ ဘိက္ခု။ ဂရုယာ၊ ဣဒံ တာဿ ပါစိတ္တိယံ။ ။

အကြောင်ရဟန်းသည်။ သိလျက်ပင့်သွေးမှစ၍၊ အသက်နှစ်ဆယ်မပြည့်သော ပုဂ္ဂိုလ်ကို၊ ဥပဇ္ဈာယ်ပြု၍ ပဗ္ဗင်းခံငြားအံ့။ ထိုပဗ္ဗင်းခံသော ပုဂ္ဂိုလ်သည်ထည်း၊ပဗ္ဗင်းမဖြစ်။ ထိုပဗ္ဗင်းခံပေးကုန်သော ကာရကရဟန်းတို့သည်လည်း၊ ဒုက္ကဋ် အာပတ်သင့်ကုန်၏။ ဥပဇ္ဈာယ်ဆရောကား ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကားပိဏ္ဍတ္ထ။

အဝယဝတ္ထု-အဒီပ္ပါယ်။

ဥုနဝိသတိဝဿံ ...ဟူသောပဒ်ကို။ ။ဥုနဝိသတိစသံ အာသာဘိဥုနဝိသတိဝဿော။ ။ဟုပြု။ဤအလို၊ဥုနဝိသတိဝဿံ၊ယုတ်သော။ ဝါ၊ မပြည့်သော အသက်နှစ်ဆယ်ရှိသော-ဟု ဗဟုဗ္ဗိသံပေါဓနအောင်ပေး။ ။ သို့သော်-ဆရာတော် ဦးဇဂဓကား ဘာဝတ္ထုကို မြော်၍၌၊ အသက်နှစ်ဆယ် မပြည့်သော-ဟုပေးတော်မူသည်။ ပဒိုဿန္ဓေတည်နေသည်မှစ၍၊ အသက်နှစ်ဆယ်မပြည့်သော သူသည်-ဥုနဝိသဘိဝဿမည်၏။ ။ထိုသို့ အနှစ်နှယ်ဆယ် မပြည့်သေးသော ပဋိသန္ဓေလောင်းကို၊ ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍၊ ပဗ္ဗင်းခံသောရဟန်းအား သပိတ်သင်္ကန်းကို၊ ရှာမှီးခြင်းစသည်တို့ကြောင့် ဒုက္ကဋ်အာပတ်သင့်၏။ ဥ တ်အာဆုံးခွဲ ဒုက္ကဋ်အာပတ်သင့်၏၊ ကမ္မဝါစာ-နှစ်ချက်၏ အာဆုံးခွဲလည်း၊ ဒုက္ကဋ်အာပတ်သင့်၏။ အလုံးစုံသော ကမ္မဝါစာ၏ အာဆုံးခွဲ၊ ပါစိတ်အာပတ်သင့်၏။ ဂိုဏ်း,သံဃာ,ကမ္မဝါစာ ဆရာများအား ဒုက္ကဋ်အာပတ်သင့်၏။ ။ဟူလို။

ဝိသတိဝဿ ယူပုံစာဒီပ္ပါယ်။

အကြောင်သူသည်၊တဆဲ့နှစ်လပတ်လုံးပဋိသန္ဓေတည်နေ၍၊သိဘင်းကျတ်လပြည့်မဟာပဝါရဏာနေ့၌ မွေးဘွားး၏။ ထိုသူကို ဘွားသောနေ့မှစ၍၊ အကြောင်အာခါ၊ တဆဲ့ကိုးနှစ်ပြည့်၏။ ထိုပြည့်သော သိတင်းကျတ်လပြည့်

ကျော်တရက်နေ့၌ပင်၊ ပဋ္ဌင်းခံအပ်၏။ ။ဆယ်လ,ခုနစ်လ, ပဋိသန္ဓေနေသူတို့၌၌လည်း၌ါနည်းအရ၊ အတိုးအယုတ်ကိုသိလေ။ ။၌ါကား-အဋ္ဌကထာဆရာမြတ်၏ယူပုံတည်း။

ရှေးမထေရ်ကြီးတို့ကား- ၌ါဆိုအပ်ပြီးသော လ၌၊ မွေးဘွားသောသာမဏေကို၊ တဆယ်ကိုးနှစ်မပြည့်မီဝါဓေါင်းလပြည့်ကျော် ၁-ရက်နေ့၌၊ ပဋ္ဌင်းခံကုန်၏။ ဒုးကြောင်းကား-တနှစ်အတွင်း၌၊ ရက်မစုံ-စာတန္ဒဿိခြောက်ဥပုသ်ဖြစ်သဖြင့်အနှစ်နှစ်ဆယ်တွင်၊ လေးလယုတ်ကုန်၏။ ။သုံးနှစ်တကြိမ်ဝါထပ်ပြုနိုသဖြင့်၊တဆယ်ရှစ်နှစ်တို့၌ ခြောက်လတိုးကုန်၏။တိုးသော ခြောက်လ၌၊ယုတ်သောလေးလနှင့်သော် နှစ်လကြွင်း၏။ထိုကြောင့် ပဋိသန္ဓေတည်နေသော-လကား၊ တဆယ်နှစ်လ, ပိုသော-လကား၊ ၂-လ, ပေါင်း-တဆဲ့လေးလ-ဖြစ်နေသဖြင့်၊ တဆဲ့ကိုးနှစ်- ပြည့်သောအခါ၊ အနှစ်နှစ်ဆယ်တွင်၊ နှစ်လပိုလွန်နေသောကြောင့်၊ သိတင်းကျွတ်လပြည့်မှ နှစ်လဆုတ်၍၊ ဝါခေါင်လပြည့်ကျော် တရက်နေ့၌၊ ပဋ္ဌင်းခံတော်မူကြကုန်သတတ်၊၌ါကား-ပေါရာဏမဟာထေရဝါဒတော်တည်း။

ပညာ်တော်မှာရခြင်းအကြောင်းရင်းဝတ္ထု။

၌ါသိက္ခာပုဒ်တော်ကို၊ သုံးလူ့ထွဋ်တင်၊ဘုရားရှင်သည်၊ရာဇဂြိုဟ်ပြည်မှန်၊ ဝေဠုဝန်ရွေကျောင်း၌၊ ကိန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊ ဥပါလိ၏မိခင်-ဘခင်တို့သည်၊ သားငယ်ဥပါလို၏ ငါတို့မရှိသည်နောက်၊ ချမ်းသာစွာ နေထိုင်နိုင်ရန် အလုပ်အမျိုးမျိုး၌ ဝွေးတောကြံဆကြဲလုက်၊ သား၏ချမ်းသာစွာအသက်မွေးနေရန်အကြောင်းမမြင်မူ၍၊ သာသနာတော်၌သာ သား၏ချမ်းသာစွာနေထိုင်နိုင်မှုကို ဝွေ့မြင်၏ဟု ပြောဆိုတိုင်ပင်သောအသံကို သားငယ်ဥပါလိကြား၍၊ မိမိအဘော်ဖြစ်ကုန်သော သူငယ်များ အထံသို့သွား၍၊ မိတ်ဆွေတို့-ငါတို့သည်၊ သာသနာတော်သို့ ဝင်၍ရဟန်းပြုကုန်အံ့ဟု ပြောဆိုသောအခါ၊ ထိုသူငယ်တို့သည်လည်း- တူမျှသော သဘောင့်ကြသဖြင့်၊ မိမိတို့၏မိဘဘိုးထံသို့ချဉ်းကပ်ကြကာ၊ သာသနာတော်သို့ဝင်ရန် အခွင့်တောင်းကြရာ၊ ဝမ်းမြောက်ဝမ်းသာမိဘတို့ကလည်း ခွင့်ပေးကြသဖြင့် ဥပါလိအမှူးရှိသောသူငယ် ၁၇-ယောက်တို့သည်၊သာသနာတော်သို့ဝင်၍ရဟန်းပြုကြကုန်၏။ ထိုရဟန်းငယ်တို့သည်

ဓိုးထောက်လင်းသော်၊ ငိယိုကြွရွံယာဂုပေးလော့, ထမင်းပေးလော့, စသည်ဖြင့်တောင်းကြကုန်၏။ ထိုအသံကိုဖြတ်စွာဘုရားကြားတော်မူသဖြင့်အာနန္ဒာအား မေးမြန်းသောအခါ၊ အကြောင်းစုံသိရှိတော်မူသောကြောင့် ပညတ်တော်မူသည်၊

အင်္ဂါ....၁-အသက်နှစ်ဆယ်မပြည့်ခြင်း၊ ၂-မပြည့်ဟုအမှတ်ရှိခြင်း၊ ၃-ပျင်းခံခြင်း။ ဤအင်္ဂါသုံးပါးပြည့်စုံမှအာပတ်သင့်၏။

ဥုနဝီသတိဝဿသိက္ခာပုဒ်-အဘွင့်ပြီး၏။

၆၆-ထေယျသဉ္ဇသိက္ခာပုဒ်-အဘွင့်။

၁၁၅-၆၆။ ။ယော ပန ဘိက္ခု၊ ဇာနံ ထေယျသံဃေန သမ္မိ၊ သံဝိဓာယ ဃ ကေဒ္ဓါနုမဂ္ဂံ ပဋိပဇ္ဇေယျ အန္တမသော ဂါမန္တရမ္ပိ ပါဒံ ဒဒ္ဓလ္လိယံ။ ။

အကြောင်းရဟန်းသည်၊ သိသျက်ကင်းကို ရှောင်လွဲသိုသော ခိုးသူ ကုန်သည်နှင့်အတူတကွ၊ တိုင်ပင်ညီညွတ်၍၊ တကြောင်းထည်းသော အဝွန့်ရှည်သောခရီးသို့သွားငြားအံ့။ ယုတ်သောအဂိုင်းအခြားဖြင့် ရွာတပါး သို့လည်းသွားငြားအံ့၊ ထိုရဟန်းအားပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ၊

အဝယဝဇ္ဇ-အဓိပ္ပါယ်။

ထေယျသဉ္ဇေနံ....ဟူသော ဒုဒ်၌၊ထေယျ သဒ္ဒါကား၊ အာဘောဓန်အလိုထေန-သဒ္ဒါသာလျှင် ခိုးသူဟူသော အနက်ကို ဟော၏။ ထေယျ-သဒ္ဒါသည်၊ ။ထေနသ ကမ္မံ-ထေယျံ၊ ။ဝိဂြိုဟ်အဋ္ဌ၊ ခိုးမှု-ဟူသော အနက်ကိုသာဟော၏။ဤ၌မူ ထေယျ-သဒ္ဒါသည်၊ ခိုးမှုအနက်ကိုမဟော၊ ခိုးသူဟူသောအနက်ဟောဟုမှတ်။ ယူသင့်သလိုဖြစ်၏။ ။ဒုဋ္ဌကထာ, ဋီကာဒျားဒ္ဒါလည်း၊စောရ ဟုသာဘွင့်ထားလျက်ရှိ၏။

နောမတိကား၊ထေယျံ အာသဉ္စိဘိ ထေယျာ၊ ။ထေယျာစ သော သတ္ထာစာတိတထာ၊ ။ဟုပြု။ ထေယျ၏အဓိပ္ပာယ်၊ သူဌိုးပင်ဖြစ်သော်လည်း ခိုးမှုကိုမပြုလိုသော အိမ်ဒ္ဒါနေသောသူဌို,ကို မယူ၊ ခိုးမှုအလုပ်လုပ်လျက်ရှိသော သူဌိုးကိုသာ-ယူ။ ။ထိုကြောင့် ထေယျသတ္ထေန၊ ကင်းခွန်ကုန်ဦး

လိုသော၊ ဝါ၊ခိုးရန်ရှောင်လွဲသောကုန်သည်နှင့်-ဟုပေး။ ။အဓိပ္ပါယ်ကား။ ။ ငါသည်ကင်းခွန်ကိုမပေးဘဲ ဘု နှုလုံးပိုက်၍၊ သွားသောခိုးမှုရှိသောသွည်း ကုန်သည်နှင့် အတူတကွတံငါပင်၍ သွားသောရဟန်းသည်၊ ထိုလွည်းကုန်သည်သည်- ခိုးဖြစ်သည် ဖြစ်စေ, မခိုးဖြစ်မူလည်းဖြစ်စေ, တိုင်ပင်ခြင်း ကြောင့်ဒုက္ကဋ်အာပတ်သင့်သည်။အာယုတ်အားဖြင့် ကြက်ပျံတကျအောင်တိုင်း အာရှည်ရှိသောရွာ၏ ဥပစာသို့ရောက်တိုင်း,ရောက်တိုင်း, ပါစိတ်အာပတ် သင့်၏။ရွာမရှိသောတောင်၌၊ ယူဇနာခွဲသို့ရောက်တိုင်း ပါစိတ်အာပတ်သင့် ၏။ ။ဟူလို။

ပညတ်ဓောဒ်မှ ရခြင်းအကြောင်းရင်းဝတ္ထု။။

ဤသိက္ခာပုဒ်တော်ကို၊သုံးလုံ့ထွဋ်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည် ဖွန်၊ ဇေတဝန်ကျောင်း၌၊ ကိန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊ ရဟန်းတပါးသည်ရာဇဂြိုဟ်မြို့မှ၊အနောက်အရပ်သို့ကင်းခွန်ကိုမပေးရရန်၊ ရှောင်လွဲသွားလိုသော ခိုးသူကုန်သည်နှင့် အတူတကွတိုင်ပင်၍သွားသော အခါ၊ မင်းဖို့ကင်းစောင့်တို့သည်၊ ဤအကြောင်းကို သိနှင့်ကြ၍၊ အစောင့် အရှောက်ကိုထားကုန်လျက်၊ခိုးသူကုန်သည်ကိုဘမ်းကြကုန်၏။ ရဟန်းကို လည်း၊ အရှင်ဘုရား-အရှင်သည် ဤခိုးသူကုန်သည်တို့နှင့်သိလျက် အတူ တကွလာတိသနည်းဟူ ပြောဆိုကာ၊ နှောင့်ရှက်ကြခြင်း တည်းဟူသော အကြောင်းကြောင့်ပညတ်တော်မူသည်။

အဓိဂ္ဂါ ၁-ခိုးသူလွှဲသည်းကုန်သည်၏အဖြစ်၊ ၂-ခိုးသူဟုသိခြင်း၊၃-တိုင် ပင်ညှိညွှတ်ခြင်း၊ ၄-အချိန်းအချက်-မချွတ်မယွင်းသွားခြင်း။ ဤအင်္ဂါငါးလေး ပါးပြည့်စုံမှအာပတ်သင့်၏။

ထေယျသတ္ထဆိုက္ခာပုဒ်-အာဘွင့်ပြီး၏။

၆၇-သံဝိဓာနသိက္ခာပုဒ်-အာဘွင့်။

၁၁၆-၆၇။ ။ယော ပန ဘိက္ခု မာတုဂါမေနသဒ္ဓိံ သံဝိဓာယ ဧကဒ္ဓိ နုမဂ္ဂံ ပဋိ ပဇ္ဇေယျ အန္တမသော ဂါမန္တရမ္ပိ ပါစိတ္တိယံ။ ။

ဒုကြောင်ရဟန်းသည်၊ မာတုဂါမနှင့် ဒုတိယတကွတိုင်ပင် ညှိညွှတ်၍၊ တကြောင်ထားသည်းသောဒုဝွန်ရှည်သော ခရီးသို့သွားငြားအံ့။ ယုတ်သော

အာပိုင်းအခြားအားဖြင့်၊ ရွာတပါးသို့လည်း သွားခြင်းခဲ့။ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူလို၊

ဤကား-ပဏ္ဏတ္တိ။

ပညတ်တော်မူရခြင်း အကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊ သုံးသူ့ဆွမ်းတင်၊ ဘုရားရှင်သည်၊ သာဝတ္ထိပြည်မှန်၊ ဇေတဝန်ရွှေကျောင်းခွ၊ ကိန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊ ရဟန်းတပါးသည် ကောသလဇနပုဒ်တို့မှ၊ သာဝတ္ထိပြည်သို့ ကြွသွားရာ၊ လမ်းခရီးအကြား တခုသောရွာမှ၊ ပိန်းမတယောက်သည်၊ လင်ယောကျ်ားနှင့်ခိုက်ရန်ဖြစ်၍၊ ထွက်လာသောအခါ၊ ၎င်းရဟန်းတော်ကိုတွေ့၍၊ အရှင်ဘုရား-အဘယ်သို့ ကြွပါအံ့နည်းဟု လျှောက်ထားရာ၊ သာဝတ္ထိပြည်သို့ သွားအံ့ဟုမိန့်ဆိုသဖြင့် တပည့်တော်မလည်း အရှင်နှင့်အတူပင်လိုက်ပါအံ့ ဆိုရှိလိုက်လာရာ၊ လင်ယောကျ်ားလိုက်လာ၍၊ ထိုရဟန်းအား ထောင်းထုညှဉ်းဆဲခြင်းတည်းဟူသော အကြောင်းကြောင့် ပညတ်တော်မူသည်။ ။ (ကြွင်းသောစကားရပ်ကို ဘိက္ခုနီသံဝိဓေယသိက္ခာပုဒ်အတိုင်းသိ)။ သံဝိဓေယသိက္ခာပုဒ် အဘွင့်ပြီး၏။

၆၈-အာရိဋ္ဌသိက္ခာပုဒ် -အဘွင့်။

၁၁၇-၆၈။ ။ယော ပန ဘိက္ခု ဧဝံ ဝဒေယျ-တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ။ပ။နော စေ ပဋိနိဿဇ္ဇေယျ။ ပါစိတ္တိယံ။ ။

အကြင်ရဟန်းသည်၊ အကြင်သို့သောအပြားအားဖြင့်၊ နတ်ရွာ,နိဗ္ဗာန်, ဈာန်, မဂ်, ဖိုလ်-၏ အန္တရာယ်ကို ပြုတတ်ကုန်သော အကြင်မေထုန်ဓိဝဓမ္မတရားတို့ကို၊ နတ်ရွာ,နိဗ္ဗာန်,ဈာန်,မဂ်,ဖိုလ် ၏ အန္တရာယ်ကို ပြုတတ်ကုန်၏ဟူ၍၊ မြတ်စွာဘုရားသည်၊ ဟောတော်မူအပ်ကုန်၏။ ထိုမေထုန်ဓိဝဓမ္မတရားတို့သည်၊ဓိဝဓသောရဟန်းအား၊ နတ်ရွာ,နိဗ္ဗာန်,ဈာန်,မဂ်,ဖိုလ်၏အန္တရာယ်ပြုခြင်းငှါ မစွမ်းနိုင်ကုန်။ထိုသို့သောအပြားဖြင့်၊ မြတ်စွာဘုရားသည်၊ ဟောတော်မူအပ်သောတရားကို၊ ငါသည်သိ၏ဟု ဆိုခြင်းခဲ့။ထိုရဟန်းကို

မြင်ကုန်,ကြားကုန်သောရဟန်းတို့သည်-ငါ့ရှင်သည် ဤသို့မဆိုလင့်၊ မြတ်စွာဘုရားကိုမစွပ်စွဲလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်း။ မြတ်စွာဘုရားသည် ဤသို့ဟောတော်မမူချေ။ ငါ့ရှင်-မြတ်စွာဘုရားသည်၊ များစွာသောအကြောင်းဖြင့်၊ နတ်ရွာနိဗ္ဗာန်ဆည်တို့၏၊ အာနန္ဒာရယ်ကိုပြု တတ်ကုန်သော မေထုန်ဓိဝဲမှုတရားတို့ကို၊ နတ်ရွာ,နိဗ္ဗာန်စသည်တို့၏အာနန္ဒာရယ်ကိုပြုတတ်ကုန်၏ပုဒ်သာ ဟောတော်မူအပ်ကုန်၏။ ထိုမေထုန်ဓိဝဲမှုတရားတို့သည်၊ ဓိဝဲသောရဟန်အား၊ နတ်ရွာ,နိဗ္ဗာန် စသည်တို့၏ အာနန္ဒာရယ်ကိုပြုခြင်းငှါ၊ ဌမ်းနိုင်ကုန်သည်သာတည်း ဟုဆိုအပ်၏။ ဤသို့လျှင် မြင်ကုန်, ကြားကုန်သောရဟန်းတို့သည် ပြောဆိုအပ်သည်ရှိသော်၊ ထိုရဟန်းသည်ဌင်း အယူကိုထိုအတူသာလျှင်မြဲမြံစွာ ယူငြားအံ့၊ ထိုရဟန်းကို မြင်ကုန်, ကြားကုန်သောရဟန်းတို့သည်၊ ထိုအယူကိုစွန့်ခြင်းငှါ သုံးကြိမ်တိုင်အောင်ဥ တ်ကမ္မဝါစာဖြင့် ဆိုဆုံးမအပ်၏။ သုံးကြိမ်တိုင်အောင်ဥ တ်ကမ္မဝါစာဖြင့် ဆိုဆုံးမအပ်သည်ရှိသော်၊ ထိုအယူကိုအကယ်၍စွန့်ငြားအံ့။ ဤသို့စွန့်ပါမူကောင်းမြတ်ပါ၏။ အာပတ်မသင့်ပေ။ အကယ်၍မစွန့်ငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကား-ဝိဘင်္ဂဋ္ဌ။

အဝယဝဋ္ဌ-အဓိပ္ပါယ်။

အန္တရာယိကာ... ဟူသောပုဒ်ကို။ ။အန္တရေ ဝေမရွှေ့တို့ အာဂစ္ဆတိတိ အန္တရာယော၊ ။ဒိဋ္ဌမ္မိစသော အာနုဏ္ဍတရားရှိ၏။ ။အန္တရာယံ ကရောန္တိတိ အန္တရာယိကာ။ ။အန္တရာယေ နိယုတ္တာ အန္တရာယိကာ။ ။အန္တရာယံ ဖသံ အရဟန္တိ အန္တရာယိကာ။ ။ဟုပြီ။ ။အန္တရာယိကဝါးပါးရှိ၏။ ။အဓိပ္ပါယ်ကား....

သံကိလေသ၊ ဝိပါကနှင့်၊ ဥပဝါဒါ၊ အာဏာတိက္ကမ၊ ပဋ္ဌ
အန္တရာယ်၊သက်မောက်ကွယ်၊ကျမ်းဝယ်သည်တိုင်းငြား၊ ။

ဟူသောလင်္ကာအာရ။ ။အာနန္တရိယ ကံငါးပါးသည်-ကမ္မန္တရာယ်မည်၏။နိယတမိစ္ဆာဒိဋ္ဌိသည်- ကိလေသန္တရာယ်မည်၏။ ။အဟိတ်, ဒုဟိတ်ပဋိသန္ဓေသည်-ဝိပါကန္တရာယ်မည်၏။ ။အာရိယာတို့အား စွပ်စွဲခြင်းသည်၊

ဥပဝါဒန္တိုရာယ်မည်၏။ စေတနာဂို့သည် ဖြစ်၍ ပညဉ်တော် မူအာပ်သော သိက္ခာပုဒ်တော်ကို ကျူးလွန်ခြင်းသည် အာဏာဝိတ်ကျွမန္တိုရာယ်မည်၏-ဟူမှတ်။

၍သို့မှားသော အယူဂို့သော ရဟန်းကို မြင်ကုန်, ကြားကုန်သော ရဟန်းတို့သည်၊ အပြေါသက္ကာ-မနေအာပ်။ ၎င်းအယူကိုပယ်ပျောက်ဆုံးမ အာပ်၏။ထိုကြောင့်ပယ်ပျောက်ဆုံးမပုံကို။ ။"မာယာသွာ။ပ။အာလစ္ဆပနုတော ပန္နိသေဝတောအန္တိုရာယာယ"ဟူသောပါဠိဖြင့်ပြ၏၊ ။ဤပါဠိအပေါင်း တို့တွင်၊ **အနုကာပရိယာဒယေန**....ဟူသောပါဠိအာ၌။ ။"အပ္ပသာဒါ ကာမာ၊ အဋ္ဌိကင်္ကလူပမာကာမာ၊ မံသပေသူပမာကာမာ၊ တိဏ္ဏုက္ကုပမာကာမာ"။ ။စသောများစွာသောကာမဂုဏ်၏ အပြစ်ပြတရားတော်တို့ကိုယူ။

ဤသို့သောနည်းဖြင့်နှစ်ကြိမ်သုံးကြိမ်တိုင်အောင်ဆုံးမအာပ်၏။အကယ်၍ စွန့်မူ၊ အပြစ်မရှိ။ မစွန့်ဘဲ၊ ဒုက္ကဋ်အာပတ်သင့်၏၊ ထို မှားသောအယူရှိသော ရဟန်းကိုသံဃာ၏အထပင်သို့ဆောင်၍၊ ရှေးနည်းအတိုင်း နှစ်ကြိမ်, သုံးကြိမ်တိုင်အောင် ဆုံးမအာပ်၏၊ စွန့်လျှင် အပြစ်မရှိ။ မစွန့်လျှင်-ဒုက္ကဋ် အာပတ်သင့်၏။ ။ထိုသို့ မစွန့်သည်ရှိသော်၊ ပါဋိတော်လာ၊ ဥုတ်ကမ္မ ဝါစာဖြင့်ဆုံးမအာပ်၏။ ဥုတ်အဆုံး၌ ဒုက္ကဋ်အာပတ်သင့်၏၊ ကမ္မဝါစာ နှစ်ချက်တို့ဖြင့် ဒုက္ကဋ်နှစ်ချက်သင့်၏။ ကမ္မဝါစာ၏အဆုံး၌ ပါဝိတ်အာပတ် သင့်၏။ ။ဟူလို။

ပညဉ်တော်မူရခြင်းအကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလျှ.ထွင့်တင်၊ ဘုရားရှင်သည်၊ သာဝတ္ထိ ပြည်မှန်၊ ဇေဘဝနိဿ္ရေကျောင်း၌၊ ကိန်းအောင်းမွေ.လျော်၊ စံပျော်တော် မူစဉ်။ အရိဋ္ဌမေည်ရှိသောရဟန်းသည်၊ များသောအကြားအမြင်ရှိသော ဓမ္မကထိကတပါးဖြစ်၏။ သို့သော်- သေးပါးသော အန္တိုရာယ်အဓိပ္ပါယ် သဘောကိုသာသိ၍၊ ဝိနည်း၌ မလိမ္မာသောကြောင့်၊ ပညဉ်တော်ကိုလွန် ကျူးသော-ဝိတိုက္ကမန္တိုရာယ်ကိုကား မသိပေ။ ထိုကြောင့် ဆိတ်ငြိမ်ရာ၌ နေလျက်၊ ဤသို့အကြံဖြစ်၏၊ လူတို့လည်းငါးပါးသော ကာမဂုဏ်ကိုခံစား ကုန်လျက်၊ သောတာပန်,သကဒါဂါမ်,အနာဂါမ်တို့သည်ဖြစ်ကုန်၏။ ရဟန်း တို့သည်လည်း နှစ်လိုဖွယ်ရှိကုန်သော မျက်စိဖြင့်ဖြင်အပ်ကုန်သော ရုပါဂုံ

တို့ကို ကြည့်ရှုဆောယာကုန်၏ ပ။နွေးညံ့ကုန်သော ခင်းနှီကော်ဖောစသော ဖေါဋ္ဌဗ္ဗဒေးတွေတို့ကို တွေ့ထိသုံးဆောင်ကုန်၏။ ဤအလုံးစုံတို့သည် အပ်လည်းအပ်ကုန်၏။အာဘယ်ကြောင့်မိန်းမတို့၏ အဆင်း,အသံ,အနံ,,အရသာ, အတွေ့တို့သည်။ မအပ်ဘဲရှိကုန်သနည်းဟူသော ရှုနှုရင်းကြမ်းထန်းသော လျှော်မျှင်ဖြင့်၊ အလွန်သိန်မွေ့သောပိုးချည်မျှင်ကို စပ်ဘိသကဲ့သို့ရင်း၊ မုန်ညင်းစေ့နှင့် မြင့်မိုရ်တောင်ကို၊ နှိုင်းယှဉ်တုဘက်သကဲ့သို့ရင်း၊ ယုတ်မာသော ဒိဋ္ဌိအယူသည်ဖြစ်ပေါ်၍လာလျက်၊ မြတ်စွာဘုရားသည် အာဘယ့်ကြောင့် ဖေါဋ္ဌဗ္ဗာရုံချင်းတူပါလျက်၊ မိန်းမတို့၏ ဖေါဋ္ဌဗ္ဗာရုံကိုသာ၊ မဟာသမုဒ္ဒရာကြီးကို၊ နှောင်ဘွဲ့ဆီးတားထားဘိသကဲ့သို့၊ ကြီးစွာသော လုံ့လဖြင့်၊ ပထမပါရာဇိကကို ပညတ်တော်မူဘိသနည်း။ စင်စစ်သော်ကား-မေထုန်ဓိဝဲခြင်းသည် အပြစ်မရှိသင့်ဟု- မြတ်စွာဘုရား၏ သဘောတည်ကြက်တော်နှင့် ဆန့်ကျင်ဘက်ပြုလျက်၊ မင်ဖိုလ်ခွဲဗျာန်ရကြောင်းမှန်သော သူတော်စင် ဘဗ္ဗပုဂ္ဂိုလ်တို့၏ဖြတ်သော အလိုဆန္ဒကိုဖျက်ဆီးလျက်။မြတ်စွာဘုရား၏ အာဏာစက်၌ ပုတ်ခတ်ခြင်းကင်းပြုခြင်းတည်းဟူသော အကြောင်းကြောင့် ပညတ်တော်မူသည်။

အင်္ဂါ.....၁-မွေကံ၏အဖြစ်၊ ၂-ဆုံးမခြင်း၊ ၃-မစွန့်ခြင်း။ ဤအင်္ဂါသုံးပါးပြည့်စုံမှ ဒုဗ္ဗပတ်သင့်၏။

အာရိဋ္ဌသိက္ခာပုဒ်အဘွင့်ပြီး၏။

၆၉-ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်အဘွင့်။

ဘဘဂ-၆၉။ ။ယော ပန ဘိက္ခု ဇာနံ တထာဝါဒိနမာ ဘိက္ခုနံ အကာရဏာနံဓမ္မနာ။ပ။ပါစိတ္တိယံ။ ။

အကြောင်ရဟန်းသည် ဥက္ခိတ္တကရဟန်းဖြစ်မှန်ကိုသိလျက်၊ ထိုသို့မိန္ဆာအယူရှိသော မပြုအပ်သော သြသာရဏာကံဟုဆိုအပ်သော တရားရှိသော ထိုမိန္ဆာအယူကို၊ မစွန့်သောရဟန်းနှင့်အတူတကွ အာမိသသမ္ဘောဂ,ဓမ္မသမ္ဘောဂကိုပြုခြင်းစသို့၊ ကံကြီးကံငယ်ဟူသော သံဝါသကိုမူလည်းပြုခြင်း

ဗ့ံ။ တမိုးတရံတည်းသောကျောင်းဌ်။ အိပ်ခြင်းကိုမူလည်း ပြုခြားဗ့ံ။ ထို ရဟန်းဒးား ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ဤကား-ပိဏ္ဍာတ္ထ။

အဝယဝတ္ထု-အခိပ္ပါယ်။

တဿဝါဒိနော .. ဟူသော ပုဒ်၌၊ တထာ-သဒ္ဒါကား၊ တံသဒ္ဒါအနက် ရှိ၏။ ။သောသောဝါဒေါတဿတံ့ တထာဝါဒိ၊တံ့တံ့ဝါ ဝဒတိ သိလေ နာတိတထာဝါဒိ၊ တေန။ ။ဟူပြု။ဤအလို-တထာဝါဒိနာ၊ ထိုဆိုအပ်ပြီး သောမိန့်ဆိုအယူရှိသော။ ဝါ၊ ထိုမိန့်ဆိုအယူကို ပြောဆိုလေ့ရှိသေးသော။ ဟူပေး။

အကဉ္စာနုဇမ္ပေန....ဟူသောပါဠိ၌၊ အနုဇမ္ပ-ဖြစ်အရကို၊ သြသာရဏာ ကံကိုယူ။ ။အာကရိယတောတိ အာကဒ္ဒေါ။ ။အာကဒ္ဒေါ အနုဇမ္ပော ဇေတဿာတိ တထာ။ ။ဟူပြု။ ။အဓိပ္ပါယ်ကား။ ။ဗိဒွမှားသော အာယူကိုလည်းမစွန့်။ **သံဃာတော်သည်လည်း**၊ သြသာရဏာကံကိုမပြုအပ် သေးသော ထိုဥက္ခိတ္တာကရဟန်းနှင့်သိလျက် **သန္ထောဂ**,သံဝါသ, နှစ်ပါးမပြု အပ်။ ပြု**သော**ရဟန်းဒးား-ပါစိတ်အာပတ်သင့်၏။ ။ဟူလို။

ပညပ်တော်မူရခြင်းအကြောင်းရင်းဝတ္ထု။

ဤသိက္ခာပုဒ်တော်ကို၊ သုံးလုံ့ထွင့်တင်၊ဘုရားရှင်သည်၊ သာဝတ္ထိပြည် မှန်၊ ဇေဘဝန်ကျောင်းဌ်၊ ကိန်းအောင်းမွေ့လျော်၊ စံပျော်တော်မူစဉ်၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည်။ အရိဋ္ဌမည်သော ဥက္ခိတ္တာကရဟန်းနှင့် သန္ထောဂ, သံဝါသပြုခြင်းတည်းဟူသော အကြောင်းကြောင့် ပညပ်တော်မူသည်။

ဓာန်ဂါ....၁-မသွင်းခြင်း၊ ၂-သိခြင်း၊ ၃-သန္ထောဂ စသည်ကို ပြုခြင်း။ ဤအာဂါသုံးပါးပြည့်စုံမှ အာပတ်သင့်၏။

ဥက္ခိတ္တသန္ထောဂသိက္ခာပုဒ်အာဘွင့်ပြီးပြီ။

၇၀-ကဏ္ဍကသိက္ခာပုဒ်-အာဇွင့်။

၁၁၉-၇၀။ ။သမဏော်ဒ္ဓေသော ဝိ ဧစ ဇဝံ ဝဒေယျ-တာဃာဟံ ဘဂဝ တော ဗ္ဓေံ ဒေသိတံ အာဇာနာမိ။ပ။ သဟဝါ သေယျံ ကပ္ပေယျ၊ ပါစိတ္တိယံ။

သဗ္ဗါဇကဝတ္ထုဟောတွေ။

